http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော် ၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
အဘိဓမ္မာစာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများနှင့် လေ့လာလိုသူများအတွက်

# ဓမ္မဗျူဟာ

## အဘိဓမ္မာ ( ရိုးရိုး ) သင်တန်း

## ဒုတိယဆင့် ( မှတ်စု )

[ ဝီထိပိုင်း ၊ ဝီထိမုတ်ပိုင်း ၊ ရုပ်ပိုင်း ]

ဓမ္မဗျူဟာ-ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)
သင်တန်းမှူး
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

# နိုင်ရာတာဝန်ယူကြစို့

ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်
လူတော်အများ၊ စိတ်ကောင်းထားလည်း
ဤကားကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုဘုံဘဝ၊ မသိရ၊ များလှအပြစ်တွေ။

ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍
ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်
ဤကားကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုဘုံဘဝ၊ သိကြရ၊ များလှကျေးဇူးပေ။

ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို
ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဖို့
အမြတ်ရတနာ၊ သာသနာ၏ နိုင်ရာဝန်ထမ်း၊
ကိုယ်စီစွမ်း ကြိုးပမ်းကြပါလေ။

( တောင်မြို့ ၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး )

http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော် ၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
အဘိဓမ္မာစာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများနှင့် လေ့လာလိုသူများအတွက်

# ဓမ္မဗျူဟာ

# အဘိဓမ္မာ (ရိုးရိုး) သင်တန်း

## ဒုတိယဆင့် (မှတ်စု)

[ ဝီထိပိုင်း ၊ ဝီထိမုတ်ပိုင်း ၊ ရုပ်ပိုင်း ]

ဓမ္မဗျူဟာ-ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)
သင်တန်းမှူး
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

http://www.dhammadownload.com

ဓမ္မဗျူဟာ သာသနမာမကအဖွဲ့

လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း

အဘိဓမ္မာ (ရိုးရိုး) ဒုတိယဆင့်

# ဝီထိပိုင်း မှတ်စု

http://www.dhammadownload.com

http://www.dhammadownload.com

# မာတိကာ

(က) ဝီထိပိုင်း

- ဝီထိစိတ်တစ်ခုတွင်ပါဝင်သော စိတ်အမျိုးအစား ၂-မျိုး ၁
- ဆဆက္က ၆-ပါး ၅
- ပဥ္စဒွါရဝီထိအတွက် ဝိသယပဝတ္တိ ၄-မျိုး ၇
- ဝီထိစိတ်သရုပ်ကို ရေတွက်ခြင်း ၁၁
- မနောဒွါရဝီထိ ၁၃
- ကာမဇောဝါရ ၁၄
- တဒါရုံဖြစ်ကြောင်းအင်္ဂါ ၃-ပါး ၁၆
- ဇောနောင်တဒါရုံဖြစ်ပုံ ၁၉
- အပ္ပနာဇောဝါရ ၂၃
- ဥပစာရသမာဓိဇောများ ၂၅
- ဇဝန နိယာမ ၃၁
- ကာမတိဟိတ် ဇောနောင် အပ္ပနာဇောနှောင်းပုံ ၃၃
- ပုဂ္ဂလဘေဒ ၃၇
- ဘုံပုဂ္ဂိုလ်ရ ၃၉
- ပုဂ္ဂိုလ်စိတ်ရ ၄၃
- ဘူမိဝိဘာဂ ၅၄

(ခ) ဝီထိမုတ်ပိုင်း (ဘုံပိုင်း)

- ဘူမိစတုက္က ၆၀
- ဘုံဗိမာန် သီးခြားမရှိ ၆၅
- ပဋိသန္ဓိစတုက္က ၆၈
- နတ်ပြည် ၆-ထပ် နတ်တို့၏သက်တမ်း ၇၃

http://www.dhammadownload.com

- ကမ္မစတုက္က ၇၇
- အကုသလ ကမ္မပထတရား ၁၀-ပါး ၈၄
- ကုသလ ကမ္မပထတရား ၁၀-ပါး ၈၇
- ကာမကံတို့၏ အကျိုးပေးရာ ဘုံဌာနများ ၉၀
- မဟဂ္ဂုတ်ကံတို့၏ အကျိုးပေးရာ ဘုံဌာနများ ၉၅
- မရဏုပ္ပတ္တိစတုက္က ၉၇
- စုတေကာနီး စိတ်အစဉ်ဖြစ်ပုံ ၉၉
- ကာမပဋိသန္ဓေစိတ်၏အာရုံ ၁၀၂
- ရူပ အရူပ ပဋိသန္ဓေစိတ်၏အာရုံ ၁၀၃
- သီသ ၃-ဘုံ (ဘဝဂ် ၃-ပါး) ၁၀၈

(၈) ရုပ်ပိုင်း

- ရူပသမုဒ္ဒေသ ၁၁၁
- သဘာဝရုပ် စသည်အမည်ရခြင်း ၁၁၆
- ရူပဝိဘာဂ ၁၂၀
- ရူပသမုဋ္ဌာန ၁၂၄
- ရူပကလာပ ၁၂၇
- ရုပ်ကလာပ်တစ်ခု၏ အင်္ဂါ ၃-ပါး ၁၂၈
- ရူပပဝတ္တိက္ကမ ၁၃၂
- ကာမဘုံသား ပဋိသန္ဓေအခါ ရုပ်ကလာပ်ဖြစ်ပုံ ၁၃၅
- ရူပဘုံသား ပဋိသန္ဓေအခါ ရုပ်ကလာပ်ဖြစ်ပုံ ၁၃၇
- တစ်ဘဝ၌ ရုပ် ၄-မျိုးတို့၏ ဖြစ်စဉ်နှင့်ချုပ်စဉ် ၁၄၃
- နိဗ္ဗာန်မည်ပုံ ၁၄၅
- နိဗ္ဗာန်၏ဂုဏ်ပုဒ်များ ၁၄၇

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ၄။ ဝီထိပိုင်း (မှတ်စု)

ဝီထိ - (၁) အာရုံနှင့်ဒွါရ တိုက်ဆိုင်သောအခါ ဖြစ်ပေါ်လာသော စိတ်တို့၏ အစဉ်အတန်း၊

(၂) လူတို့၏ သွားရာ လမ်းခရီးသည် ရွာစဉ်ကိုမကျော်ဘဲ အစဉ်သွားဘိသကဲ့သို့ ထို့အတူ စိတ္တနိယာမ အတိုင်း ဖြစ်သော စိတ်တို့၏ အစဉ်သည်လည်း ဖြစ်သင့်သော စိတ်တစ်ခုနှင့် တစ်ခု မကျော်မူ၍ တစ်ခုပြီးတစ်ခု အစဉ်အတိုင်း ဖြစ်တတ်သောကြောင့် ဝီထိမည်၏၊

(၃) တစ်နည်းအားဖြင့် ထိုထိုဒွါရ၌ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း စသော အစဉ်အားဖြင့် စိတ်တို့၏ဖြစ်ခြင်းသည် ဝီထိမည်၏။

## ဝီထိတစ်ခုတွင် ပါဝင်သော စိတ်အမျိုးအစား ၂-မျိုး

သတ္တဝါတို့ သန္တာန်တွင် အာရုံနှင့်ဒွါရ မတိုက်ဆိုင်မိသောအခါဝယ် ရရှိထားသော ဘဝကို တည်တံ့အောင် စောင့်ရှောက်ထားသော မူလ ဘဝင်စိတ်အစဉ် (ဘဝင်အယဉ်) အမြဲ ဖြစ်နေသည်၊ ၎င်း မူလဘဝင်စိတ်သည် ဝီထိမုတ်စိတ်မျိုး ဖြစ်ရကား ၎င်းတို့ အာရုံပြုမြဲဖြစ်သော လွန်ခဲ့သည့် ဘဝဟောင်းမှ မရဏာသန္နဇောယူအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် ၁-ပါးပါးကိုသာ အာရုံပြုနေ၏။

ထိုဘဝင်များအကြားတွင် ရူပါရုံစသော အာရုံသစ်များသည် စက္ခုပသာဒ စသော ဒွါရတို့၌ ထင်လာသောအခါ မူလဘဝင်အစဉ် ပြတ်၍ ဝီထိအစဉ် ဖြစ်ပေါ်လာလေသည်၊ ဤဝီထိအစဉ်တွင် အာရုံနှင့်ဒွါရ တိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာသော (အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ)ခေါ် ရှေ့ဘဝင်စိတ်များနှင့် ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်းစသော ဝီထိစိတ်များ ပါဝင်လေသည်။

http://www.dhammadownload.com



သို့ဖြစ်၍ ဝီထိတစ်ခုတွင် ဘဝကို တည်တံ့အောင် စောင့်ရှောက်သော မူလဘဝင် မဟုတ်ဘဲ အာရုံနှင့်ဒွါရ တိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာသော ဘဝင်စိတ်နှင့် ဝီထိစိတ်အစဉ်အတန်း ဟူ၍ စိတ်အမျိုးအစား ၂-မျိုး ပါဝင်လေသည်။

## ဝီထိဖြစ်ပုံ

အာရုံနှင့်ဒွါရ တိုက်ဆိုင်သောအခါ ထိုထိုအာရုံသည် ဒွါရ၌ ထင်သည် ဆိုရာ၌ ၎င်း အာရုံနှင့်ဒွါရတို့ (ရူပါရုံနှင့် စက္ခုပသာဒရုပ်တို့) ဥပါဒ်လျှင် ဥပါဒ်ချင်း မထင်နိုင်ကြသေးပေ၊ ရုပ်တို့မည်သည် ဌီအခိုက်၌သာ အားအရှိဆုံး ဖြစ်ရကား (ရုပ်၏ဌီသို့ ရောက်ပြီးနောက်မှ) အနည်းဆုံး စိတ္တက္ခဏ ၁-ချက် လွန်ပြီး နောက်မှ ထင်လာနိုင်၏။

## ဘဝင်စိတ်

(၁) ဤသို့ အာရုံနှင့် ပသာဒတို့ မထိခိုက်၊ မတိုက်ဆိုင်၊ မထင်မီ မိမိယူနေကြကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၁-ပါးပါးကို အာရုံပြု၍ အသစ်ထင်လာသော အာရုံကို အာရုံမပြုနိုင်သေးဘဲ အနည်းဆုံး စိတ္တက္ခဏ ၁-ချက် လွန်ပြီး ချုပ်ပျောက်သွား၊ လွန်သွားသော ဘဝင်စိတ်ကို "အတီတဘဝင်"ဟု ခေါ်သည်။ (လွန်ဘဝင်)

(၂) ထို အတီတဘဝင်၏ အခြားမဲ့တွင် အာရုံ၏ ဒွါရ၌ ထင်လာမှုကြောင့် နဂိုရှိရင်းစွဲ မူလဘဝင်စိတ်သည် ၎င်း အာရုံပြုမြဲဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၁-ပါးပါးကို အာရုံပြုနေရာမှ အာရုံဟောင်းကိုလည်း မလွှတ်နိုင်သေး၊ အသစ်ထင်လာသော အာရုံသစ်ကိုလည်း စွဲမြဲစွာ မယူနိုင်သေးသဖြင့် ပင်ကိုယ်သဘောမှ ဖောက်ပြားပြီး နှစ်ကြိမ်တိုင်တိုင် တုန်လှုပ် ချောက်ချား၏၊ ဤသို့ မည်သည့် အာရုံကို

http://www.dhammadownload.com



ယူရမည်ကို ဇဝေဇဝါ တုန်လှုပ် ချောက်ချားနေသော ဘဝင်စိတ်ကို "ဘဝင်္ဂစလန"ဟု ခေါ်သည်။ (လှုပ်ဘဝင်)

(၃) ဤတွင် ဒုတိယဘဝင်္ဂစလနသည် မိမိယူနေကြ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟူသော အာရုံဟောင်းကို စွန့်၍ အာရုံသစ်ကို ယူဖို့ရန် ဘဝင်အစဉ်ပြတ်သောကြောင့် "ဘဝင်္ဂုပစ္ဆေဒ" ဟုခေါ်၏။ (ရပ်ဘဝင်)

## ဝီထိစိတ်

ဘဝင်အစဉ်ပြတ်ပြီးနောက် ပဉ္စဒွါရ၌ ထင်လာသော ရူပါရုံကို ---

(၄) ဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊

(၅) မြင်သိသော စက္ခုဝိညာဏ်စိတ်၊

(၆) ခံယူသကဲ့သို့ဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ်၊

(၇) စုံစမ်းသကဲ့သို့ဖြစ်သော သန္တီရဏစိတ်၊

(၈) ဆုံးဖြတ်သော ဝုဋ္ဌောစိတ်၊

(၉) အာရုံကို အရှိန်အဟုန်ပြင်းစွာဖြင့် ခံစားသော ဇောစိတ် (ကာမဇော ၂၉-ပါးအနက် တစ်ပါးပါး)သည် များသောအားဖြင့် ၇-ကြိမ် စော၏။

(ဤတွင် ယောနိသောမနသိကာရ ဖြစ်လျှင် ကုသိုလ်ဇော၊ အယောနိသော၊ မနသိကာရ ဖြစ်လျှင် အကုသိုလ်ဇော၊ ရဟန္တာ ဖြစ်လျှင် ကြိယာဇောစော၏။)

(၁၀) ထို့နောက် ဇောသို့အစဉ်လိုက်၍ ဖြစ်သော တဒါရုံ (ဝိပါက်စိတ်) ၂-ကြိမ် ဖြစ်ကာ ဝီထိ အစဉ်သည်လည်း ရူပါရုံနှင့် စက္ခုပသာဒ ရုပ်တို့၏ ၁၇-ချက် ရုပ်သက်စေ့သဖြင့် အတူပြိုင်၍ ချုပ်လေ၏။ ၎င်းနောက် အာရုံသစ် ထပ်မံ၍ မထင်သေးသမျှ ကြားကာလ၌ ဘဝင်စိတ်အစဉ်သာ ဆက်၍ဖြစ်နေ (ဘဝင်ကျနေ) လေသည်။

http://www.dhammadownload.com



## ဘဝင်ကျသည်

ဝီထိစိတ်ဖြစ်ပုံသည် လှံ့လ ပယောဂ ဗျာပါရ ရှိသဖြင့် မြင့်မောက်တက်ကြွသကဲ့သို့ဖြစ်၏။ ဘဝင်အစဉ် ဖြစ်ပုံကား ငြိမ်သက်လှသဖြင့် အောက်ကျနိမ့်ရှိုင်းသကဲ့သို ဖြစ်ပါသည်။ ထို့ကြောင့် ဝီထိစိတ်တို့၏ အဆုံး၌ ဘဝင်စိတ်များ ဖြစ်ခြင်းကို ဘဝင်ကျသည် (ဘဝင်္ဂပါတ) ဟု ဆိုရခြင်း ဖြစ်ပါသည်။

## စိတ်အသက်

စိတ်အသက်သည် ဥပါဒ်, ဌီ, ဘင် (ဖြစ်, တည်, ပျက်)ဟု အလွန်တိုတောင်းသော အချိန်ကာလ ခဏငယ်လေး ၃-ချက်ရှိ၏၊ ယင်းခဏငယ် ၃-ချက် ပေါင်းကို စိတ္တက္ခဏ ၁-ချက် (ခဏကြီး ၁-ချက်)ဟုခေါ်သည်။

ဥပါဒ်ခဏ - ဖြစ်ပေါ်ရန် အကြောင်း ပြည့်စုံ ညီညွတ်၍ ပရမတ္ထသဘောတရားတို့၏ ရှေးဦးစွာ ဖြစ်ပေါ်လာသော ခဏ၊

ဌီခဏ - ဖြစ်ပေါ်ပြီးသော ပရမတ္ထတရားတို့ မချုပ်သေးမီ တည်နေသောခဏ၊

ဘင်ခဏ - ဖြစ်ပေါ်ပြီးသော ပရမတ္ထတရားတို့၏ တည်ပြီးနောက် ပျက်စီး ချုပ်ကွယ်သောခဏ၊

(လက်ဖျောက်တစ်ချက်တီးရာကာလအတွင်း၌ စိတ္တက္ခဏပေါင်း ကုဋေတစ်သိန်းမက ရှေ့နောက်ဆက်၍ ဖြစ်ပျက်နိုင်၏ ဟူသော အဆိုအရ စိတ်သည် အလွန် လျင်မြန်စွာ ဖြစ်တတ်-ပျက်တတ်သည်ကို သိနိုင်ပေသည်)

## ရုပ်အသက်

ရုပ်သည် အကောင်အထည် အတုံးအခဲသဘော ရှိသောကြောင့် အကောင်အထည် အတုံးအခဲသဘောမှ ကင်းဆိတ်သော စိတ်ထက် စာလျှင် ပို၍ အသက်ရှည်ကြသည်။

http://www.dhammadownload.com



ရုပ် ၂၈-ပါး ရှိရာဝယ် (လက္ခဏာရုပ် ၄-ပါး၊ ဝိညတ်ရုပ် ၂-ပါးတို့မှ ကြဉ်သော) ရုပ် ၂၂-ပါး၏ ရုပ်အသက် သည် စိတ္တက္ခဏ ၁၇-ချက်၊ ခဏငယ် အားဖြင့် ၅၁-ချက်ရှိလေသည်၊ သို့ဖြစ်၍ ရုပ်၏ဖြစ်စ အစခဏငယ် ၁-ချက်သည် ရုပ်၏ဥပါဒ်ခဏ၊ ရုပ်၏တည်ဆဲ အလယ်ခဏငယ် ၄၉-ချက်သည် ရုပ်၏ဌီခဏ၊ ရုပ်၏ပျက်ဆဲ အဆုံး ခဏငယ် ၁-ချက်သည် ရုပ်၏ ဘင်ခဏ မည်လေသည်။

လက္ခဏာရုပ် ၄-ပါးတို့တွင် -

ဥပစယ, သန္တတိရုပ် ၂-ပါးတို့သည် ရုပ်တို့၏ဖြစ်စ ဇာတိရုပ်များဖြစ်၍ ဥပါဒ်ခဏ အစ ခဏငယ် ၁-ချက် အသက်ရှိ၏။ (စိတ်၏ ဥပါဒ်ခဏနှင့် အသက်တူညီ၏)

ဇရတာရုပ် သည် ရုပ်တို့၏ ရင့်ရော် အိုမင်း တည်ဆဲဖြစ်၍ ရုပ်၏ဌီခဏ ခဏငယ် ၄၉-ချက် အသက်ရှိ၏။

အနိစ္စတာရုပ်သည် ရုပ်တို့၏ ပျက်ဆဲဖြစ်၍ ရုပ်၏ဘင်ခဏ ခဏငယ် ၁-ချက်အသက်ရှိ၏၊ (စိတ်၏ ဘင်ခဏနှင့် အသက်တူညီ၏။)

ဝိညတ်ရုပ် ၂- ပါးသည် စိတ်သို့အစဉ်လိုက်သော စိတ္တဇကေန်ရုပ်များ ဖြစ်၍ စိတ်နှင့် အသက်တူ၏၊ ခဏငယ် ၃-ချက်၊ စိတ္တက္ခဏ ၁-ချက် အသက် ရှိ၏။

## ဆ ဆက္က ၆-ပါး

ဝီထိပိုင်းကို လေ့လာသောအခါ ဤစိတ်သည် မည်သည့်ဒွါရ၌ ဖြစ်သည်ဟု သိရန် ဒွါရ ၆- ပါးကို လည်းကောင်း၊ မည်သည့်အာရုံကို အာရုံ ပြုသည်ဟု သိရန် အာရုံ ၆-ပါးကိုလည်းကောင်း၊ မည်သည့်ဝတ္ထုရုပ်ကို မှီ၏ဟု သိရန် ဝတ္ထု ၆-ပါးကိုလည်းကောင်း၊ ဤဝိညာဉ်ကား မည်သည့်ဝီထိ၌ မှတ်သားကြောင်း ဝိညာဉ်ဟုသိရန် ဝိညာဉ် ၆- ပါးကိုလည်းကောင်း၊ ဤဝီထိကား မည်သည့်ဝီထိဟုသိရန် ဝီထိ ၆-ပါးကိုလည်းကောင်း၊ ဤအာရုံကား

http://www.dhammadownload.com



မည်သို့မည်ပုံထင်လာသော အာရုံဟုသိရန် ဝိသယပ္ပဝတ္တိ ၆- ပါးကို လည်းကောင်း အလုံးစုံ သိသင့်ပေသည်။

(၁) ဒွါရဆက္က = ဒွါရ ၆-ပါး၊
= စက္ခုဒွါရ ----- (ပ) ----- မနောဒွါရ၊

(၂) အာရမ္မဏဆက္က = အာရုံ ၆-ပါး၊
= ရူပါရုံ ----- (ပ) ----- ဓမ္မာရုံ၊

(၃) ဝတ္ထုဆက္က = ဝတ္ထု ၆-ပါး၊
= စက္ခုဝတ္ထု----- (ပ) ----- ဟဒယဝတ္ထု၊

(၄) ဝိညာဏဆက္က = ဝိညာဏ် ၆- ပါး၊
= စက္ခုဝိညာဏ်----- (ပ) ----- မနောဝိညာဏ်၊

(၅) ဝိထိဆက္က = ဝီတိ ၆- ပါး၊
= စက္ခုဒွါရဝီထိ--- (ပ) --- မနောဒွါရဝီတိ (ဒွါရနှင့်စပ်၍ဝီထိ ၆- ပါး)
= စက္ခုဝိညာဏဝီထိ-- (ပ) --- မနောဝိညာဏဝီတိ (ဝိညာဉ်နှင့်စပ်၍ဝီထိ ၆- ပါး)

(၆) ဝိသယပ္ပဝတ္တိဆက္က = ဝိသယပ္ပဝတ္တိ ၆- ပါး၊
= အတိမဟန္တာရုံ၊ မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံ (ပဉ္စဒွါရဝီထိ၌ ဝိသယပ္ပဝတ္တိ ၄- ပါး) ဝိဘူတာရုံ၊ အဝိဘူတာရုံ (မနောဒွါရဝီထိ၌ ဝိသယပ္ပဝတ္တိ ၂- ပါး)

ဤတွင် ဒွါရဆက္က၊ အာရမ္မဏဆက္က၊ ဝတ္ထုဆက္ကတို့၏ ကရားကိုယ်များကို ပကိဏ်းပိုင်း၌ ပြဆိုခဲ့ပြီး ဖြစ်၏၊ သို့ဖြစ်၍-

ဝိညာဏဆက္ကတွင် - စက္ခုဝိညာဏ်စသည်၏အရမှာ- စက္ခုဝိညာဉ်ဒွေး စသည်ဖြစ်၏၊

http://www.dhammadownload.com



မနောဝိညာဏ၏ အရမှာ ဒွေပဉ္စဝိညာဉ်မှ ကြွင်းသောစိတ်များ ဖြစ်၏။

ဝီထိဆက္ကတွင် - ဒွါရနှင့်စပ်၍ စက္ခုဒွါရဝီထိ စသည်ဖြင့်လည်း ကောင်း၊
ဝိညာဏ်နှင့်စပ်၍ စက္ခုဝိညာဏဝီထိ စသည် ဖြင့်လည်းကောင်း အမည်ရကြ၏။

ဝိသယပ္ပဝတ္တိဆက္ကတွင် - အာရုံတို့၏ ဒွါရ၌ ဖြစ်ခြင်း, ထင်ခြင်းသည်ပင် ဝီထိစိတ်တို့၏ ဝိသယပ္ပဝတ္တိ မည်၏။

## (က) ပဉ္စဒွါရဝီထိအတွက် ဝိသယပ္ပဝတ္တိ ၄-မျိုး

(၁) အတိမဟန္တာရုံ = ဒွါရတို့၌အာရုံထင်သည်မှစ၍ ချုပ်သည့်တိုင် အောင် ရေတွက်သည်ရှိသော် အလွန်များသော စိတ္တက္ခဏအသက်ရှိသောအာရုံ၊

(၂) မဟန္တာရုံ = --- များသော စိတ္တက္ခဏအသက်ရှိသောအာရုံ၊

(၃) ပရိတ္တာရုံ = --- နည်းသော စိတ္တက္ခဏအသက်ရှိသောအာရုံ၊

(၄) အတိပရိတ္တာရုံ = --- အလွန်နည်းသော စိတ္တက္ခဏ အသက်ရှိသော အာရုံ၊

## (ခ) မနောဒွါရဝီထိအတွက် ဝိသယပ္ပဝတ္တိ ၂-မျိုး

(၅) ဝိဘူတာရုံ = မနောဒွါရ၌အာရုံထင်သည်မှစ၍ ချုပ်သည့် တိုင်အောင် ထင်ထင်ရှားရှားဖြစ်သောအာရုံ၊

(၆) အဝိဘူတာရုံ = ---------------------- မထင်ရှားသောအာရုံ၊

စုစုပေါင်း ဝီထိစိတ်တို့အတွက် ဝိသယပ္ပဝတ္တိ ၆-မျိုး ရှိလေသည်။

http://www.dhammadownload.com



## ဝီထိမုတ်စိတ်အတွက် ဝိသယပ္ပဝတ္တိ ၃-မျိုး

ဒွါရဝိမုတ် (ဝါ) ဝီထိမုတ်စိတ်များဖြစ်သော ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စ တပ်သော စိတ်တို့၏ ဝိသယပ္ပဝတ္တိသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အားဖြင့် ၃- မျိုးရှိ၏။

အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်းသည်ပင် ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိ မည်၏။

## ဝိသယပ္ပဝတ္တိ ၉-မျိုး

ဝီထိစိတ်တို့အတွက် ဝိသယပ္ပဝတ္တိ ၆-မျိုးနှင့် ဝီထိမုတ်စိတ်တို့အတွက် ဝိသယပ္ပဝတ္တိ ၃-မျိုး ပေါင်းသော် ဝိသယပ္ပဝတ္တိ ၉-မျိုး ဖြစ်၏။

## ပဥ္စဒွါရဝီထိ ဖြစ်ကြောင်းများ

(၁) "စက္ခု, လောက၊ ရူပထင်ပြီ၊ မနသိ၊ လေးလီစက္ခုဖို့"

စက္ခုဒွါရဝီထိဖြစ်ကြောင်း ၄-ပါးမှာ-

(က) စက္ခုပသာဒ ကောင်းမွန်စွာရှိနေခြင်း၊

(ခ) အာလောက လုံလောက်သောအရောင်အလင်းရှိခြင်း၊

(ဂ) ရူပါရုံ ၏ စက္ခုပသာဒ၌ထင်ခြင်း (ထိခိုက်ခြင်း)၊

(ဃ) မနသိကာရ ဟူသော အာဝဇ္ဇန်း၏ဖြစ်ခြင်း (နှလုံးသွင်းမှု ရှိခြင်း) တို့ ဖြစ်၏၊ ကျန်ဒွါရတို့၌လည်း နည်းတူသိပါ။

(၂) "သောတာ, ကာသ၊ သဒ္ဒထင်ပြီ၊ မနသိ၊ လေးလီသောတဖို့"

(ကာသ = အာကာသ = အပေါက်ဟင်းလ

(၃) "ဃာန, ဝါတ၊ ဂန္ဓထင်ပြီ၊ မနသိ၊ လေးလီဃာနဖို့"

(ဝါတ = ဝါယောဓာတ် = လေဓာတ်)

(၄) "ဇိဝှါ, အာပ၊ ရသထင်ပြီ၊ မနသိ၊ လေးလီ ဇိဝှါဖို့"

(အာပ = အာပေါဓာတ် = ရေဓာတ်)

http://www.dhammadownload.com



(၅) "ကာယ, ထဒွ၊ ဖောဋ္ဌထင်ပြီ၊ မနသိ၊ လေးလီကာယဖို့"
(ထဒွ ＝ ခက်မာသောပထဝီ)

# ပဉ္စဒွါရဝီထိ

ပဉ္စဒွါရဝီထိများတွင် ကာမဇောများသာ ဖြစ်နိုင်ရကား ကာမဇော တို့၏ဖြစ်ရာ, စောရာ အလှည့်အကြိမ် ဟူသော ကာမဇောဝါရ တစ်မျိုးသာ ရှိသည်။

## စက္ခုဒွါရ ၁၅-ဝီထိ

### (၁) အတိမဟန္တာရုံ ၁-ဝီထိ

တဒါရမ္မဏဝါရ၊ စက္ခုဒွါရိက အတိမဟန္တာရုံဝီထိဖြစ်ဟန်ကား ---

ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍အတီတဘဝင် ၁-ချက် အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ကာမဇော ၇- ကြိမ်၊ တဒါရုံ ၂- ကြိမ် ဖြစ်ပြီးလျှင် ရူပါရုံနှင့် စက္ခုပသာဒရုပ်တို့ ၁၇-ချက် ရုပ်သက်စေ့ရကား ဒုတိယတဒါရုံ၏ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည် "တဒါရမ္မဏဝါရ၊ စက္ခုဒွါရိက၊ အတိမဟန္တာရုံဝီထိ" မည်၏၊ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏၊ (တဒါရုံအဆုံးရှိသော ဝီထိဖြစ်၍ တဒါရမ္မဏဝါရဟု ခေါ်၏။)

### (၂) မဟန္တာရုံ ၂-ဝီထိ

ဤဝီထိများ၌ ရူပါရုံနှင့်စက္ခုပသာဒရုပ်တို့သည် ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၂-ချက်, ၃- ချက် လွန်ပြီးမှ ထင်ကြ၏၊ ထို့ကြောင့် တဒါရုံ ၂-ကြိမ် ဖြစ်သည့်တိုင်အောင် တည်နေခြင်းငှာ မစွမ်းနိုင်တော့၍ ဇောဖြင့်သာ အဆုံး သတ်ရ၏၊ ဇောအဆုံးရှိ၍ ဇဝနဝါရဟုခေါ်၏၊ ဤကား "ဇဝနဝါရ၊ စက္ခုဒွါရိက၊

http://www.dhammadownload.com



မဟန္တာရုံဝီထိ" တို့ ဖြစ်ပုံတည်း၊ (ဝီထိစိတ်များဖြစ်ရာတွင် ရူပါရုံနှင့် စက္ခုပသာဒ ရုပ်တို့ ၁၇-ချက် ရုပ်သက် မစေ့သေးလျှင် ဝီထိစိတ်အပြီးတွင် ဘဝင်စိတ် ၁-ကြိမ် ခံပေးရသည်၊ ၎င်းဘဝင်စိတ် ၁-ကြိမ်ဖြစ်ပြီးမှ ၁၇-ချက် ရုပ်သက်စေ့ ချုပ်သွားသည် ဟူလို။)

တဒါရုံမှန်လျှင် ၂-ကြိမ်ဆက်၍သာ ဖြစ်ရိုးထုံးစံ ရှိသည်။

## (၃) ပရိတ္တာရုံ ၆-ဝီထိ

ပရိတ္တာရုံဟူသည် စက္ခုပသာဒ၏ အားနည်းမှု၊ ရူပါရုံ၏ သေးငယ်မှုန်မွှားမှု၊ အရောင်အလင်း၏ ညံ့ဖျင်းမှု စသောအကြောင်းများကြောင့် ဇော ၇-ကြိမ် ဖြစ်သည့်တိုင်အောင် တည်နေခြင်းငှာ မစွမ်းနိုင်သော လွန်ခြင်း ရှိ၍ ထင်လာသောအာရုံ ဖြစ်၏။

ဤ၌ ရူပါရုံနှင့် စက္ခုပသာဒတို့သည် စိတ္တက္ခဏ ၄-ချက်မှ ၉-ချက်အထိ လွန်ပြီးမှ ထင်ကြ၏၊ ဇောစောခွင့် မရ၍ ဝုဋ္ဌောစိတ်သည်ပင်လျှင် ဇောတု, ဇောယောင်အဖြစ်ဖြင့် ၂-ကြိမ် (သို့) ၃-ကြိမ် ထပ်လျက် ဖြစ်ခွင့်ရှိ၏၊ ဝုဋ္ဌော အဆုံးရှိ၍ "ဝေါဋ္ဌဗ္ဗနဝါရ - ဝုဋ္ဌောဝါရ" ဟုခေါ်၏၊ ဤကား "ဝေါဋ္ဌဗ္ဗနဝါရ၊ စက္ခုဒွါရိက၊ ပရိတ္တာရုံဝီထိ" တို့ ဖြစ်ပုံတည်း။

ဝီထိချရာ၌- ဆဋ္ဌပရိတ္တာရုံဝီထိမှတစ်ပါး ကျန်ဝီထိများ၌ ဝုဋ္ဌောကို ၂-ကြိမ် (သို့) ၃- ကြိမ် အလိုရှိသလို ချခွင့်ရှိ၏၊ ဝုဋ္ဌော ၂-ကြိမ်ချလျှင် နောက်၌ ဘဝင် ၁-ကြိမ် တိုးပေးရသည်။

## (၄) အတိပရိတ္တာရုံ ၆-ဝီထိ

အတိပရိတ္တာရုံ ဟူသည် စက္ခုပသာဒစသည်၏ အလွန့်အလွန် အားနည်းမှု စသော အကြောင်းများကြောင့် ဝုဋ္ဌော ၂-ကြိမ်ဖြစ်သည့် တိုင်အောင်ပင် တည်နေခြင်းငှာ မစွမ်းနိုင်သော လွန်ခြင်းရှိ၍ ထင်လာသော အာရုံ ဖြစ်၏၊

http://www.dhammadownload.com



ဤ၌ ရူပါရုံနှင့် စက္ခုပသာဒတို့သည် စိတ္တက္ခဏ ၁၀-ချက်မှ ၁၅-ချက်အထိ လွန်ပြီးမှ ထင်ကြ၏၊ ထိုသို့ ထင်ခြင်းကြောင့် ဘဝင်သည် လှုပ်ရုံမျှသာလှုပ်ပြီး ဘဝင်ကိုဖြတ်သော ဝီထိစိတ် မဖြစ်နိုင်ပေ၊ ဝီထိစိတ်မှ ယုတ်လျော့ပြီး ဘဝင်လှုပ်ရုံမျှ ဖြစ်သောစိတ် အကြိမ်ဖြစ်၍ ဝီထိစိတ်မှ အချည်းနှီးဖြစ်သော ဝီထိဖြစ်သောကြောင့် မောဃဝါရဟု ခေါ်၏၊ ဤကား မောဃဝါရ၊ စက္ခုဒွါရိက၊ အတိပရိတ္တာရုံဝီထိတို့ ဖြစ်ပုံတည်း။

ဘဝင်အစဉ်ကိုဖြတ်၍ ဝီထိစိတ်တို့မဖြစ်ခြင်းကြောင့် အတိပရိတ္တာရုံဝီထိဟုပင် မခေါ်ထိုက်သော်လည်း ဒွါရ၌ အာရုံထင်မှုကြောင့် ဘဝင်လှုပ်ခြင်းကိုပင် အစွဲပြု၍ ဝီထိအရာသို့သွင်း၍ ခေါ်ရ၏။

## ပဉ္စဒွါရ ၇၅-ဝီထိ

စက္ခုဒွါရ၌အတိမဟန္တာရုံ ၁-ဝီထိ၊ မဟန္တာရုံ ၂-ဝီထိ၊ ပရိတ္တာရုံ ၆-ဝီထိ၊ အတိပရိတ္တာရုံ ၆-ဝီထိဟု ပေါင်း ၁၅-ဝီထိ၊ သောတ, ဃာန, ဇိဝှါ, ကာယ စသော ဒွါရများ၌လည်း ၁၅-ဝီထိစီ ဖြစ်၍ ပဉ္စဒွါရ၌ဝီထိပေါင်း (၁၅×၅) ၇၅-ဝီထိဖြစ်၏။

မှတ်ရန်။ ။ အမိဝမ်း၌ သန္ဓေယူနေဆဲ သတ္တဝါတို့တွင် စက္ခုဒွါရဝီထိနှင့် ဃာနဒွါရဝီထိတို့ကို မရအပ်၊ အဘယ့်ကြောင့်ဆိုသော် အကြောင်း ၄-ပါးတို့တွင် အာလောက (အလင်း)နှင့် ဝါယောဓာတ် (ထွက်သက်-ဝင်သက်လေ)တို့ကို မရသောကြောင့်တည်း။

## ဝီထိစိတ်သရုပ်ကို ရေတွက်ခြင်း

**စက္ခုဒွါရ အတိမဟန္တာရုံဝီထိ၌-**

(၁) သာမည (စိတ်အမျိုးအစား)အားဖြင့် = ၇-ပါး (ပ၊ စ၊ သံ၊ ဏ၊ ဝု၊ ဇော၊ ရုံ)

(၂) ဝိသေသ (စိတ္တက္ခဏအကြိမ်)အားဖြင့် = ၁၄-ကြိမ် (ပ၊ စ၊ သံ၊ ဏ၊ ဝု၊ ဇော -၇၊ ရုံ - ၂)

http://www.dhammadownload.com



(၃) ဝိတ္ထာရ (စိတ်သရုပ်အကျယ်)အားဖြင့် = ၄၆-ပါး (ပ + စ-၂ + သံ-၂ + ဏ-၃ + ဝု + ဇော-၂၉ + ရုံ-၈)

(မှတ်ချက်။ ။ ထိုနည်းတူစွာ- ကျန်မဟဂ္ဂုတ်ရုံစသော ဝီထိများကိုလည်း ရေတွက် လေ့ကျင့်ထားပါ။)

ပဉ္စဒွါရဝီထိသည်

(၁) သာမည အားဖြင့် = ၇-ပါး (ပ၊ ပဉ္စဝိ၊ သံ၊ ဏ၊ ဝု၊ ဇော၊ ရုံ)

(၂) ဝိသေသ အားဖြင့် = ၁၄-ကြိမ် (ပ၊ ပဉ္စဝိ၊ သံ၊ ဏ၊ ဝု၊ ဇော-၇၊ ရုံ-၂)

(၃) ဝိတ္ထာရ အားဖြင့် = ၅၄-ပါး (ပ + ပဉ္စဝိ-၁၀ + သံ-၂ + ဏ-၃ + ဝု + ဇော-၂၉ + ရုံ-၈)

## ပဉ္စဒွါရဝီထိများတွင် စက္ခုဒွါရအတိမဟန္တာရုံဝီထိကို ဆဆက္ကတရား ၆-ပါးဖြင့် ဝေဖန်ခြင်း

| ဆ-ဆက္ကတရား ၆-ပါး | ရှေ့/နောက်ဘဝင်စိတ် | ဝီထိစိတ် |
|---|---|---|
| (၁) ဒွါရဆက္က | ဒွါရဝိမုတ် | စက္ခုဒွါရ |
| (၂) အာရမ္မဏဆက္က | ကံ, ကမ္မ, ဂတိနိမိတ် | ပစ္စုပ္ပန်ရူပါရုံ |
| (၃) ဝတ္ထုဆက္က | ဟဒယဝတ္ထု | စက္ခုဝိညာဏ်(၂) = စက္ခုဝတ္ထု<br>ကျန်ဝီထိစိတ် = ဟဒယဝတ္ထု |
| (၄) ဝိညာဏဆက္က | မနောဝိညာဏ် | စက္ခုဝိညာဏ် (၂) = စက္ခုဝိညာဏ်<br>ကျန်ဝီထိစိတ် = မနောဝိညာဏ် |

http://www.dhammadownload.com



| ဆ-ဆက္ကတရား ၆-ပါး | ရှေ့/နောက်ဘဝင်စိတ် | ဝီထိစိတ် |
|---|---|---|
| (၅) ဝီထိဆက္က | ဝီထိဝိမုတ် | စက္ခုဒွါရဝီထိ / စက္ခုဝိညာဏဝီထိ |
| (၆) ဝိသယပ္ပဝတ္တိဆက္က | အတိမဟန္တာရုံ | အတိမဟန္တာရုံ |

# မနောဒွါရဝီထိ

မနောဒွါရဝီထိများတွင် - ကာမဇောစိတ်တို့၏ ဖြစ်ရာ, စောရာ အလှည့်အကြိမ်ဟူသော **ကာမဇောဝါရ**နှင့် အပ္ပနာဇောစိတ်တို့၏ဖြစ်ရာ စောရာ အလှည့်အကြိမ်ဟူသော **အပ္ပနာဇောဝါရ**ဟူ၍ ဇောဝါရအားဖြင့် ၂-မျိုးရှိ၏။

## မနောဒွါရ၌ ထင်နိုင်သမျှသောအာရုံ

မနောဒွါရ ဟူသည် ဘဝင်စိတ်တို့၏ အဆုံးဖြစ်သော ဘဝင်္ဂုပစ္ဆေဒ စိတ်ဖြစ်၏။ ထို မနောဒွါရဟူသော ဘဝင်စိတ်၌ ပစ္စုပ္ပန်, အတိတ်, အနာဂတ် ဖြစ်သော စိတ်၊ စေတသိက်, ရုပ်အားလုံးနှင့် ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်အာရုံများပင် ထင်လာနိုင်ပါသည်၊ မထင်လာနိုင်သော အာရုံဟူ၍မရှိပါ။

## ဝိဘူတာရုံနှင့် အဝိဘူတာရုံ

ထို ထင်လာသော အာရုံများတွင် ထင်ထင်ရှားရှားထင်လာသော အာရုံကို **"ဝိဘူတာရုံ"**ဟုလည်းကောင်း၊ မထင်မရှားထင်လာသော အာရုံကို **"အဝိဘူတာရုံ"** ဟုလည်းကောင်း ခေါ်ဆိုကြပါသည်။

## မနောဒွါရဝီထိ၌ များသောအားဖြင့် အတီတဘဝင် မချရခြင်း အကြောင်း

မနောဒွါရ၌ စိတ္တက္ခဏ ၁-ချက်မျှသာ ရှိသော စိတ်၊ စေတသိက် တရားများ၊ အတိတ် ရုပ်တရား၊ အနာဂတ် ရုပ်တရား၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်အာရုံများ ထင်လာသည့်အခါ "ဥပါဒ်ပြီးနောက် စိတ္တက္ခဏ

http://www.dhammadownload.com



ဘယ်လောက်လွန်မှ ထင်လာသည်"ဟု မဆိုသင့် မဆိုထိုက်ပါ၊ ထို့ကြောင့် ထိုအာရုံများနှင့်စပ်၍ အတီတဘဝင် မချရခြင်း ဖြစ်ပါသည်။

သို့ရာတွင် အချို့သော ပဉ္စဒွါရ ရုပ်အာရုံများ ထင်လာသောအခါ၌ကား "ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ဘယ်လောက်လွန်မှ ထင်လာသည်"ဟု ဆိုသင့် ဆိုထိုက်သည်၊ ထိုအာရုံမျိုးနှင့် စပ်၍မူ အတီတဘဝင် ချထိုက်ပါသည်။

သင်္ဂြိုဟ်ကျမ်း၌ ထိုအာရုံများအတွက် သီးခြား မပြဆိုထားခြင်းကြောင့် အတီတဘဝင် မပါသော ဘဝင်္ဂစလနမှစသော ဝီထိစဉ်ကိုသာ ပြဆိုထားခြင်း ဖြစ်ပါသည်။

# (က) ကာမဇောဝါရ

မနောဒွါရ၌ ကာမဇောများစောသော ဝီထိစိတ်အစဉ်ကို ကာမဇောဝါရ ဟု ခေါ်သည်၊ သို့ဖြစ်၍ ကာမဇောဝါရ မနောဒွါရဝီထိ၌ ဝိဘူတာရုံ (ထင်ရှားသော အာရုံ)နှင့် အဝိဘူတာရုံ (မထင်ရှားသောအာရုံ)ဟူ၍ ဝီထိ ၂-မျိုးရှိ၏။

## (၁) ဝိဘူတာရုံဝီထိ

မနောဒွါရ၌ ထင်ရှားသော ဝိဘူတာရုံ ထင်သည်ရှိသော် - ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်ဖြစ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။ ဝီထိစိတ်တို့သည် တဒါရုံလျှင် အဆုံးရှိသောကြောင့် တဒါရမ္မဏဝါရဟုခေါ်၏။

## (၂) အဝိဘူတာရုံဝီထိ

မနောဒွါရ၌ မထင်ရှားသော အဝိဘူတာရုံ ထင်သ[illegible]သော် တဒါရုံ ၂-ကြိမ်ကျသည်အထိ မစွမ်းနိုင် တော့၍ ဇော၏နောက်၌ ဘဝင်စိတ်တို့သာ ဖြစ်တော့သည်၊ ဝီထိစိတ်တို့သည် ကာမဇောလျှင် အဆုံးရှိသောကြောင့် ဇဝနဝါရဟု ခေါ်၏။

http://www.dhammadownload.com



## ကာမဇောဝါရ မနောဒွါရ ဝိဘူတာရုံဝီထိ၌ ဝီထိစိတ်သရုပ် ရေတွက်ခြင်း

(၁) သာမည(စိတ်အမျိုးအစား)အားဖြင့် = ၃-ပါး (မ၊ ဇော၊ ရုံ)

(၂) ဝိသေသ (စိတ္တုပ္ပါဒ်အကြိမ်)အားဖြင့် = ၁၀-ကြိမ် (မ၊ ဇော-၇၊ ရုံ -၂)

(၃) ဝိတ္ထာရ (စိတ်သရုပ်အကျယ်)အားဖြင့် = ၄၁-ပါး (မ၊ ဇော-၂၉၊ ရုံ-၁၁)

(မှတ်ချက်။ ။ မနောဒွါရ အဝိဘူတာရုံဝီထိ၌လည်း အလားတူ ဝီထိစိတ် သရုပ်ကို ရေတွက်ယူပါ။)

## အိပ်ပျော်၊ အိပ်မက်၊ နိုး

(၁) အိပ်ပျော် = မနောဒွါရဝီထိနောင် ဘဝင်စိတ်ဖြင့်သာလျှင် အိပ်ပျော်ခြင်းသို့ ရောက်၏၊ ပဉ္စဒွါရဝီထိ ကျ၍ အိပ်ပျော်ခြင်းသို့ ရောက်သည်မဟုတ်။

(၂) အိပ်မက် = အိပ်မက်မြင်ရာ၌ မနောဒွါရဝီထိဖြင့်သာလျှင် မြင်မက်ခြင်း ဖြစ်၏၊ ပဉ္စဒွါရဝီထိဖြင့် မြင်မက်ခြင်းမဟုတ်။

(၃) နိုး = အိပ်ပျော်ရာမှ နိုးသောအခါ၌လည်း မနောဒွါရဝီထိသာလျှင် ရှေးဦးစွာ ကျ၍ နိုးသည်၊ ပဉ္စဒွါရဝီထိ ရှေးဦးစွာကျ၍ နိုးသည်မဟုတ်။

## ပဉ္စဒွါရနှင့်မနောဒွါရတို့၌အာရုံထင်ပုံ(အထူး)

(၁) ပဉ္စဒွါရ၌အာရုံထင်လာခြင်းသည်- အာရုံဟူသော မိမိ၏အစွမ်းဖြင့် ထင်လာခြင်းဖြစ်သည်။

(၂) မနောဒွါရ၌အာရုံထင်လာခြင်းကား- (များသောအားဖြင့်) စိတ်၏ အစွမ်းဖြင့် ထင်လာခြင်းဖြစ်၏၊ ကံစွမ်း, တန်ခိုးစွမ်းစသည်ဖြင့် ထင်လာခြင်းမျိုးလည်း ရှိ၏။

ဤသို့ထူးပါသည်။

http://www.dhammadownload.com



## တဒါရုံဖြစ်ကြောင်းအင်္ဂါ ၃-ပါး

တဒါရုံတို့မည်သည်-

(၁) ကာမဇော၊

(၂) ကာမသတ္တဝါ(ကာမ ၁၁-ဘုံသား)၊

(၃) အတိမဟန္တာရုံ, ဝိဘူတာရုံဖြစ်သော ကာမအာရုံ ၃- ချက် စုံညီသော အခါမှ တဒါရုံကျနိုင် ဖြစ်နိုင်ကြ၏။

(ဆောင်)။ ။ "ပုဂ္ဂိုလ်ကာမ၊ ဇောကာမနှင့်၊ ကာမအာရုံ၊ သုံးချက်ဆုံ၊ တဒါရုံ၏အခွင့်တည်း"

## ဝိပါကနိယာမ

ကာမဇောဝါရဝီထိများတွင် ပါဝင်သော ဝိပါက်စိတ်များဖြစ်ကြသော ပဉ္စဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံတို့သည်---

(၁) အလိုမရှိအပ်သော မစင်, ခွေးသေကောင်ပုပ် စသောအနိဋ္ဌာရုံများ၌-

အကုသလဝိပါက် ပဉ္စဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ ဥပေက္ခာသန္တီရဏ၊ ပေါင်း ၇-ပါးနှင့် အကုသလဝိပါက် (ဥပေက္ခာသန္တီရဏ) ဥပေက္ခာတဒါရုံ ၁-ပါး တို့ ဖြစ်ကြပါသည်။

(၂) သာမန်အလိုရှိအပ်သောထမင်း၊ အဖျော်၊ အိပ်ရာနေရာစသော ဣဋ္ဌမဇ္ဈတ္တာရုံများ၌-

အဟိတ်ကုသလဝိပါက် ပဉ္စဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ ဥပေက္ခာသန္တီရဏ၊ ပေါင်း ၇-ပါးနှင့် အဟိတ်ကုသလ ဝိပါက် ဥပေက္ခာသန္တီရဏ ၁-ပါး၊ မဟာဝိပါက် ဥပေက္ခာ ၄-ပါး၊ ပေါင်း ဥပေက္ခာတဒါရုံ ၅-ပါး တို့ဖြစ်ကြပါသည်။

(၃) အလွန်အလိုရှိအပ်သောဘုရား၊ ဘုံဗိမာန်၊ စိန်ရွှေရတနာ စသော အတိဣဋ္ဌာရုံများ၌-

http://www.dhammadownload.com



အဟိတ်ကုသလဝိပါက် ပဥ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သောမနဿ သန္တီရဏ၊ ပေါင်း ၇-ပါးနှင့် အဟိတ်ကုသလ ဝိပါက် သောမနဿသန္တီ ရဏ ၁-ပါး၊ မဟာဝိပါက်သောမနဿ ၄-ပါး၊ ပေါင်းသောမနဿတဒါရုံ ၅-ပါးတို့ ဖြစ်ကြပါသည်။

ဤသို့လျှင်- ဝိပါက်စိတ်များသည် အာရုံအား လျော်စွာ သောမနဿ, ဥပေက္ခာ ဝေဒနာယှဉ်ပုံ မှန်ကန်ကြ၍ "ဝိပါက်အမှန်" ဟု ဆိုကြ၏။

## ဇောအပြန်

ကာမဇောတို့တွင် ပုထုဇဉ်နှင့်သေက္ခပုဂ္ဂိုလ်များတွင်ဖြစ်လေ့ရှိသော ကုသိုလ် အကုသိုလ်ဇောများကား - အာရုံအားလျော်စွာ ဝေဒနာယှဉ်ပုံ မမှန်ကန်ဘဲ ယောနိသော, အယောနိသော မနသိကာရပေါ်မူတည်၍ ဗလောင်းဗလဲ ပြောင်းလဲဖောက်ပြန်ကာ စောချင်ရာ စောတတ်ကြ၏။

ဥပမာ - (၁) ဘုရားစသော အတိဣဋ္ဌာရုံ၌ တိတ္ထိတို့က အကုသိုလ် ဒေါသဇော စောကြ၏၊ ရတနာသုံးပါး ကြည်ညိုသူတို့မှာ ကုသိုလ် သောမနဿဇော စောကြ၏။

(၂) ခွေးသေကောင်ပုပ် စသော အနိဋ္ဌာရုံ၌ ကျီး, လင်းတတို့က လောဘမူ သောမနဿဇော စောကြ၏။

နက်နဲသော ပညာရှိသူများမှာ ကုသိုလ်ဥပေက္ခာဇော စောကြ၏။

ဤသို့ဖြစ်ရခြင်းမှာ စိတ်ဖောက်ပြန်မှုဟူသော စိတ္တဝိပ္ပလ္လာသ၊ အမှတ်မှားမှု ဟူသော သညာဝိပ္ပလ္လာသ၊ အယူမှားမှု ဟူသော ဒိဋ္ဌိဝိပ္ပလ္လာသ မကင်းကြသောကြောင့် နှလုံးသွင်း (မနသိကာရ) မတူညီကြခြင်း ဖြစ်၏၊ (သေက္ခပုဂ္ဂိုလ်များကား- ဒိဋ္ဌိဝိပ္ပလ္လာသ မရှိပါ၊ စိတ္တဝိပ္ပလ္လာသနှင့် သညာ ဝိပ္ပလ္လာသသာ ရှိ၏။)

http://www.dhammadownload.com



ယောနိသော မနသိကာရ ဖြစ်လျှင် - ကုသိုလ်ဇော စော၏။

အယောနိသော မနသိကာရ ဖြစ်လျှင် - အကုသိုလ်ဇောစော၏။

ထိုသို့ ကုသိုလ်, အကုသိုလ်ဇောတို့ အာရုံအား လျော်စွာ ဝေဒနာယှဉ်ပုံ မမှန်ကန်ဘဲ ဗလောင်းဗလဲ ပြောင်းလဲ ဖောက်ပြန်လျက် စောချင်ရာ စောတတ်မှုကို "ဇောအပြန်" ဟု ဆိုပါသည်။

## ဇောအမှန်

ဝိပ္ပလ္လာသ ကင်းပြီးသော ဘုရား, ရဟန္တာတို့ သန္တာန်၌ ဖြစ်သော ကြိယာဇောများကား ဖောက်ပြန်ပြောင်းလဲမှု မရှိဘဲ ရှေ့-နောက် ဝိပါက်စိတ်များကဲ့သို့ပင် အာရုံအား လျော်စွာ ဝေဒနာယှဉ်ပုံ မှန်ကြ၏။

ဘုရား, ရဟန္တာပုဂ္ဂိုလ်တို့သည် အနိဋ္ဌာရုံကို တွေ့ကြုံပါက အနိဋ္ဌာရုံ ဟုသာ မှန်ကန်စွာ ထင်ကြကုန်၏၊ ဖောက်ပြန်၍ ဣဋ္ဌာရုံဟု မထင်ကြပေ၊ ဣဋ္ဌာရုံကို တွေ့ကြုံပါကလည်း ဣဋ္ဌာရုံဟုပင် မှန်ကန်စွာ ထင်ကြကုန်၏၊ ဖောက်ပြန်၍ အနိဋ္ဌာရုံဟု မထင်ကြပေ၊ (တပ်မက်တွယ်ကာမှုလည်း မဖြစ်ကြ)

| | | |
|---|---|---|
| အနိဋ္ဌာရုံနှင့် ဣဋ္ဌမဇ္ဈတ္တာရုံ၌ | = | ဥပေက္ခာ မဟာကြိယာဇော ၄-ပါး၊ |
| အတိဣဋ္ဌာရုံ၌ | = | သောမနဿ ကြိယာဇော ၅-ပါး၊ (မဟာကြိယာသောမနဿ ၄-ပါး၊ ဟသိတုပ္ပါဒ်ဇော ၁-ပါး) |

ဤသို့ အထင်အမြင် မဖောက်ပြန်ဘဲ မှန်ကန်သောကြောင့် စောသော ဇောများ ဝေဒနာယှဉ်ပုံ မှန်ကန်စွာ စောမှုကို "ဇောအမှန်" ဟုဆိုကြ၏။

ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်များ၌- ကြုံတွေ့သော အာရုံအလိုက် "ဝိပါက်အမှန်၊ ဇောအပြန်" ဖြစ်၏။

အသေက္ခ (ရဟန္တာ)ပုဂ္ဂိုလ်များ၌ - ကြုံတွေ့သော အာရုံအတိုင်း "ဝိပါက်လည်း အမှန်၊ ဇောလည်း အမှန်" ဖြစ်၏။

http://www.dhammadownload.com



(ဆောင်) (၁) ဝိပါက်၌တုံ၊ အာရုံလျော်စွာ၊ဝေဒနာတို့ ယှဉ်လာသည့်ဟန် မြဲမှန်ကန်၏။

(၂) တစ်ဖန်မှတ်ရှု ကု-အကုဇော၊ စောသောကာလ၊ ထိုခဏမူ၊ မုချဆက်ဆက်၊ မှန်မထွက်၍၊ "ဝိပါက်အမှန် -ဇောအပြန်"သည်၊ မိန့်ဟန်ဆိုရိုး စဉ်လာတည်း။

(၃) ဝိပါက်တူစွာ၊ ကြိယာဇော၊ စောသောကာလ၊ ထိုခဏ၌ မုချဆက်ဆက် ဝေ-မှန်ထွက်၍၊ "ဝိပါက်လည်းအမှန် - ဇောလည်း မှန်သည်" မိန့်ဟန်ဆိုရိုး စဉ်လာတည်း။

## ဇောနောင်တဒါရုံဖြစ်ပုံ

| ကာမဇော (၂၉) | | | တဒါရုံ (၁၁) | | |
|---|---|---|---|---|---|
| ဥပေက္ခာမဟာကြိယာဇော | ၄ | ၆ | ဥပက္ခာမဟာဝိပါက် | ၄ | ၆ |
| ဒေါသဇော | ၂ | | ဥပေက္ခာသန္တီရဏ | ၂ | |
| သောမနဿမဟာကြိယာ | ၄ | ၅ | သောမနဿမဟာဝိပါက် | ၄ | ၅ |
| ဟသိတုပ္ပါဒ် | ၁ | | သောမနဿသန္တီရဏ | ၁ | |
| မဟာကုသိုလ် | ၈ | ၁၈ | မဟာဝိပါက် | ၈ | ၁၁ |
| ဒေါသမူကြဉ်အကုသိုလ် | ၁၀ | | သန္တီရဏ | ၃ | |

(ဆောင်) (၁) ဤဝယ်သနစ်၊ အရင်းစစ်က၊ ဥပေက်ကြိယာ၊ ဒေါသာခြောက် နောက်၊ တဒါခြောက်တည်း။

(၂) ကြိသောနောက် = ငါး၊

(၃) ကြွင်းငြားဆယ့်ရှစ်၊ ဇောနောင်ဖြစ်သည်၊ ဆယ့်တစ်တဒါရုံ အပေါင်းတည်း။

လောဘရှစ်၊ မောနှစ်၊ ကုသိုလ်ရှစ် = ပေါင်းလစ်ဆယ့်ရှစ်ဖြာ။

http://www.dhammadownload.com



မှတ်ရန် ။ ကာမဇောတို့တွင်-

(၁) ဘုရား, ရဟန္တာတို့၌ဖြစ်သော ကြိယာဇောများ နောင် တဒါရုံကျရာတွင်- ဇောနှင့် တဒါရုံတို့သည် ဝေဒနာ တူညီကြသည်။

(၂) ပုထုဇဉ်, သေက္ခတို့၌ဖြစ်သော ကုသိုလ်, အကုသိုလ်ဇော များနောင် တဒါရုံကျရာတွင်-

* ဒေါသဇော ၂-ပါး နောင် ဥပေက္ခာတဒါရုံ (ဘဝင်) ၆-ပါးကျ၏။

* မဟာကုသိုလ်ဇော ၈-ပါး၊ လောဘမူ ၈-ပါး၊ မောဟမူ ၂-ပါး၊ ပေါင်း သောမနဿ, ဥပေက္ခာဇော ၁၈-ပါးနောင် သောမနဿ, ဥပေက္ခာတဒါရုံ ၁၁-ပါး ကျ၏။

(သောမနဿ, ဥပေက္ခာကု, အကုဇောများနောက်တွင် သောမနဿ, ဥပေက္ခာတဒါရုံ ကျချင်သလို ကျနိုင်သည် ဟူလို။)

မေးခွန်း ။ (၁) သောမနဿတဒါရုံရှေ့၌ စောနိုင်သော ကာမဇောများကို ဖော်ပြပေးခဲ့ပါ။

သောမနဿတဒါရုံရှေ့၌ စောနိုင်သော ကာမဇော များမှာ လောဘမူဇော ၈-ပါး၊ မောဟမူဇော ၂-ပါး၊ မဟာကုသိုလ်ဇော ၈-ပါး၊ ဟသိတုပ္ပါဒ်ဇော ၁-ပါး၊ မဟာကြိယာ သောမနဿဇော ၄-ပါး၊ ပေါင်း ၂၃-ပါး စောနိုင်ပါသည်။

(၂) ဥပေက္ခာတဒါရုံရှေ့၌ စောနိုင်သော ကာမဇောများကို ဖော်ပြပေးခဲ့ပါ။

ဥပေက္ခာတဒါရုံရှေ့၌ စောနိုင်သော ကာမဇော များမှာ လောဘမူဇော ၈-ပါး၊ မောဟမူဇော ၂-ပါး၊

http://www.dhammadownload.com



ဒေါသမူဇော ၂-ပါး၊ မဟာကုသိုလ်ဇော ၈-ပါး၊ မဟာကြိယာဥပေက္ခာဇော ၄-ပါး၊ ပေါင်း ၂၄-ပါး စောနိုင်ပါသည်။

အာဂန္တုကဘဝင်

သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏ ဒေါသဇောအဆုံး၌ တစ်စုံတစ်ခုသောအကြောင်း ချို့တဲ့မှုကြောင့် တဒါရုံဖြစ်ခွင့်မရလျှင် ဘဝင်ကျရလိမ့်မည် ထိုဘဝင်စိတ်သည်-

(၁) ပဋိသန္ဓေနှင့်လျော်သော သောမနဿဘဝင်ဖြစ်က ရှေ့က ဒေါသဇောနှင့် ဆန့်ကျင်၏။

(၂) ဒေါသဇောနှင့်လျော်သော ဥပေက္ခာဘဝင်ဖြစ်က မူလပဋိသန္ဓေနှင့် ဆန့်ကျင်၏။

ဤသို့ တဒါရုံလည်း ဖြစ်ခွင့်မရ ဘဝင်လည်းမကျသာဘဲ အခက်အခဲကြုံရာအခါ၌ နှစ်ချက်လုံးနှင့် လျော်သော ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည် ရှေးက အလေ့အလာများသော ကာမအာရုံတစ်ပါးပါးကို အာရုံပြု၍ အာဂန္တုကဘဝင်ကိစ္စ တပ်လျက် ဖြစ်လာရပါသည်။

(ပဋိသန္ဓေနှင့်တူစွာ ရိုးရာ ကျမြဲ အာဝါသိက ဘဝင်မဟုတ်၊ လတ်တလောဖြစ်ရသော ဘဝင်ဖြစ်၍ "အာဂန္တုကဘဝင်"မည်၏။

ထိုအာဂန္တုကဘဝင်စိတ် အာရုံပြုရာ ကာမအာရုံသည် အနိဋ္ဌာရုံ ဖြစ်အံ့- အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ၊ ဣဋ္ဌာရုံဖြစ်အံ့- အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏဖြစ်၏။ ထိုဥပေက္ခာသန္တီရဏဘဝင် နောက်တွင်ကား နဂိုရိုးရာ ကျမြဲ မူလသောမနဿဘဝင် ဆက်၍ ကျလေ၏။

(ဆောင်) ။ သောနှင့်သန္ဓေ၊ နေခဲ့ပေ၍၊ စောလေဒေါသ၊ ရုံမကျ၊ ဖြစ်ရဥသံ၊ ညှော်အာဂန်။

http://www.dhammadownload.com



**မေးခွန်း ။ သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏ ဒေါသဇောနောင် (က) ဖြစ်သင့်သောစိတ်၊ (ခ) ထိုစိတ်၏အမည် (ဂ) ထိုစိတ်ဖြစ်ရာအခါ၊ (ဃ) ထိုစိတ်၏အာရုံ (င) ထိုစိတ်၏ကိစ္စတို့ကို ဖော်ပြခဲ့ပါ။**

သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏ ဒေါသဇောနောင်-

(က) ဖြစ်သင့်သောစိတ်မှာ - ဥပေက္ခာသဟဂုတ်သန္တီရဏ စိတ် ဖြစ်ပါသည်။

(ခ) ထိုစိတ်၏အမည်မှာ - အာဂန္တုကဘဝင်စိတ် ဖြစ်ပါသည်။

(ဂ) ထိုစိတ်၏ဖြစ်ရာအခါမှာ - တဒါရုံလည်း ဖြစ်ခွင့် မရ၊ ဘဝင်လည်း မကျသာဘဲ အခက်အခဲ ကြုံရာအခါ ဖြစ်ပါသည်။

(ဃ) ထိုစိတ်၏အာရုံမှာ - ရှေးက အလေ့အကျင့် များသော ကာမအာရုံ တစ်ပါးပါး ဖြစ်ပါသည်။

(င) ထိုစိတ်၏ကိစ္စမှာ - အာဂန္တုကဘဝင်ကိစ္စ ဖြစ်ပါသည်။

**မေး ။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ကို အဘယ့်ကြောင့် "အာဂန္တုကဘဝင်"ဟု ခေါ်ရပါ သနည်း။**

အခက်အခဲကြုံမှ လတ်တလောဖြစ်ရသော ဧည့်သည်ဘဝင် ဖြစ်သောကြောင့် (ဧည့်သည်ပမာ ခေတ္တ ခဏသာ ဖြစ်ရသောကြောင့်) ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်ကို "အာဂန္တုကဘဝင်"ဟု ခေါ်ဆိုရခြင်းဖြစ်ပါသည်။

**မေး ။ အာဂန္တု(ဧည့်သည်) ဘဝင်ရှိလျှင် အာဝါသိက (အိမ်ရှင်) ဘဝင်လည်း ရှိရပါမည်။ ၎င်းဘဝင်ကား အဘယ်ပါနည်း။**

http://www.dhammadownload.com



အာဝါသိက (အိမ်ရှင်)ဘဝင်ဟူသည် သောမနဿပဋိသန္ဓေနှင့် တူစွာ ရိုးရာကျမြဲ မူလ သောမနဿဘဝင် ဖြစ်ပါသည်။

မေး ။ **သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏ ဒေါသဇောနောင် သောမနဿ, ဥပေက္ခာ ဘဝင်များ ကျနိုင် - မကျနိုင် စိစစ်ဖြေဆိုပါ။**

(၁) မူလသောမနဿ ပဋိသန္ဓေအားလျော်စွာ သောမနဿဘဝင် ကျသင့်သော်လည်း မကျနိုင်ပါ၊ အဘယ့်ကြောင့်ဆိုသော် - ဒေါသဇောမှ ဒေါမနဿဝေဒနာနှင့် မူလဘဝင်မှ သောမနဿ ဝေဒနာတို့မှာ မီးနှင့်ရေပမာ ဝေဒနာချင်း ဖြောင့်ဖြောင့် ဆန့်ကျင် ဘက် ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

(၂) ရှေ့ ဒေါသဇောအားလျော်စွာ အာရုံတူသော ဥပေက္ခာဘဝင် ကျသင့်သော်လည်း မကျနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် - မူလ ပဋိသန္ဓေနှင့် မလျော်သောကြောင့်ဖြစ်ပါသည်။

(သို့ဖြစ်၍ ဒေါသဇော စောခဲ့သော ဝီထိ၏ အာရုံကို အာရုံ မပြုနိုင်ဘဲ ရှေးက လေ့ကျက်ခဲ့သော ကာမအာရုံ တစ်ပါးပါးကို အာရုံပြု၍ တစ်ဝီထိတည်းဖြစ်ပါသော်လည်း အာရုံမတူညီဘဲ ကြုံတွေ့နေသော အခက်အခဲ ပြေလည်စေရန် စိတ္တနိယာမအား လျော်စွာ ခေတ္တခဏ အာဂန္တုကဘဝင်ကျရခြင်း ဖြစ်၏။)

## (ခ) အပ္ပနာဇောဝါရ

**မနောဒွါရ၌** အပ္ပနာဇောများ စောသော ဝီထိစိတ်အစဉ်ကို အပ္ပနာဇော ဝါရဟု ခေါ်သည်၊ အပ္ပနာဇော ဝါရ၌ ဝိဘူတာရုံ၊ အဝိဘူတာရုံ အပြား မရှိချေ၊ ဈာန်ဇော၊မဂ်ဇော၊ ဖိုလ်ဇောများ စောရာ အပ္ပနာဇောဝါရဝီထိ၏ အာရုံမှန်လျှင် ထင်ရှားသော **"ဝိဘူတာရုံ"** တစ်မျိုးသာ ဖြစ်ရမည်။

ဝိဘူတာရုံဝီထိဖြစ်သော်လည်း ဝီထိစိတ်အစဉ်တွင် အပ္ပနာဇောများ စောနေခြင်းကြောင့် အပ္ပနာဇောများ နောက်တွင် တဒါရုံကျနိုင်ခြင်း မရှိချေ၊

http://www.dhammadownload.com



(တဒါရုံတို့မည်သည် ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ၃-ချက် စုံမှသာ ကျနိုင်ကြသည်၊) သို့ဖြစ်၍- ဝိဘူတာရုံဝီထိ ဖြစ်သော်လည်း တဒါရုံ မကျနိုင်သောကြောင့် တဒါရမ္မဏ ဝါရဟု မခေါ် ဆိုနိုင်။

အပ္ပနာ(ဈာန်, မဂ်, ဖိုလ်) ဇောများဇောနိုင်ရာ ပုဂ္ဂိုလ်မှာလည်း ပဋိသန္ဓေအခိုက်ကတည်းက ဉာဏ်ပါလာသော တိဟိတ်ပုဂ္ဂိုလ်များသာ ဖြစ်နိုင်သောကြောင့် ၎င်းအပ္ပနာဇောများနောက်တွင် တိဟိတ်ဘဝင်သာ ကျနိုင်ကြသည်။

အပ္ပနာဇောဝါရ မနောဒွါရဝီထိတို့တွင်- (မဟဂ္ဂုတ်) ဈာန်ဇော (လောကုတ္တရာ) မဂ်ဇော, ဖိုလ်ဇောများ ဇောပုံအလိုက် ဝီထိအမျိုးအစား ဖြစ်ပုံ ကွဲပြားသွား၏၊ အပ္ပနာဇောဝါရ မနောဒွါရဝီထိများမှာ-

(၁) ဈာနဝီထိ = (က) အာဒိကမ္မိက ဈာနဝီထိ (ရှေးဦးစွာ ဈာန်ရသော ဝီထိ)

(ခ) သမာပဇ္ဇန ဈာနဝီထိ (ရပြီး ဈာန်ကို ဝင်စားသော ဈာနသမာပတ္တိဝီထိ)

(၂) အဘိညာဉ်ဝီထိ = ရူပ ပဥ္စမဈာန်ရ (သို့) သမာပတ် ၈- ပါး၊ ၉- ပါးရ ပုထုဇဉ်၊ သေက္ခနှင့် အသေက္ခပုဂ္ဂိုလ်များ၏ လောကီအဘိညာဉ်ဝီထိ၊

(၃) မဂ္ဂဝီထိ = (က) သောတာပတ္တိမဂ္ဂဝီထိ (ရှေးဦးစွာ မဂ်-ဖိုလ်ရသောဝီထိ)

(ခ) အထက်မဂ္ဂဝီထိ

(၄) ဖလသမာပတ္တိဝီထိ = ရရှိ ပိုင်ဆိုင်ပြီးဖိုလ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု ဝင်စားသော အရိယာပုဂ္ဂိုလ်များ၏ ဖလသမာပတ္တိဝီထိ၊

(၅) နိရောဓသမာပတ္တိဝီထိ = သမာပတ် ၈- ပါး/ ၉- ပါးရ အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်များ၏ စိတ်, စေတသိက်, စိတ္တဇ

http://www.dhammadownload.com



ရုပ်တို့ အခိုက်အတန့်မျှ ချုပ်ငြိမ်းမှုသို့ ကောင်းစွာ
ရောက်ရှိစေနိုင်သော ဝီထိ၊

ဟူ၍ မဟဂ္ဂုတ်- လောကုတ္တရာ အပ္ပနာဇောဝါရဝီထိများ ကွဲပြား၏။

အပ္ပနာဇောဝါရ ဝီထိများတွင် မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ကာမာ ဝစရ ဉာဏသမ္ပယုတ်ဇော (မဟာကုသိုလ် ဉာဏ်- ၄+ မဟာကြိယာ ဉာဏ်- ၄) ၈- ပါးမှ တစ်ပါးပါးသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ- ဟူသော ဥပစာရသမာဓိဇော (ကာမတိဟိတ်ဇော) အမည်ဖြင့် မန္ဒပညပုဂ္ဂိုလ်ဖြစ်လျှင် ၄- ကြိမ်၊ တိက္ခပည ပုဂ္ဂိုလ်ဖြစ်လျှင်- ပရိကံ မပါဝင်ဘဲ ၃- ကြိမ်စော၏။

ထို ဥပစာရသမာဓိဇော (ကာမတိဟိတ်ဇော) များနောက်တွင်မှ အပ္ပနာဇော ၂၆-ပါးတို့ဖြစ်သော ဈာန်ဇော၊ မဂ်ဇော၊ ဖိုလ်ဇောတို့တွင် တစ်ပါးပါးသောဇောသည် သမထ- ဝိပဿနာဘာဝနာသို့ ရှေးရှုသည်၏ အစွမ်းဖြင့် စောလေ၏၊ ထို အပ္ပနာဇော၏ အဆုံး၌ နဂို ကျမြဲဖြစ်သော တိဟိတ်ဘဝင် ဆက်၍ ကျလေသည်။

| | | |
|---|---|---|
| မန္ဒပညပုဂ္ဂိုလ် | = | နုံ့သော, ညံ့သော ပညာရှိပုဂ္ဂိုလ်၊ |
| တိက္ခပညပုဂ္ဂိုလ် | = | ထက်မြက်သော ပညာရှိပုဂ္ဂိုလ်၊ |

## ဥပစာရသမာဓိဇောများ (ကာမတိဟိတ်ဇောများ)

(၁) ပရိကံ = အပ္ပနာဇောများ ဖြစ်ပေါ်ရန် ပြုပြင် စီရင်တတ်သောကြောင့် ပရိကံမည်၏၊

(၂) ဥပစာ = အပ္ပနာဇောများနှင့် မနီးမဝေး, အနီးအနား၌ ဖြစ်သောကြောင့်လည်းကောင်း၊ အပ္ပနာသို့ ရှေးရှု ကပ်ရောက်တတ်သောကြောင့်လည်းကောင်း ဥပစာ- မည်၏၊

(၃) အနုလုံ = အောက် ပရိကံဇောအားလည်းကောင်း၊ အထက် အပ္ပနာဇောအားလည်းကောင်း၊ လျော်စွာ ဖြစ်သောကြောင့် အနုလုံ- မည်၏၊

http://www.dhammadownload.com



(၄) ဂေါတြဘူ = (က) ကာမအနွယ်ကို နှိပ်စက် (ဖျက်ဆီး)၍ မဟဂ္ဂုတ်အနွယ်ကို ပွားစေတတ်သော ကြောင့်လည်းကောင်း၊ (ဈာနဝီထိ)

(ခ) ပုထုဇဉ်အနွယ်ကို နှိပ်စက် (ဖျက်ဆီး)၍ လောကုတ္တရာ (အရိယာ)အနွယ်ကို ပွားစေတတ်သောကြောင့်လည်းကောင်း၊ (မဂ္ဂဝီထိ) ဂေါတြဘူ- မည်၏။

## မဟဂ္ဂုတ်အပ္ပနာဇောဝါရများ

### (၁) ဈာနဝီထိ

(က) အာဒိကမ္မိကဈာနဝီထိ (ရှေးဦးစွာဈာန်ရသောဝီထိ)

မန္ဒပုဂ္ဂိုလ် = န ဒ မ ပ ဥ နု ဂေါ ဈာန်ဇော (၁) ကြိမ် တိဟိတ်ဘဝင်

တိက္ခပုဂ္ဂိုလ် = န ဒ မ ဥ နု ဂေါ ဈာန်ဇော (၁) ကြိမ် တိဟိတ်ဘဝင်

(ခ) သမာပဇ္ဇနဈာနဝီထိ (ရပြီးဈာန်ကို ဝင်စားသော ဈာနသမာပတ္တိဝီထိ)

မန္ဒ = န ဒ မ ပ ဥ နု ဂေါ ဈာန်- ဈာန်များစွာ တိဟိတ်ဘဝင်

တိက္ခ = န ဒ မ ဥ နု ဂေါ ဈာန်- ဈာန်များစွာ တိဟိတ်ဘဝင်

### (၂) အဘိညာဉ်ဝီထိ

(က) ပါဒကပဉ္စမဈာန်ဝီထိ (ကာမဇောအဓိဋ္ဌာနဝီထိအတွက် အခြေခံဝင်စားသောဝီထိ)

မန္ဒ = န ဒ မ ပ ဥ နု ဂေါ ပဉ္စမဈာန်- ဈာန်များစွာ တိဟိတ်ဘဝင်

http://www.dhammadownload.com



တိက္ခ = န ဒ မ ဉ နု ဂေါ ပဉ္စမဈာန်- ဈာန်များစွာ တိဟိတ် ဘဝင်

(ခ) ကာမဇောအဓိဋ္ဌာနဝီထိ (မိမိစိတ်အကြံအတိုင်း အဓိဋ္ဌာန်သော ဝီထိ)

န ဒ မ ကာမအဓိဋ္ဌာန်ဇော ၇-ကြိမ် တိဟိတ်ဘဝင်

(ဂ) ပါဒက ပဉ္စမဈာန်ဝီထိ (အဘိညာဉ်ဝီထိအတွက် အခြေခံ ဝင်စား သော ဝီထိ)

မန္ဒ = န ဒ မ ပ ဉ နု ဂေါ ပဉ္စမဈာန်- ဈာန်များစွာ တိဟိတ် ဘဝင်

တိက္ခ = န ဒ မ ဉ နု ဂေါ ပဉ္စမဈာန်- ဈာန်များစွာ တိဟိတ် ဘဝင်

(ဃ) အဘိညာဉ်ဝီထိ

မန္ဒ = န ဒ မ ပ ဉ နု ဂေါ အဘိညာဉ်ဇော ၁-ကြိမ် တိဟိတ်ဘဝင်

တိက္ခ = န ဒ မ ဉ နု ဂေါ အဘိညာဉ်ဇော ၁-ကြိမ် တိဟိတ်ဘဝင်

ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ် = ရူပ ပဉ္စမဈာန် ကုသိုလ်အဘိညာဉ်၊

အသေက္ခပုဂ္ဂိုလ် = ရူပ ပဉ္စမဈာန် ကြိယာအဘိညာဉ်၊

## လောကုတ္တရာ အပ္ပနာဇောဝါရများ

(၁) သောတာပတ္တိမဂ္ဂဝီထိ (ပုထုဇဉ်ဘဝမှ သောတာပန်အရိယာအဖြစ်သို့ စတင်ဦး ရရှိသောဝီထိ)

မန္ဒ = န ဒ မ ပ ဉ နု ဂေါ သောမဂ် (၁) သောဖိုလ်(၂) တိဟိတ်ဘဝင်

တိက္ခ = န ဒ မ ဉ နု ဂေါ သောမဂ် (၁) သောဖိုလ်(၃) တိဟိတ်ဘဝင်

http://www.dhammadownload.com



(၂) အထက်မဂ္ဂဝီထိ (အထက်မဂ်- ဖိုလ်များရရှိသောဝီထိ)

မန္ဒ = န ဒ မ ပ ဥ နု ဂေါ အထက်မဂ် (၁) ဖိုလ်(၂) တိဟိတ်ဘဝင်

တိက္ခ = န ဒ မ ဥ နု ဂေါ အထက်မဂ် (၁) ဖိုလ်(၃) တိဟိတ်ဘဝင်

(၃) ဖလသမာပတ္တိဝီထိ (ဖိုလ်ဝင်စားသောဝီထိ - ဖိုလ်ချမ်းသာခံစားသောဝီထိ)

မန္ဒ = န ဒ မ နု နု နု နု ဖိုလ် - ဖိုလ်များစွာ တိဟိတ်ဘဝင်

တိက္ခ = န ဒ မ နု နု နု ဖိုလ် - ဖိုလ်များစွာ တိဟိတ်ဘဝင်

(၄) နိရောဓသမာပတ္တိဝီထိ

မန္ဒ (အနာဂါမ်) = န ဒ မ ပ ဥ နု ဂေါ နေဝကု(၂) နိရောဓ အနာဖိုလ် (၁) တိဘဝင်

တိက္ခ ( ။ ) = န ဒ မ ဥ နု ဂေါ နေဝကု(၂) နိရောဓ အနာဖိုလ်(၁) တိဘဝင်

မန္ဒ (ရဟန္တာ) = န ဒ မ ပ ဥ နု ဂေါ နေဝကြိ(၂) နိရောဓ အရဖိုလ် (၁) တိဘဝင်

တိက္ခ ( ။ ) = န ဒ မ ဥ နု ဂေါ နေဝကြိ(၂) နိရောဓ အရဖိုလ်(၁) တိဘဝင်

ဈာနသမာပတ် (ဈာန်ဝင်စားသည်) = သက်ဆိုင်ရာ ကသိုဏ်းပညတ် စသော သမထ ကမ္မဋ္ဌာန်းကို အာရုံ ပြု၍ဈာန်ဇောများ ဆက်တိုက် အကြိမ်များစွာ ဖြစ်နေခြင်း၊

ဈာန်မှထသည် = ဈာန်ဇောများ ဆက်တိုက် အကြိမ်များစွာ ဖြစ်နေရာမှ ဘဝင်စိတ် ဖြစ်လာခြင်း၊

(မှတ်ချက်။ ဈာန်ဝင်စားနိုင်သောပုဂ္ဂိုလ်များမှာ- ဈာန်ရပြီးသော တိဟိတ် ပုထုဇဉ်နှင့် ဖိုလ်ပုဂ္ဂိုလ် ၄-ယောက်)

http://www.dhammadownload.com



ဖလသမာပတ် (ဖိုလ်ဝင်စားသည်) = မိမိတို့ ရရှိ ပိုင်ဆိုင်ထားရာ ဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ ဖိုလ်ဇောများ ဆက်တိုက် အကြိမ်များစွာ ဖြစ်နေခြင်း၊

ဖိုလ်မှထသည် = ဖိုလ်ဇောများ ဆက်တိုက် အကြိမ်များစွာ ဖြစ်နေရာမှ ဘဝင်စိတ် ဖြစ်လာခြင်း၊

(မှတ်ချက်) ဖိုလ်ဝင်စားနိုင်သော ပုဂ္ဂိုလ်မှာ ဖိုလ်ပုဂ္ဂိုလ် ၄-ယောက်သာ ဖြစ်သည်။

နိရောဓသမာပတ်ဝင်စားသည် = စိတ်, စေတသိက်, စိတ္တဇရုပ်များ အခိုက်အတန့်မျှ ချုပ်ငြိမ်းခြင်းသို့ ကောင်းစွာ ရောက်ရှိနေခြင်း၊

(မှတ်ချက် ။ နိရောဓသမာပတ်ကို ပဉ္စဝေါကာရဘုံရှိ သမာပတ် ၈-ပါး၊ ၉-ပါး ရရှိပြီးသော အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်များသာ ဝင်စားနိုင်သည်၊ နိရောဓသမာပတ်ဝင်စားခါနီး၌ နေဝသညာနာသညာ ယတနစျာန်ဇောသည် (အနာဂါမ်ဖြစ်က ကုသိုလ်ဇော၊ ရဟန္တာဖြစ်က ကြိယာဇော) ၂- ကြိမ် ဖြစ်၏၊ ထို့နောက် နိရောဓဟု စိတ်, စေတသိက်, စိတ္တဇရုပ်များ ချုပ်ငြိမ်းခြင်းသို့ ကောင်းစွာ ရောက်ရှိပြီ ဖြစ်၏။)

နိရောဓသမာပတ်မှထသည် = စိတ်, စေတသိက်, စိတ္တဇရုပ်များ ချုပ်ငြိမ်းခြင်းသို့ ကောင်းစွာ ရောက်ရှိနေရာမှ နိဗ္ဗာန်ကို အာရုံပြု၍ အနာဂါမ် ဖြစ်မူအနာဂါမိဖိုလ်ဇော (၁)ကြိမ်၊ ရဟန္တာဖြစ်မူ အရဟတ္တဖိုလ်ဇော (၁)ကြိမ် ဖြစ်လာခြင်း၊

= ချုပ်ငြိမ်းနေသော စိတ်, စေတသိက်, စိတ္တဇရုပ်များ တစ်ဖန်ပြန်၍ ဖြစ်ပေါ်လာခြင်း၊

http://www.dhammadownload.com



နိရောဓသမာပတ်ဝင်စားနေစဉ်ချုပ်နေသောတရားများ = စိတ်, စေတသိက်, စိတ္တဇရုပ်များ၊

နိရောဓသမာပတ်ဝင်စားနေစဉ်ဖြစ်နေသောတရားများ = ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ် (ကာမဘုံသား)

= ကမ္မဇရုပ်, ဥတုဇရုပ် (ရူပဘုံသား)

## နိရောဓသမာပတ်ဝင်စားသူနှင့် သေသူ (အထူး)

နိရောဓသမာပတ်ဝင်စားသူ = စိတ်, စေတသိက်, စိတ္တဇရုပ်များချုပ်၊ ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်များ ဖြစ်၏။

သေသူ = စိတ်, စေတသိက်, ကမ္မဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ်များချုပ်၊ ဥတုဇရုပ်များ ကျန်- ဆက်ဖြစ်။

## နိရောဓနှင့် နိဗ္ဗာန် (အထူး)

နိရောဓ = စိတ်, စေတသိက်, စိတ္တဇရုပ်များသာချုပ်၊ ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်များဆက်ဖြစ်၊

နိဗ္ဗာန် = စိတ်, စေတသိက်, ရုပ် အားလုံးချုပ်။

http://www.dhammadownload.com



# ဇဝန နိယာမ

ဇောတို့ကို ပိုင်းခြားမှတ်သား၍ ပြရာ စကားရပ်ကို "ဇဝန နိယာမ" ဟုခေါ်သည်။

## ကာမဇော

### ၇- ကြိမ်စောသောဇော

(၁) ပကတိရိုးရိုးအခါ- ကာမဇော ၇- ကြိမ်၊

(၂) ကာမအဓိဋ္ဌာနဝီထိ၌အဓိဋ္ဌာန်သောအခါ အဓိဋ္ဌာန်ဇော ၇-ကြိမ်၊

(၃) ချာန်အင်္ဂါကို သာမန် ဆင်ခြင်ရသောအခါ ပစ္စဝေက္ခဏဇော ၇-ကြိမ်၊

### ၆- ကြိမ်စောသောဇော

အာရုံ အားနည်းသောအခါ ကာမဇောသည် ၆-ကြိမ်စော၏။

### ၅-ကြိမ်စောသောဇော

မှိုရာဝတ္ထုရုပ်အားနည်းသော-

(၁) သေခါနီးအခါ (မရဏကာလ)

(၂) မိန်းမော တွေဝေနေသောအခါ (မုစ္ဆာကာလ)

(၃) သတိမေ့လျော့နေသောအခါ (ဝိသညီကာလ)

(၄) အမိဝမ်းတွင်း ပဋိသန္ဓေတည်နေခိုက်အခါ၊ ဖွားခါစအခါ (အတိတဂဗ္ဘကာလ) စသည်တို့၌နှံ့သည်၏ အဖြစ်ကြောင့် ၅-ကြိမ်သာ စော၏။

### ၄-ကြိမ်၊ ၅-ကြိမ်စောသောဇော

(၁) မြတ်စွာဘုရား၏ ရေအစုံ၊ မီးအစုံစသော တန်ခိုးပြာဋိဟာကို ပြရာအခါ၌ လျင်မြန်စွာ ချာန်အင်္ဂါကို ဆင်ခြင်ရသော ပစ္စဝေက္ခဏာဝီထိများ၌ ပစ္စဝေက္ခဏာဇောသည် ၄-ကြိမ်စော၏။

http://www.dhammadownload.com



(၂) ရှင်မောဂ္ဂလာန်စသော သာဝကများကား ပစ္စဝေက္ခဏာဇောသည် ၅-ကြိမ်စော၏။

၄-ကြိမ်၊ ၃-ကြိမ်စောသောဇော

အပ္ပနာဇော၏ရှေ့ ဥပစာရသမာဓိ ဇောအခိုက်၌-

(၁) မန္ဒပညာပုဂ္ဂိုလ်များသည် ကာမတိဟိတ်ဇော ၄-ကြိမ်စော၏၊

(၂) တိက္ခပညာပုဂ္ဂိုလ်များသည် ကာမတိဟိတ်ဇော ၃-ကြိမ်စော၏။

## အပ္ပနာဇော

၁- ကြိမ်စောသောဇော

(၁) အာဒိကမ္မိကဈာနဝီထိ၌ ဈာန်ဇော ၁-ကြိမ်၊

(၂) အဘိညာဉ်ဝီထိ၌ အဘိညာဉ်ဇော ၁-ကြိမ်၊

(၃) မဂ္ဂဝီထိများ၌ မဂ်ဇော ၁-ကြိမ်၊

(၁) နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ဖြစ်လျှင် အနာဂါမိဖိုလ်ဇော ၁-ကြိမ်၊ ရဟန္တာဖြစ်လျှင် အရဟတ္တဖိုလ်ဇော ၁-ကြိမ်၊

၂-ကြိမ်စောသောဇော

နိရောဓသမာပတ် ဝင်စားခါနီး၌ အနာဂါမ်ဖြစ်မူ- နေဝသညာနာသညာယတနကုသိုလ်ဇော ၂-ကြိမ် ရဟန္တာဖြစ်မူ - နေဝသညာ နာသညာယတန ကြိယာဇော ၂-ကြိမ်၊

၂- ကြိမ်၊ ၃- ကြိမ်စောသောဇော

မဂ္ဂဝီထိများ၌ မဂ်၏ အခြားမဲ့၌ဖြစ်သော ဖိုလ်ဇောသည် မန္ဒပုဂ္ဂိုလ်ဖြစ်မူ ၂-ကြိမ်၊ တိက္ခပုဂ္ဂိုလ်ဖြစ်မူ ၃-ကြိမ်စော၏။

အကြိမ်များစွာစောသောဇော

(၁) ဈာနသမာပတ္တိဝီထိ၌ "ဈာန် - ဈာန်" ဟု အကြိမ်များစွာ၊

(၂) ဖလသမာပတ္တိဝီထိ၌ "ဖိုလ် - ဖိုလ်" ဟု အကြိမ်များစွာ၊

http://www.dhammadownload.com



## ကာမတိဟိတ်ဇော နောင် အပ္ပနာဇောနှောင်းပုံ

ကာမတိဟိတ်ဇောများဖြစ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော ၄- ပါး၊ မဟာကြိယာဉာဏသမ္ပယုတ်ဇော ၄-ပါးတို့နောင် အပ္ပနာဇောများ နှောင်းရာဝယ်-

### (က) ဝေဒနာပေါ်မူတည်၍

သောမနဿ ကာမတိဟိတ်ဇောနောင် သောမနဿ အပ္ပနာဇောသာ စောရပါမည်၊

ဥပေက္ခာ ကာမတိဟိတ်ဇောနောင် ဥပေက္ခာ အပ္ပနာဇောသာ စောရပါမည်၊ သို့ဖြစ်၍-

### (၁) သောမနဿ မဟာကုသိုလ်, မဟာကြိယာ ကာမတိဟိတ်ဇော ၄- ပါးနောင်-

မဟဂ္ဂုတ်ကုသိုလ်, ကြိယာ သောမနဿဇော ၈-ပါး၊ မဂ်သောမနဿဇော ၁၆-ပါး၊

ဖိုလ်သောမနဿဇော ၁၆-ပါး၊ ပေါင်း သောမနဿ အပ္ပနာဇော ၄၀-ပါး စောနိုင်ပါသည်။

### (၂) ဥပေက္ခာ မဟာကုသိုလ်, မဟာကြိယာ ကာမတိဟိတ်ဇော ၄- ပါးနောင်-

မဟဂ္ဂုတ်ကုသိုလ်, ကြိယာ ဥပေက္ခာဇော ၁၀- ပါး၊ မဂ် ဥပေက္ခာဇော ၄- ပါး၊ ဖိုလ်ဥပေက္ခာဇော ၄- ပါး၊ ပေါင်း ဥပေက္ခာအပ္ပနာဇော (၁၈)ပါး စောနိုင်ပါသည်။

### (ခ) ပုဂ္ဂိုလ်တို့ကိုမူတည်၍

(၁) တိဟိတ်ပုထုဇဉ်နှင့်သေက္ခပုဂ္ဂိုလ်တို့၏-

http://www.dhammadownload.com



ကာမတိဟိတ် ကုသိုလ်ဇော ၄-ပါးနှောင်-

မဟဂ္ဂုတ်ကုသိုလ် = ၉-ပါး
မဂ်ကုသိုလ် = ၂၀-ပါး
အောက်ဖိုလ် = ၁၅-ပါး
ပေါင်း အပ္ပနာဇော = ၄၄-ပါး နှောင်း၏။

(၂) ရဟန္တာ (အသေက္ခ) ပုဂ္ဂိုလ်တို့၏-

ကာမတိဟိတ် ကြိယာဇော ၄- ပါးနှောင်-

မဟဂ္ဂုတ်ကြိယာ = ၉-ပါး
အရဟတ္တဖိုလ် = ၅-ပါး
ပေါင်း အပ္ပနာဇော = ၁၄-ပါး နှောင်း၏။

(တစ်နည်း)

(၁) တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်၏-

ကာမတိဟိတ် ကုသိုလ်ဇော ၄- ပါးနှောင်-

မဟဂ္ဂုတ်ကုသိုလ် = ၉-ပါး
သောတာပတ္တိမဂ်ဇော = ၅-ပါး
ပေါင်း အပ္ပနာဇော = ၁၄-ပါး နှောင်း၏။

(၂) သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၏-

ကာမတိဟိတ် ကုသိုလ်ဇော ၄- ပါးနှောင်-

မဟဂ္ဂုတ်ကုသိုလ် = ၉-ပါး
သောတာပတ္တိဖိုလ် = ၅-ပါး
သကဒါဂါမိမဂ် = ၅-ပါး
ပေါင်း အပ္ပနာဇော = ၁၉-ပါး နှောင်း၏။

http://www.dhammadownload.com



(၃) သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၏-

ကာမတိဟိတ် ကုသိုလ်ဇော ၄- ပါးနှောင်-

| | | |
|---|---|---|
| မဟဂ္ဂုတ်ကုသိုလ် | = | ၉-ပါး |
| သကဒါဂါမိဖိုလ် | = | ၅-ပါး |
| အနာဂါမိမဂ် | = | ၅-ပါး |
| ပေါင်း အပ္ပနာဇော | = | ၁၉-ပါး နှောင်း၏။ |

(၄) အနာဂါမိဖိုလ်ပုဂ္ဂိုလ်၏-

ကာမတိဟိတ်ကုသိုလ်ဇော ၄- ပါးနှောင်-

| | | |
|---|---|---|
| မဟဂ္ဂုတ်ကုသိုလ် | = | ၉-ပါး |
| အနာဂါမိဖိုလ် | = | ၅-ပါး |
| အရဟတ္တမဂ် | = | ၅-ပါး |
| ပေါင်း အပ္ပနာဇော | = | ၁၉-ပါး နှောင်း၏။ |

(၅) အရဟတ္တဖိုလ် (ရဟန္တာ)ပုဂ္ဂိုလ်၏-

ကာမတိဟိတ်ကြိယာဇော ၄-ပါးနှောင်-

| | | |
|---|---|---|
| မဟဂ္ဂုတ်ကြိယာ | = | ၉-ပါး |
| အရဟတ္တဖိုလ် | = | ၅-ပါး |
| ပေါင်း အပ္ပနာဇော | = | ၁၄-ပါး နှောင်း၏။ |

(ဆောင်) ။ ။ တိပုံ, ရဟန္တာ၊ အပ္ပနာ၊ ရွေးပါဆယ့်လေးစီ။

သော, သ, နာဂါမ်၊ ဖလဌာန်၊ ရွေးရန်ဆယ့်ကိုးစီ။

မဂ္ဂဌာန်မှာ၊ ကိုယ့်ဆိုင်ရာ၊ မဂ်သာစောပေသည်။

http://www.dhammadownload.com



(ဂ) ဝေဒနာနှင့်ဇာတ်တို့ကိုမူတည်၍-

(၁) သောမနဿကာမတိဟိတ်ကုသိုလ်ဇော ၂-ပါးနှောင်-
(မဟာကုသိုလ် ပထမဒွေး)

| | | |
|---|---|---|
| သောမနဿမဟဂ္ဂုတ်ကုသိုလ် | = | ၄ ပါး |
| သောမနဿမဂ်ကုသိုလ် | = | ၁၆ ပါး |
| သောမနဿအောက်ဖိုလ် | = | ၁၂ ပါး |
| ပေါင်း သောမနဿအပ္ပနာဇော | = | ၃၂ ပါး |

(၂) ဥပေက္ခာကာမတိဟိတ်ကုသိုလ်ဇော ၂-ပါးနှောင်-
(မဟာကုသိုလ် တတိယဒွေး)

| | | |
|---|---|---|
| ဥပေက္ခာမဟဂ္ဂုတ်ကုသိုလ် | = | ၅ ပါး |
| ဥပေက္ခာမဂ်ကုသိုလ် | = | ၄ ပါး |
| ဥပေက္ခာအောက်ဖိုလ် | = | ၃ ပါး |
| ပေါင်း ဥပေက္ခာအပ္ပနာဇော | = | ၁၂ ပါး |

(၃) သောမနဿကာမတိဟိတ်ကြိယာဇော ၂-ပါးနှောင်-
(မဟာကြိယာ ပထမဒွေး)

| | | |
|---|---|---|
| သောမနဿမဟဂ္ဂုတ်ကြိယာ | = | ၄ ပါး |
| သောမနဿအရဟတ္တဖိုလ် | = | ၄ ပါး |
| ပေါင်း သောမနဿအပ္ပနာဇော | = | ၈ ပါး |

(၄) ဥပေက္ခာကာမတိဟိတ်ကြိယာဇော ၂-ပါးနှောင်-
(မဟာကြိယာတတိယဒွေး)

| | | |
|---|---|---|
| ဥပေက္ခာမဟဂ္ဂုတ်ကြိယာ | = | ၅ ပါး |
| ဥပေက္ခာအရဟတ္တဖိုလ် | = | ၁ ပါး |
| ပေါင်း ဥပေက္ခာအပ္ပနာဇော | = | ၆ ပါး |

* * * * *

http://www.dhammadownload.com



# ပုဂ္ဂလဘေဒ

ပုဂ္ဂိုလ်အပြားအားဖြင့် ခွဲခြား၍ရထိုက်သော ဝီထိစိတ်များပြရာအခန်းကို - "ပုဂ္ဂလဘေဒ" ဟုခေါ်သည်၊ "ပုဂ္ဂိုလ်စိတ်ရ" ခွဲခြားပြသော အခန်းဟူ၍လည်း ခေါ်၏။

## ပုဂ္ဂိုလ်အပြား ၁၂-ပါး

(က) ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်

(၁) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် = ဒုဂ္ဂတိဘုံဖြစ်သော အပါယ် ၄-ဘုံ၌ ဟိတ်မယှဉ်သော အကုသလ ဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်။

(၂) သုဂတိတိအဟိတ်ပုဂ္ဂိုလ် = (က) သုဂတိဘုံဖြစ်သောလူဘုံ၊ စာတုမဟာရာဇ်ဘုံ၌ ဟိတ် မယှဉ်သော အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်၊

(ခ) သုဂတိဘုံဖြစ်သော အသညသတ်ဘုံ၌ ဟိတ်လုံးဝမရှိသော ဇီဝိတနဝကကလာပ်ရုပ် ပဋိသန္ဓေဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်၊

(၃) ဒွိဟိတ်ပုဂ္ဂိုလ် = ကာမသုဂတိဘုံတို့၌ အလောဘ၊ အဒေါသ ဟိတ်နှစ်ပါး ယှဉ်သော မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄-ပါးဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်၊

http://www.dhammadownload.com



(၄) တိဟိတ်ပုဂ္ဂိုလ် = ကာမသုဂတိဘုံ, ရူပ, အရူပဘုံတို့၌ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးပါးယှဉ်သော မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ မဟဂ္ဂုတ် ဝိပါက်စိတ် ၉-ပါးတို့မှ တစ်ပါးပါးဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်၊

မှတ်ချက် ။ ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်တို့မှတိဟိတ်ပုဂ္ဂိုလ်သည်သာ ပဋိသန္ဓေ စိတ်ကတည်းက ဉာဏ်နှင့်ယှဉ်သောကြောင့် ကျင့်ကြံ အားထုတ် လျှင် ဈာန်, မဂ်, ဖိုလ်တို့ကို ရရှိကာ ဈာန်ရပုဂ္ဂိုလ်၊ အရိယာ ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိနိုင်သည်။

ကျန် ပုထုဇဉ်ပုဂ္ဂိုလ် ၃-ယောက်မှာ ဉာဏ်မယှဉ်သော ပဋိသန္ဓေ စိတ်များဖြင့် ပဋိသန္ဓေနေခဲ့၍ ပညာဉာဏ်ကင်းကာ ညံ့ဖျင်းသော ကြောင့် ဈာန်, မဂ်, ဖိုလ် မရနိုင်ပါ။ ဤသို့ ဈာန်, မဂ်, ဖိုလ် မရနိုင်သဖြင့် အပ္ပနာဇောများနှင့် ကြိယာဇောများ မရအပ်ပါ။

## (ခ) အရိယာပုဂ္ဂိုလ် ၈-ယောက်

(၁) သောတာပတ္တိမဂ်ပုဂ္ဂိုလ် = သောတာပတ္တိမဂ်ခဏ၌တည်ဆဲ ပုဂ္ဂိုလ်။
(၂) သောတာပတ္တိဖိုလ်ပုဂ္ဂိုလ် = သောတာပတ္တိဖိုလ်ရပြီးသောပုဂ္ဂိုလ်။
(၃) သကဒါဂါမိမဂ်ပုဂ္ဂိုလ် = သကဒါဂါမိမဂ်ခဏ၌တည်ဆဲ ပုဂ္ဂိုလ်။
(၄) သကဒါဂါမိဖိုလ်ပုဂ္ဂိုလ် = သကဒါဂါမိဖိုလ်ရပြီးသောပုဂ္ဂိုလ်။
(၅) အနာဂါမိမဂ်ပုဂ္ဂိုလ် = အနာဂါမိမဂ်ခဏ၌တည်ဆဲပုဂ္ဂိုလ်။
(၆) အနာဂါမိဖိုလ်ပုဂ္ဂိုလ် = အနာဂါမိဖိုလ်ရပြီးသောပုဂ္ဂိုလ်။
(၇) အရဟတ္တမဂ်ပုဂ္ဂိုလ် = အရဟတ္တမဂ်ခဏ၌တည်ဆဲပုဂ္ဂိုလ်။
(၈) အရဟတ္တဖိုလ်ပုဂ္ဂိုလ် = အရဟတ္တဖိုလ်ရပြီးသောပုဂ္ဂိုလ်။

မဂ်ပုဂ္ဂိုလ် ၄-ယောက် + ဖိုလ်ပုဂ္ဂိုလ် ၄-ယောက် = အရိယာပုဂ္ဂိုလ် ၈-ယောက်။

http://www.dhammadownload.com



မှတ်ချက် ။ အရိယာပုဂ္ဂိုလ် ၈-ယောက်တွင် အရဟတ္တဖိုလ်ပုဂ္ဂိုလ် (ရဟန္တာ) အား အသေက္ခ(ကျင့်ပြီး) ပုဂ္ဂိုလ်ဟု ခေါ်၍ ကျန် အရိယာပုဂ္ဂိုလ် ၇-ယောက်တို့အား သေက္ခ(ကျင့်ဆဲ)ပုဂ္ဂိုလ်များဟု ခေါ်ကြ၏။

## တိဟိတ်ပုဂ္ဂိုလ် ၉-ယောက်

တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည်သာ အရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိစေရန် ကျင့်ကြံ အားထုတ်နိုင်သောကြောင့် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ၁-ယောက်၊ အရိယာပုဂ္ဂိုလ် ၈-ယောက်၊ ပေါင်း ၉-ယောက်တို့ကို "တိဟိတ်ပုဂ္ဂိုလ်" ဟုသတ်မှတ်ခေါ်ဆိုကြ၏။

မှတ်ရန်။ ။ ပုဂ္ဂိုလ် ၄-မျိုး

(၁) ပဋိသန္ဓေနေ၍ မစုတေသောပုဂ္ဂိုလ် = မရှိ၊

(၂) စုတေသာစုတေ၍ပဋိသန္ဓေမနေသောပုဂ္ဂိုလ် = အရဟတ္တဖိုလ်ပုဂ္ဂိုလ်၊

(၃) ပဋိသန္ဓေလည်းနေ၊ စုတေလည်းစုတေသောပုဂ္ဂိုလ် = ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက် အောက်ဖိုလ်ပုဂ္ဂိုလ် ၃-ယောက်၊

(၄) ပဋိသန္ဓေလည်းမနေ၊ စုတေလည်းမစုတေသောပုဂ္ဂိုလ် = မဂ်ပုဂ္ဂိုလ် ၄-ယောက်၊

## ဘုံ-ပုဂ္ဂိုလ်ရ

(၁) အပါယ် ၄-ဘုံ၌ = ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ၁-ယောက်ရ၏၊
= ၄-ဘုံ၌ ၄-ယောက်ရ၏။

http://www.dhammadownload.com



(၂) လူ့ဘုံ၊ စာတုမဟာရာဇ်ဘုံ၌ = ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် ကြဉ်သော ပုဂ္ဂိုလ် ၁၁-ယောက် ရ၏။
= ၂-ဘုံ၌ ၂၂-ယောက်ရ၏။

(၃) အထက်နတ်ပြည် ၅-ထပ်၌ = ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ် ပုဂ္ဂိုလ်ကြဉ်သော ပုဂ္ဂိုလ် ၁၀-ယောက်ရ၏။
= ၅-ဘုံ၌ ၅၀-ယောက်ရ၏။

(၄) ဝေဟပ္ဖိုလ်တိုင်အောင်သောရူပ ၁၀-ဘုံ၌ = တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ၁-ယောက်၊ အရိယာပုဂ္ဂိုလ် ၈-ယောက်၊ ပေါင်း တိဟိတ် ပုဂ္ဂိုလ် ၉-ယောက် ရ၏။
= ၁၀-ဘုံ၌ ၉၀-ယောက် ရ၏။

(၅) အသညသတ်ဘုံ၌ = သုဂတိအဟိတ်ပုဂ္ဂိုလ် ၁-ယောက်ရ၏။
= ၁-ဘုံ၌ ၁-ယောက်ရ၏။

(၆) သုဒ္ဓါဝါသ ၅-ဘုံ၌ = အနာဂါမိဖိုလ်ပုဂ္ဂိုလ် ၁-ယောက်၊ အရဟတ္တမဂ် ပုဂ္ဂိုလ် ၁-ယောက်၊ အရဟတ္တ ဖိုလ်ပုဂ္ဂိုလ် ၁-ယောက်၊ ပေါင်း ပုဂ္ဂိုလ် ၃-ယောက်ရ၏။
= ၅-ဘုံ၌ ၁၅-ယောက် ရ၏။

http://www.dhammadownload.com



(၇) အရူပ ၄-ဘုံ၌ = တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ၁-ယောက်၊ သောတာပတ္တိမဂ်ပုဂ္ဂိုလ်ကြဉ်သော အရိယာပုဂ္ဂိုလ် ၇- ယောက်၊ ပေါင်း ပုဂ္ဂိုလ် ၈-ယောက်ရ၏။
= ၄-ဘုံ၌ ၃၂-ယောက်ရ၏။

သို့ဖြစ်၍---

(၁) ပုဂ္ဂိုလ်အနည်းဆုံးရရာဘုံ = အပါယ် ၄-ဘုံ + အသညသတ်ဘုံ
= ၅-ဘုံ

ပုဂ္ဂိုလ်အများဆုံးရရာဘုံ = လူ့ဘုံ + စာတုမဟာရာဇ်ဘုံ
= ၂- ဘုံ

(၂) ပုထုဇဉ်ချည်းသာ ရသောဘုံ = အပါယ် ၄-ဘုံ + အသညသတ်ဘုံ
= ၅-ဘုံ

အရိယာချည်းသာ ရသောဘုံ = သုဒ္ဓါဝါသ ၅-ဘုံ

ပုထုဇဉ်ရော-အရိယာပါ ရသောဘုံ = ကာမသုဂတိ = ၇-ဘုံ
ဝေဟပ္ဖိုလ်တိုင်ရူပ = ၁၀-ဘုံ
အရူပ = ၄-ဘုံ
ပေါင်း = ၂၁-ဘုံ

## ဘုံ-ပုဂ္ဂိုလ်ပေါင်း

| | | | |
|---|---|---|---|
| (၁) | အပါယ် ၄-ဘုံ၌ ရနိုင်သော ပုဂ္ဂိုလ်ပေါင်း | = | ၄-ယောက် |
| (၂) | လူ့ဘုံ၊ စာတုမဟာရာဇ်ဘုံ၌ ။ | = | ၂၂-ယောက် |
| (၃) | အထက်နတ်ပြည် ၅-ထပ်၌ ။ | = | ၅၀-ယောက် |
| (၄) | ဝေဟပ္ဖိုလ်တိုင် ရူပ ၁၀-ဘုံ၌ | = | ၉၀-ယောက် |
| (၅) | အသညသတ်ဘုံ၌ | = | ၁-ယောက် |
| (၆) | သုဒ္ဓါဝါသဘုံ၌ | = | ၁၅-ယောက် |

http://www.dhammadownload.com



(၇) အရူပ ၄-ဘုံ၌ = ၃၂-ယောက်

ပေါင်း ၃၁- ဘုံ၌ ရနိုင်သော ပုဂ္ဂိုလ်ပေါင်း = ၂၁၄-ယောက်

(✱✱ "ပုဂ္ဂိုလ်အပြားဝါကရား"ဟုပိဋကသင်္ချာနှင့်အညီ မှတ်သားလေ့ ရှိကြ၏။)

## ပုဂ္ဂိုလ် ဘုံရ

(၁) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်သည် = အပါယ် ၄ -ဘုံ၌သာ ဖြစ်၏။

(၂) သုဂတိအဟိတ်ပုဂ္ဂိုလ်သည် = လူ့ဘုံ၊ စာတုမဟာရာဇ်ဘုံ၊ အသညသတ် ဘုံ၊ ပေါင်း ၃- ဘုံ၌ ဖြစ်၏။

(၃) ဒွိဟိတ်ပုဂ္ဂိုလ် = ကာမသုဂတိ ၇- ဘုံ၌သာဖြစ်၏။

(၄) တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် = ကာမသုဂတိ ၇-ဘုံ၊ ဝေဟပ္ဖိုလ်တိုင် ရူပ ၁၀- ဘုံ၊ အရူပ ၄- ဘုံ၊ ပေါင်း ၂၁-ဘုံ၌ ဖြစ်၏။

(၅) သောတာပတ္တိမဂ်ပုဂ္ဂိုလ်သည် = ကာမသုဂတိ ၇-ဘုံ၊ ဝေဟပ္ဖိုလ်တိုင် ရူပ ၁၀-ဘုံ၊

= ပေါင်း ၁၇-ဘုံ၌ ဖြစ်၏။

(၆) အလယ်မဂ်ပုဂ္ဂိုလ်၂-ယောက်၊ အောက်ဖိုလ်ပုဂ္ဂိုလ် ၂-ယောက်တို့သည်-

= ကာမသုဂတိ၇-ဘုံ၊ ဝေဟပ္ဖိုလ်တိုင် ရူပ ၁၀-ဘုံ၊ အရူပ ၄-ဘုံ၊ ပေါင်း ၂၁-ဘုံ၌ ဖြစ်၏။

(၇) အနာဂါမိဖိုလ်ပုဂ္ဂိုလ်၊ အရဟတ္တမဂ်ပုဂ္ဂိုလ်၊ အရဟတ္တဖိုလ်ပုဂ္ဂိုလ်သည်-

= ကာမသုဂတိ ၇-ဘုံ၊ ဝေဟပ္ဖိုလ်တိုင် ရူပ ၁၀-ဘုံ၊ သုဒ္ဓါဝါသ ၅-ဘုံ၊ အရူပ ၄-ဘုံ၊

= ပေါင်း ၂၆-ဘုံ၌ ဖြစ်၏။

http://www.dhammadownload.com



# ပုဂ္ဂိုလ်စိတ်ရ

## ကာမဘုံ ပုထုဇဉ်တို့ စိတ်ရ

(၁) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ရနိုင်သော စိတ် (ဝီထိစိတ်)

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂-ပါး |
| ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် | = | ၁၇-ပါး |
| မဟာကုသိုလ်စိတ် | = | ၈-ပါး |
| ပေါင်းရနိုင်သော စိတ် (ဝီထိစိတ်) | = | ၃၇-ပါး |

မှတ်ချက် - ရနိုင်သောစိတ်များတွင် ဝီထိမုတ်စိတ် (မဟာဂ္ဂုတ်ဝိပါတ်စိတ် ၉-ပါး) မပါဝင်သောကြောင့် ရနိုင်သော ဝီထိစိတ်ဟု မေးလျှင်လည်း ဤစိတ်အတိုင်းပင် ဖြေဆိုရမည်။

## ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌ မရနိုင်သောစိတ်

| | | |
|---|---|---|
| ဟသိတုပ္ပါဒ်စိတ် | = | ၁-ပါး |
| မဟာဝိပါက်စိတ် | = | ၈-ပါး |
| မဟာကြိယာစိတ် | = | ၈-ပါး |
| မဟဂ္ဂုတ်စိတ် | = | ၂၇-ပါး |
| လောကုတ္တရာစိတ် | = | ၈-ပါး |
| ပေါင်း မရနိုင်သောစိတ် | = | ၅၂-ပါး |

မှတ်ချက် - မရနိုင်သော စိတ်ပေါင်း ၅၂-ပါးတွင် ဝီထိမုတ်စိတ် (မဟဂ္ဂုတ်ဝိပါက် ၉-ပါး) ပါဝင်နေသောကြောင့် မရနိုင်သော ဝီထိစိတ်ဟု မေးလျှင် မဟဂ္ဂုတ်ဝိပါတ် ၉-ပါးကို ထပ်နုတ်ပေးခဲ့၍- (၅၂ – ၉) = ၄၃-ပါးဟု ဖြေပါ။

http://www.dhammadownload.com



မေးခွန်း - ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ရနိုင်သော ဇောစိတ်နှင့် မရနိုင်သော ဇောစိတ်များကို ဖော်ပြပေးခဲ့ပါ။

(၁) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ရနိုင်သောဇောစိတ်

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂-ပါး |
| မဟာကုသိုလ်စိတ် | = | ၈-ပါး |
| ပေါင်း | = | ၂၀-ပါး |

(၂) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်မရနိုင်သောဇောစိတ်

| | | |
|---|---|---|
| ဟသိတုပ္ပါဒ် | = | ၁-ပါး |
| မဟာကြိယာ | = | ၈-ပါး |
| မဟဂ္ဂုတ်ကုသိုလ် | = | ၉-ပါး |
| မဟာကြိယာ | = | ၉-ပါး |
| လောကုတ္တရာ | = | ၈-ပါး |
| ပေါင်း | = | ၃၅-ပါး |

မှတ်ချက် - ထိုနည်းတူ ကျန်ပုဂ္ဂိုလ်များ၌လည်း လေ့ကျင့်ယူပါ။

(၂) သုဂတိအဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့ ရနိုင်သောစိတ်(ဝီထိစိတ်)

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂-ပါး |
| ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် | = | ၁၇-ပါး |
| မဟာကုသိုလ်စိတ် | = | ၈-ပါး |
| မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် | = | ၄-ပါး |
| ပေါင်း- ရနိုင်သောစိတ် (ဝီထိစိတ်) | = | ၄၁-ပါး |

မရနိုင်သောစိတ်

| | | |
|---|---|---|
| ဟသိတုပ္ပါဒ်စိတ် | = | ၁-ပါး |
| မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် | = | ၄-ပါး |

http://www.dhammadownload.com



| | | |
|---|---|---|
| မဟာကြိယာစိတ် | = | ၈-ပါး |
| မဟဂ္ဂုတ်စိတ် | = | ၂၇-ပါး |
| လောကုတ္တရာစိတ် | = | ၈-ပါး |
| ပေါင်း- မရနိုင်သောစိတ် (ဝီထိစိတ်) | = | ၄၈-ပါး |

မရနိုင်သော ဝီထိစိတ် = ၄၈-(မဟဂ္ဂုတ်ဝိပါက် ၉-ပါး) = ၃၉-ပါး

ရနိုင်သော ဇောစိတ် = အကု-၁၂ + မဟာကု-၈ = ၂၀-ပါး

မရနိုင်သော ဇောစိတ် = ဟသိ-၁ + မဟာကြိ-၈ + မဟဂ္ဂုတ်ကု, ကြိ-၁၈ + လောကုတ်-၈ = ၃၅-ပါး

(၃) ဈာန်မရ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ရနိုင်သောစိတ် (ဝီထိစိတ်)

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂-ပါး |
| ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် | = | ၁၇-ပါး |
| မဟာကုသိုလ်စိတ် | = | ၈-ပါး |
| မဟာဝိပါက်စိတ် | = | ၈-ပါး |
| ပေါင်း-ရနိုင်သောစိတ် (ဝီထိစိတ်) | = | ၄၅-ပါး |

မရနိုင်သောစိတ်

| | | |
|---|---|---|
| ဟသိတုပ္ပါဒ်စိတ် | = | ၁-ပါး |
| မဟာကြိယာစိတ် | = | ၈-ပါး |
| မဟဂ္ဂုတ်စိတ် | = | ၂၇-ပါး |
| လောကုတ္တရာစိတ် | = | ၈-ပါး |
| ပေါင်း-မရနိုင်သောစိတ် | = | ၄၄-ပါး |

မရနိုင်သော ဝီထိစိတ် = ၄၄-ပါး – (မဟဂ်ဝိ ၉-ပါး) = ၃၅-ပါး

ရနိုင်သော ဇောစိတ် = အကု-၁၂ + မဟာကု-၈ = ၂၀-ပါး

မရနိုင်သော ဇောစိတ် = ဟသိ-၁ + မဟာကြိ-၈ + မဟဂ်ကုကြိ-၁၈ + လောကုတ်-၈ = ၃၅-ပါး

http://www.dhammadownload.com



(၄) ဈာန်ရ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ရနိုင်သောစိတ် (ဝီထိစိတ်)

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂-ပါး |
| ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် | = | ၁၇-ပါး |
| မဟာကုသိုလ်စိတ် | = | ၈-ပါး |
| မဟာဝိပါက်စိတ် | = | ၈-ပါး |
| မဟဂ္ဂုတ်ကုသိုလ်စိတ် | = | ၉-ပါး |
| ပေါင်း-ရနိုင်သောစိတ် (ဝီထိစိတ်) | = | ၅၄-ပါး |

မရနိုင်သောစိတ်

| | | |
|---|---|---|
| ဟသိတုပ္ပါဒ်စိတ် | = | ၁-ပါး |
| မဟာကြိယာစိတ် | = | ၈-ပါး |
| မဟဂ္ဂုတ်ဝိပါက်စိတ် | = | ၉-ပါး |
| မဟဂ္ဂုတ်ကြိယာစိတ် | = | ၉-ပါး |
| လောကုတ္တရာစိတ် | = | ၈-ပါး |
| ပေါင်း မရနိုင်သောစိတ် | = | ၃၅-ပါး |

မရနိုင်သောဝီထိစိတ် = ၃၅-ပါး – (မဟဂ်ဝိ ၉-ပါး) = ၂၆-ပါး

ရနိုင်သောဇောစိတ် = အကု-၁၂ + မဟာကု-၈ + မဟဂ်ကု-၉ = ၂၉-ပါး

မရနိုင်သောဇောစိတ် = ဟသိ-၁ + မဟာကြိ-၈ + မဟဂ်ကြိ-၉ + လောကုတ်-၈ = ၂၆-ပါး

## ကာမဘုံ အရိယာများ စိတ်ရ

(၁) မဂ်ပုဂ္ဂိုလ် ၄-ယောက်၌ = မိမိဆိုင်ရာ မဂ်စိတ် ၁-ပါးစီသာ ရ၏။

(၂) ဈာန်မရ အောက်ဖိုလ်ပုဂ္ဂိုလ် ၂-ယောက် ရနိုင်သောစိတ် (ဝီထိစိတ်)

| | | |
|---|---|---|
| လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် | = | ၄-ပါး |
| ဒေါသမူစိတ် | = | ၂-ပါး |

http://www.dhammadownload.com



| | | |
|---|---|---|
| မောဟမူ ဥဒ္ဒစ္စသမ္ပယုတ်စိတ် | = | ၁-ပါး |
| (ဟသိ-ကြဉ်)အဟိတ်စိတ် | = | ၁၇-ပါး |
| မဟာကုသိုလ်စိတ် | = | ၈-ပါး |
| မဟာဝိပါက်စိတ် | = | ၈-ပါး |
| မိမိဆိုင်ရာဖိုလ်စိတ် | = | ၁-ပါး စိ |
| ပေါင်း ရနိုင်သောစိတ် (ဝီထိစိတ်) | = | ၄၁-ပါး |

* ဈာန်ရခဲ့သော် - မဟဂ္ဂုတ်ကုသိုလ်စိတ် ၉-ပါး ထည့်ပေါင်းပေးပါ။

ရနိုင်သောစိတ် (ဝီထိစိတ်) = ၄၁ + မဟဂ်ကု-၉

= ၅၀-ပါး

မှတ်ချက် - ဤဈာန်မရ၊ ဈာန်ရအောင် ဖိုလ်ပုဂ္ဂိုလ် ၂-ယောက်၏ ရနိုင်သောစိတ် (ဝီထိစိတ်)များကို ကြည့်၍ မရနိုင်သောစိတ်နှင့် ဝီထိစိတ်များ၊ ရနိုင်သောဇောစိတ်နှင့် မရနိုင်သောဇောစိတ်များ လေ့ကျင့်ယူပါ။

| | | |
|---|---|---|
| ဈာန်မရ အောက်ဖိုလ်ပုဂ္ဂိုလ်၂-ယောက် မရနိုင်သောစိတ်ပေါင်း | = | ၄၈-ပါး |
| ဈာန်မရ အောက်ဖိုလ်ပုဂ္ဂိုလ်၂-ယောက် မရနိုင်သောဝီထိစိတ် | = | ၃၉-ပါး |
| ဈာန်မရ အောက်ဖိုလ်ပုဂ္ဂိုလ်၂-ယောက် ရနိုင်သောဇောစိတ် | = | ၁၆-ပါး |
| ဈာန်မရ အောက်ဖိုလ်ပုဂ္ဂိုလ်၂-ယောက် မရနိုင်သောဇောစိတ် | = | ၃၉-ပါး |
| ဈာန်ရ အောက်ဖိုလ်ပုဂ္ဂိုလ်၂-ယောက် မရနိုင်သောစိတ်ပေါင်း | = | ၃၉-ပါး |
| ဈာန်ရ အောက်ဖိုလ်ပုဂ္ဂိုလ်၂-ယောက် မရနိုင်သောဝီထိစိတ် | = | ၃၀-ပါး |
| ဈာန်ရ အောက်ဖိုလ်ပုဂ္ဂိုလ်၂-ယောက် ရနိုင်သောဇောစိတ် | = | ၂၅-ပါး |
| ဈာန်ရ အောက်ဖိုလ်ပုဂ္ဂိုလ်၂-ယောက် မရနိုင်သောဇောစိတ် | = | ၃၀-ပါး |

(၃) ဈာန်မရ အနာဂါမ်ပုဂ္ဂိုလ် ရနိုင်သောစိတ် (ဝီထိစိတ်)

| | | |
|---|---|---|
| လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် | = | ၄-ပါး |
| မောဟမူ ဥဒ္ဒစ္စသမ္ပယုတ်စိတ် | = | ၁-ပါး |

http://www.dhammadownload.com



| | | |
|---|---|---|
| (ဟသိ-ကြဉ်) အဟိတ်စိတ် | = | ၁၇-ပါး |
| မဟာကုသိုလ်စိတ် | = | ၈-ပါး |
| မဟာဝိပါက်စိတ် | = | ၈-ပါး |
| အနာဂါမိဖိုလ်စိတ် | = | ၁-ပါး |
| ပေါင်း ရနိုင်သောစိတ် (ဝီထိစိတ်) | = | ၃၉-ပါး |

* ဈာန်ရအနာဂါမ်ပုဂ္ဂိုလ်ဖြစ်မူ-

ရနိုင်သောစိတ် (ဝီထိစိတ်) = ၃၉-ပါး + မဟဂ်ကု ၉-ပါး

= ၄၈-ပါး

မှတ်ချက် - ဤ ဈာန်မရ၊ ဈာန်ရ အနာဂါမ်ပုဂ္ဂိုလ်တို့၏ မရနိုင်သောစိတ်နှင့် ဝီထိစိတ်များ၊ ရနိုင်သောဇောစိတ်နှင့် မရနိုင်သောဇောစိတ်များကိုလည်း နည်းတူ လေ့ကျင့် တွက်ယူပါ။

| | | | |
|---|---|---|---|
| ဈာန်မရ အနာဂါမ်ပုဂ္ဂိုလ် | မရနိုင်သောစိတ်ပေါင်း | = | ၅၀-ပါး |
| | မရနိုင်သောဝီထိစိတ် | = | ၄၁-ပါး |
| | ရနိုင်သောဇောစိတ် | = | ၁၄-ပါး |
| | မရနိုင်သောဇောစိတ် | = | ၄၁-ပါး |
| ဈာန်ရအနာဂါမ်ပုဂ္ဂိုလ် | မရနိုင်သောစိတ်ပေါင်း | = | ၄၁-ပါး |
| | မရနိုင်သောဝီထိစိတ် | = | ၃၂-ပါး |
| | ရနိုင်သောဇောစိတ် | = | ၂၃-ပါး |
| | မရနိုင်သော ဇောစိတ် | = | ၃၂-ပါး |

(၄) ဈာန်မရ ရဟန္တာပုဂ္ဂိုလ် ရနိုင်သောစိတ် (ဝီထိစိတ်)

| | | |
|---|---|---|
| အဟိတ်စိတ် | = | ၁၈-ပါး |
| မဟာဝိပါက်စိတ် | = | ၈-ပါး |
| မဟာကြိယာစိတ် | = | ၈-ပါး |

http://www.dhammadownload.com



| | | |
|---|---|---|
| အရဟတ္တဖိုလ်စိတ် | = | ၁-ပါး |
| ပေါင်း ရနိုင်သောစိတ်(ဝီထိစိတ်) | = | ၃၅-ပါး |

* ဈာန်ရ ရဟန္တာပုဂ္ဂိုလ်ဖြစ်မူ-

| | | |
|---|---|---|
| ရနိုင်သောစိတ် (ဝီထိစိတ်) | = | ၃၅ + မဟဂ်ကြိ-၉ |
| | = | ၄၄-ပါး |

သို့ဖြစ်၍-

| | | | |
|---|---|---|---|
| ဈာန်မရ ရဟန္တာ | မရနိုင်သောစိတ် | = | ၅၄-ပါး |
| | မရနိုင်သောဝီထိစိတ် | = | ၄၅-ပါး |
| | ရနိုင်သောဇောစိတ် | = | ၁၀-ပါး |
| | မရနိုင်သောဇောစိတ် | = | ၄၅-ပါး |
| ဈာန်ရ ရဟန္တာ | မရနိုင်သောစိတ် | = | ၄၅-ပါး |
| | မရနိုင်သောဝီထိစိတ် | = | ၃၆-ပါး |
| | ရနိုင်သောဇောစိတ် | = | ၁၉-ပါး |
| | မရနိုင်သောဇောစိတ် | = | ၃၆-ပါး |

## ရူပပုဂ္ဂိုလ်တို့ စိတ်ရ

အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ဈာန်ရ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်နှင့် ဈာန်ရ ဖိုလ်ပုဂ္ဂိုလ် ၄-ယောက်၊ မဂ်ပုဂ္ဂိုလ် ၄-ယောက်တို့ ရှိကြသည်၊ မဂ်ပုဂ္ဂိုလ်တို့မှာ မဂ်ရဆဲ အခိုက်ကိုသာ ခေါ်ဝေါ်ရခြင်းကြောင့် မိမိဆိုင်ရာ မဂ်စိတ် ၁-ပါးစီသာ ရကြသည်။

ပုထုဇဉ် ဖြစ်စေကာမူ ရရှိထားသော ဈာန်အား လျော်စွာ ဒေါသကို ခွာ ပယ်ခွာထားသောကြောင့် ဒေါသမူ ဒွေးမရ၊ ဃာန၊ ဇိဝှါ၊ ကာယပသာဒ (ဝတ္ထု)များ မရှိသောကြောင့် ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေး၊ ကာယ ဝိညာဏ်ဒွေး (ဃာနာဒိ-၆-ပါး)မရ၊ ရူပသတ္တဝါများဖြစ်သောကြောင့် တဒါရုံ

http://www.dhammadownload.com



(မဟာဝိပါက်) ၈-ပါး မဖြစ်ဟု အခြေခံကျကျ သိထားပြီးလျှင် ကာမပုဂ္ဂိုလ်များ စိတ်ရပေါ် မူတည်၍ ရနိုင်သော စိတ်များကို ဆက်စပ် တွက်ဆ ယူကြည့်ပါ။

ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်သည့် ဝီထိမုတ်စိတ်ဖြစ်သော ရူပဝိပါက်စိတ် ၅-ပါး ရကြသောကြောင့် ရနိုင်သော ဝီထိစိတ်ဟု မေးလျှင် ရနိုင်သော စိတ်ပေါင်းမှ ဝီထိမုတ်စိတ် (ရူပဝိပါက်စိတ်) ၅-ပါးကို ပြန်နုတ်ပေးပါ။

**ရူပတိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် ရနိုင်သောစိတ်**

| | | |
|---|---|---|
| ဒေါသမူဒွေးကြဉ် အကုသိုလ်စိတ် | = | ၁၀-ပါး |
| (ဃာနာဒိ-၆၊ ဟသိ) ကြဉ် အဟိတ်စိတ် | = | ၁၁-ပါး |
| မဟာကုသိုလ်စိတ် | = | ၈-ပါး |
| မဟဂ္ဂုတ်ကုသိုလ်စိတ် | = | ၉-ပါး |
| ရူပဝိပါက်စိတ် | = | ၅-ပါး |
| ပေါင်း ရနိုင်သောစိတ်ပေါင်း | = | ၄၃-ပါး |

* ရနိုင်သောဝီထိစိတ် = (၄၃ – ရူပဝိ-၅-ပါး) = ၃၈-ပါး

* ရနိုင်သောဇောစိတ် = ၂၇-ပါး

* မရနိုင်သောဇောစိတ် = ၂၈-ပါး

**ရူပဘုံ အောက်ဖိုလ်ပုဂ္ဂိုလ် ၃-ယောက် ရနိုင်သောစိတ်**

| | | |
|---|---|---|
| (ဒိဋ္ဌိသံ-၄၊ ဝိစိသံ-၁၊ ဒေါ-၂)ကြဉ် အကုသိုလ်စိတ် | = | ၅-ပါး |
| (ဃာနာဒိ-၆၊ ဟသိ) ကြဉ် အဟိတ်စိတ် | = | ၁၁-ပါး |
| မဟာကုသိုလ်စိတ် | = | ၈-ပါး |
| မဟဂ္ဂုတ်ကုသိုလ်စိတ် | = | ၉-ပါး |
| ရူပဝိပါက်စိတ် | = | ၅-ပါး |
| ဆိုင်ရာဖိုလ်စိတ် | = | ၁-ပါး စီ |
| ပေါင်း ရနိုင်သောစိတ်ပေါင်း | = | ၃၉-ပါး စီ |

http://www.dhammadownload.com



* ရနိုင်သောဝိထိစိတ် = ၃၉ – (ရူပဝိ-၅-ပါး) = ၃၄-ပါး
* ရနိုင်သောဇောစိတ် = ၂၃-ပါး
* မရနိုင်သောဇောစိတ် = ၃၂-ပါး

ရူပဘုံ ရဟန္တာပုဂ္ဂိုလ် ရနိုင်သောစိတ်

(ဃာနာဒိ-၆) ကြဉ် အဟိတ်စိတ် = ၁၂-ပါး
မဟာကြိယာစိတ် = ၈-ပါး
မဟဂ္ဂုတ်ကြိယာစိတ် = ၉-ပါး
ရူပဝိပါက်စိတ် = ၅-ပါး
အရဟတ္တဖိုလ်စိတ် = ၁-ပါး
ပေါင်း ရနိုင်သောစိတ်ပေါင်း = ၃၅-ပါး

* ရနိုင်သောဝိထိစိတ် = ၃၅ – (ရူပဝိ-၅) = ၃၀-ပါး
* ရနိုင်သောဇောစိတ် = ၁၉-ပါး
* မရနိုင်သောဇောစိတ် = ၃၆-ပါး

အရူပပုဂ္ဂိုလ်တို့ စိတ်ရ

အရူပဘုံ၌ ချာန်ရ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၊ သောတာပတ္တိမဂ်ပုဂ္ဂိုလ်ကြဉ်သော မဂ်ပုဂ္ဂိုလ် ၃-ယောက်၊ ဈာန်ရ ဖိုလ်ပုဂ္ဂိုလ် ၄-ယောက်တို့ ရှိကြသည်၊ အရူပပုဂ္ဂိုလ်တို့သည် ပုထုဇဉ်ဖြစ်စေကာမူ ဈာန်အားလျော်စွာ ဒေါသကို ခွာပယ်ခွာထားသောကြောင့် ဒေါသမူဒွေး မရ၊ ရုပ်မရှိသောကြောင့် အဟိတ်စိတ်များထဲမှ မနောဒွါရာဝဇ္ဇန်းမှ လွဲ၍ ကျန်စိတ်များ မဖြစ်၊ အရူပသတ္တဝါဖြစ်၍ တဒါရုံ (မဟာဝိပါတ်) ၈-ပါးလည်း မဖြစ်၊ ရူပဈာန်နှင့် အောက်အောက် အရူပဈာန်များကိုလည်း ဝင်စားခြင်း မရှိသောကြောင့် ရူပဈာန်စိတ်များနှင့် အောက်အောက်အရူပဈာန်များ မဖြစ်ဟု အခြေခံကျကျ သိထားပြီး ရနိုင်သောစိတ်ကို တွက်ဆယူပါ။

http://www.dhammadownload.com



(ဝီထိစိတ်ဟုမေးလျှင် ဝီထိမုတ်စိတ်ဖြစ်သော အရူပဝိပါက်စိတ် ၄-ပါးကို အမြဲ ပြန်နုတ်ပေးပါ။)

**အရူပဘုံ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်ရနိုင်သောစိတ်**

ဒေါသမူဒွေးကြဉ် အကုသိုလ်စိတ် = ၁၀-ပါး
မနောဒွါရာဝဇ္ဇန်းစိတ် = ၁-ပါး
မဟာကုသိုလ်စိတ် = ၈-ပါး
အရူပကုသိုလ်စိတ် = ၄-ပါး
အရူပဝိပါက်စိတ် = ၄-ပါး
ပေါင်း ရနိုင်သောစိတ် = ၂၇-ပါး

* ရနိုင်သောဝီထိစိတ် = ၂၇ – (အရူပဝိ-၄) = ၂၃-ပါး
* ရနိုင်သောဇောစိတ် = ၂၂-ပါး
* မရနိုင်သောဇောစိတ် = ၃၃-ပါး

**အရူပဘုံ အောက်ဖိုလ်ပုဂ္ဂိုလ် ၃-ယောက်ရနိုင်သောစိတ်**

(ဒိဋ္ဌိသံ-၄၊ ဝိစိသံ-၁၊ ဒေါ-၂)ကြဉ် အကုသိုလ်စိတ် = ၅-ပါး
မနောဒွါရာဝဇ္ဇန်းစိတ် = ၁-ပါး
မဟာကုသိုလ်စိတ် = ၈-ပါး
အရူပကုသိုလ်စိတ် = ၄-ပါး
အရူပဝိပါက်စိတ် = ၄-ပါး
ဆိုင်ရာဖိုလ်စိတ် = ၁-ပါး စီ
ပေါင်းရနိုင်သောစိတ်ပေါင်း = ၂၃-ပါး စီ

* ရနိုင်သောဝီထိစိတ် = ၂၃ – (အရူပဝိ-၄) = ၁၉-ပါး
* ရနိုင်သောဇောစိတ် = ၁၈-ပါး
* မရနိုင်သောဇောစိတ် = ၃၇-ပါး

http://www.dhammadownload.com



အရူပဘုံ ရဟန္တာပုဂ္ဂိုလ် ရနိုင်သောစိတ်

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး |
| မဟာကြိယာစိတ် | = | ၈-ပါး |
| အရူပကြိယာစိတ် | = | ၄-ပါး |
| အရူပဝိပါက်စိတ် | = | ၄-ပါး |
| အရဟတ္တဖိုလ်စိတ် | = | ၁-ပါး |
| ပေါင်း ရနိုင်သောစိတ်ပေါင်း | = | ၁၈-ပါး |

| | | | | |
|---|---|---|---|---|
| * ရနိုင်သောဝီထိစိတ် | = | ၁၈ − (အရူပဝိ-၄) | = | ၁၄-ပါး |
| * ရနိုင်သောဇောစိတ် | | | = | ၁၃-ပါး |
| * မရနိုင်သောဇောစိတ် | | | = | ၄၂-ပါး |

http://www.dhammadownload.com



## ဘူမိဝိဘာဂ

ဘုံအပြားအားဖြင့် ရသင့် ရထိုက်သော ဝီထိစိတ်များကို ခွဲခြမ်း ဝေဖန်၍ ပြရာအခန်းကို "ဘူမိဝိဘာဂ"ဟု ခေါ်ဆိုရသည်၊ ဘုံ၌ စိတ်ရဝေဖန် ပြသော အခန်းဟုလည်း ဆိုကြ၏။

### အပါယ် ၄-ဘုံ၌ ရနိုင်သောစိတ် (ဝီထိစိတ်)

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂-ပါး |
| (ဟသိ-ကြဉ်) အဟိတ်စိတ် | = | ၁၇-ပါး |
| မဟာကုသိုလ်စိတ် | = | ၈-ပါး |
| ပေါင်း ရနိုင်သောစိတ် (ဝီထိစိတ်) | = | ၃၇-ပါး |

### ကာမသုဂတိ ၇-ဘုံ၌ ရနိုင်သောစိတ် (ဝီထိစိတ်)

မဟာဂ္ဂုတ်ဝိပါက်စိတ် ၉-ပါးကြဉ်သော စိတ်ပေါင်း ၈၀-ပါး ရ၏။

(တစ်နည်း)

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂-ပါး |
| အဟိတ်စိတ် | = | ၁၈-ပါး |
| ကာမသောဘနစိတ် | = | ၂၄-ပါး |
| မဟာဂ္ဂုတ်ကုကြိစိတ် | = | ၁၈-ပါး |
| လောကုတ္တရာစိတ် | = | ၈-ပါး |
| ပေါင်း ရနိုင်သောစိတ်(ဝီထိစိတ်) | = | ၈၀-ပါး |

### ဝေဟပ္ဖိုလ်တိုင် ရူပ ၁၀-ဘုံ၌ ရနိုင်သောစိတ်

| | | |
|---|---|---|
| ဒေါသမူဒွေးကြဉ် အကုသိုလ်စိတ် | = | ၁၀-ပါး |
| (ဃာနာဒိ-၆)ကြဉ် အဟိတ်စိတ် | = | ၁၂-ပါး |

http://www.dhammadownload.com



| | | |
|---|---|---|
| မဟာကုသိုလ် ကြိယာစိတ် | = | ၁၆-ပါး |
| မဟဂ္ဂုတ်ကုသိုလ် ကြိယာစိတ် | = | ၁၈-ပါး |
| ရူပဝိပါက်စိတ်(ဝီထိမုတ်စိတ်) | = | ၅-ပါး |
| လောကုတ္တရာစိတ် | = | ၈-ပါး |
| ပေါင်း ရနိုင်သောစိတ် | = | ၆၉-ပါး |

* ရနိုင်သော ဝီထိစိတ် = ၆၉ – (ရူပဝိ-၅) = ၆၄-ပါး

မှတ်ချက် - ရူပ ၁၀-ဘုံ၌ ပထမဈာန် ၃-ဘုံ၊ ဒုတိယဈာန် ၃-ဘုံ၊ တတိယဈာန် ၃-ဘုံ၊ ဝေဟပ္ဖိုလ်ဘုံတို့ကို ဆိုရိုးအတိုင်း ဘုံအလိုက် ခွဲခြား၍ ၎င်းဘုံများ၌ ဖြစ်နိုင်ခွင့်ရှိသော ရူပပဋိသန္ဓေဘဝင်တွင် စုတိ (ဝီထိမုတ်စိတ်)များကို ပြောင်းလဲ တွက်စစ်ပြီး လေ့ကျင့်ယူပါ။

| | | | |
|---|---|---|---|
| (၁) | ပထမဈာန် ၃-ဘုံ၌ ရနိုင်သောစိတ် | = | ၆၅-ပါး |
| | ။ ရနိုင်သောဝီထိစိတ် | = | ၆၄-ပါး |
| (၂) | ဒုတိယဈာန် ၃-ဘုံ၌ ရနိုင်သောစိတ် | = | ၆၆-ပါး |
| | ။ ရနိုင်သောဝီထိစိတ် | = | ၆၄-ပါး |
| (၃) | တတိယဈာန် ၃-ဘုံ၌ ရနိုင်သောစိတ် | = | ၆၅-ပါး |
| | ။ ရနိုင်သောဝီထိစိတ် | = | ၆၄-ပါး |
| (၄) | ဝေဟပ္ဖိုလ်ဘုံ၌ ရနိုင်သောစိတ် | = | ၆၅-ပါး |
| | ။ ဝီထိစိတ် | = | ၆၄-ပါး |

အသညသတ်ဘုံမှာ ဒွါရ မထိုက်သောရုပ်များသာ ရသောဘုံဖြစ်၍ မည်သည့် စိတ်- စေတသိက်ကိုမျှ မရကြပါ။

### သုဒ္ဓါဝါသ ၅ဘုံ၌ ရနိုင်သောစိတ်

| | | |
|---|---|---|
| (ဒိဋ္ဌိသံ-၄၊ ဝိစိသံ-၁၊ ဒေါ-၂)ကြဉ် အကုသိုလ်စိတ် | = | ၅-ပါး |
| (ယာနာဒိ-၆) ကြဉ် အဟိတ်စိတ် | = | ၁၂-ပါး |

http://www.dhammadownload.com



| | | |
|---|---|---|
| မဟာကုသိုလ် ကြိယာစိတ် | = | ၁၆-ပါး |
| မဟဂ္ဂုတ်ကုသိုလ် ကြိယာစိတ် | = | ၁၈-ပါး |
| ရူပပဥ္စမဈာန်ဝိပါက်စိတ်(ဝီထိမုတ်စိတ်) | = | ၁-ပါး |
| အရဟတ္တမဂ်စိတ် | = | ၁-ပါး |
| အထက်ဖိုလ်စိတ် | = | ၂-ပါး |
| ပေါင်း ရနိုင်သောစိတ် | = | ၅၅-ပါး |

* ရနိုင်သောဝီထိစိတ် = ၅၅ – (ပဥ္စမဝိ-၁) = ၅၄-ပါး

**အရူပ ၄-ဘုံ၌ရနိုင်သောစိတ်**

| | | |
|---|---|---|
| (ဒေါ-၂)ကြဉ် အကုသိုလ်စိတ် | = | ၁၀-ပါး |
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး |
| မဟာကုသိုလ် ကြိယာစိတ် | = | ၁၆-ပါး |
| အရူပကုသိုလ် ကြိယာစိတ် | = | ၈-ပါး |
| အရူပဝိပါက်(ဝီထိမုတ်စိတ်) | = | ၄-ပါး |
| သောတာပတ္တိမဂ်ကြဉ် ထက်လောကုတ္တရာ | = | ၇-ပါး |
| ပေါင်း ရနိုင်သောစိတ် | = | ၄၆-ပါး |

* ရနိုင်သော ဝီထိစိတ် = ၄၆ – (အရူပဝိ - ၄) = ၄၂-ပါး

မှတ်ချက် - အရူပ ၄-ဘုံမှ အာကာ၊ ဝိညာ၊ အာကိ၊ နေပဘုံတို့ကို ဆိုရိုးအတိုင်း ဘုံအလိုက် ခွဲခြား၍ ၎င်းဘုံများ၌ ဖြစ်နိုင်ခွင့်ရှိသော အရူပဈာန်စိတ်၊ ပဋိသန္ဓေ ဘဝင်၊ စုတိ(ဝီထိမုတ်စိတ်)များနှင့် ထည့်သွင်း ရေတွက် လေ့ကျင့်ယူပါ။

**(ပုံစံ) အာကာသာနဉ္စာယတနဘုံ၌ရနိုင်သောစိတ်**

| | | |
|---|---|---|
| ဒေါသမူဒွေးကြဉ် အကုသိုလ်စိတ် | = | ၁၀-ပါး |
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး |

http://www.dhammadownload.com



| | | |
|---|---|---|
| မဟာကုသိုလ် ကြိယာစိတ် | = | ၁၆-ပါး |
| အရူပကုသိုလ် ကြိယာစိတ် | = | ၈-ပါး |
| အာကာသာနဉ္စာယတနဝိပါက်စိတ် | = | ၁-ပါး |
| သောတာပတ္တိမဂ်ကြဉ်ထက်လောကုတ္တရာ | = | ၇-ပါး |
| ပေါင်း ရနိုင်သောစိတ်ပေါင်း | = | ၄၃-ပါး |

* ရနိုင်သော ဝီထိစိတ် = ၄၃ – (အာကာဝိ-၁) = ၄၂-ပါး

မှတ်ရန် - အရူပဗြဟ္မာများသည် မိမိတို့ဘုံအလိုက် ရသင့်သောစျာန်နှင့် အထက်ထက် အရူပစျာန်များကိုသာ ဝင်စားလေ့ရှိကြသည်၊ အောက်အောက် အရူပစျာန်များကို ဝင်စားလေ့မရှိပါ။

| | | | |
|---|---|---|---|
| ဝိညာဏဉ္စာယတနဘုံ၌ | ရနိုင်သောစိတ် | = | ၄၁-ပါး |
| ॥ | ရနိုင်သောဝီထိစိတ် | = | ၄၀-ပါး |
| အာကိဉ္စညာယတနဘုံ၌ | ရနိုင်သောစိတ် | = | ၃၉-ပါး |
| ॥ | ရနိုင်သောဝီထိစိတ် | = | ၃၈-ပါး |
| နေဝသညာနာသညာယတနဘုံ၌ | ရနိုင်သောစိတ် | = | ၃၇-ပါး |
| ॥ | ရနိုင်သောဝီထိစိတ် | = | ၃၆-ပါး |

------------------------ ၄။ ဝီထိပိုင်း ပြီး၏။ ------------------------

http://www.dhammadownload.com

http://www.dhammadownload.com

ဓမ္မဗျူဟာ သာသနမာမကအဖွဲ့

လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း

## အဘိဓမ္မာ (ရိုးရိုး) ဒုတိယဆင့်

# စိတ်မှတ်ပိုင်း(ဘုံပိုင်း)

# မှတ်စု

http://www.dhammadownload.com

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ၅။ ဝီထိမုတ်ပိုင်း (ဘုံပိုင်း) မှတ်စု

ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သော စိတ် ၁၉-ပါးတို့ကို ဝီထိစိတ်တို့မှ အလွတ်ဖြစ်သောကြောင့် "ဝီထိမုတ်စိတ်"ဟု ခေါ်သည်၊ ၎င်းဝီထိမုတ်စိတ်တို့၏ ဖြစ်ပုံကို ပြဆိုရာအပိုင်းအခန်းဖြစ်သောကြောင့် "ဝီထိမုတ်ပိုင်း"ဟု ခေါ်ဆို ကြသည်။

ဤဝီထိမုတ်ပိုင်း၌ ဘုံနှင့်စပ်သောအခန်း (ဘူမိစတုက္က)ကို ရှေးဦးစွာ ပြဆိုထားသောကြောင့် ပဓာနနည်းအားဖြင့် ဘုံကိုခေါင်းစဉ်တပ်ပြီး "ဘုံပိုင်း"ဟု ခေါ်ဆိုကြသည်၊ (တစ်နည်း) ဘုံနှင့်စပ်သောအခန်း ကျယ်ဝန်းစွာပါသော ကြောင့်လည်း "ဘုံပိုင်း"ဟုခေါ်ဆိုကြခြင်းဖြစ်သည်ဟု ဆရာမြတ်တို့ မိန့်ဆို ကြသည်။

## ပဋိသန္ဓေအခါ (ပဋိသန္ဓေကာလ)

ကံကြောင့်ဖြစ်သော ပဋိသန္ဓေစိတ်, စေတသိက်နှင့် ကမ္မဇရုပ်တို့၏ တစ်ပြိုင်နက်ဖြစ်ရာ အခါ, ကာလသည် "ပဋိသန္ဓေအခါ (ပဋိသန္ဓေကာလ)" မည်၏။

(ပဋိသန္ဓေစိတ်တစ်ခုဖြစ်ရာ စိတ္တက္ခဏ ၁-ချက် = ဥပါဒ်, ဋ္ဌီ, ဘင် ခဏငယ် ၃-ချက် အခါ ကာလ)

## ပဝတ္တိအခါ (ပဝတ္တိကာလ)

ပဋိသန္ဓေအခါ, ကာလမှနောက် စုတိမတိုင်မီ အခါ, ကာလများသည် "ပဝတ္တိအခါ (ပဝတ္တိကာလ)" မည်၏၊ တစ်နည်း- ပဋိသန္ဓေကာလနှင့် စုတိ ကာလ အကြားတို့သည် ပဝတ္တိအခါ (ပဝတ္တိကာလ) မည်၏။

http://www.dhammadownload.com



မှတ်ချက် - ဤပဝတ္တိအခါကာလတွင် ဘဝင်ကိုစွဲတပ်သောအခါသည် "ဘဝင်အခါ"မည်၏။

## ပဝတ္တိသင်္ဂဟ ၂-မျိုး

(၁) ဝီထိပဝတ္တိသင်္ဂဟ = ပဝတ္တိအခါ၌ ဝီထိစိတ်တို့၏ ဖြစ်ပုံကို ပြသောသင်္ဂဟ၊

(၂) ဝီထိမုတ္တပဝတ္တိသင်္ဂဟ = ပဋိသန္ဓေအခါ ၊ ဘဝင်အခါ၊ စုတိအခါများ၌ ဝီထိမုတ်စိတ်တို့၏ ဖြစ်ပုံကို ပြသောသင်္ဂဟ။

## ဝီထိမုတ်ပိုင်းဝယ် သိမှတ်ဖွယ် စတုက္က ၄-ပါး

၁။ ဘူမိစတုက္က

၂။ ပဋိသန္ဓိစတုက္က

၃။ ကမ္မစတုက္က

၄။ မရဏုပ္ပတ္တိစတုက္က

---

## ၁။ ဘူမိစတုက္က

သတ္တဝါတို့၏ ဖြစ်ရာဌာနကို ဘူမိ(ဘုံ)ဟု ခေါ်သည်၊ ဘုံသည် အကျဉ်းအားဖြင့် ၄-မျိုးရှိ၏။

| | | | |
|---|---|---|---|
| (၁) အပါယ် | = | ၄-ဘုံ | (ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်) |
| (၂) ကာမသုဂတိ | = | ၇-ဘုံ | (လူ့ဘုံ+ နတ်ပြည် ၆-ထပ်) |
| (၃) ရူပါဝစရ | = | ၁၆-ဘုံ | (ပ-စျာန် ၃ + ဒု စျာန်-၃ + တစျာန်-၃ + စစျာန်-၇) |
| (၄) အရူပါဝစရ | = | ၄-ဘုံ | (အာကာ + ဝိညာ + အာကိ + နေဝ) |
| ဘုံပေါင်း | = | ၃၁-ဘုံ | |

http://www.dhammadownload.com



## (၁) အပါယ် ၄-ဘုံ

ကုသိုလ်ကောင်းမှုမှ ကင်းသော (တစ်နည်း) ကုသိုလ်ကောင်းမှု ပြုခွင့်များစွာမရသောဘုံတို့သည် "အပါယ်ဘုံ"မည်၏၊ (အပါယ = အပ+ အယ၊ အာယ-ကုသိုလ်ကောင်းမှုမှ+ အပ- ကင်းသည်။)

(က) ငရဲ(နိရယ) = ချမ်းသာသုခမှ ထွက်သွားသော (ဝါ) ချမ်းသာသုခမရှိသော အရပ်သည် ငရဲ(နိရယ) မည်၏။

(နိရယ = နိ+အယ၊ အယ-ချမ်းသာသုခမှ + နိ-ထွက်သွားသောအရပ်)

* နိရယမှ နိရဲ၊ နိရဲမှ ငရဲ ဖြစ်လာသည်ဟု ဆိုကြ၏။

(ခ) တိရစ္ဆာန် (တိရစ္ဆာန) = လူ, နတ်တို့ကဲ့သို့ မတ်မတ် မသွား၊ အလျားလိုက် သွားတတ်သော၊ အလျားရှည်သော အခြေ၄-ချောင်း သားကောင် အပေါင်း၊ အခြေ ၂-ချောင်း ငှက်အပေါင်း၊ ခြေမရှိသော ရေနေ-ကုန်းနေ သတ္တဝါများကို "တိရစ္ဆာန် (တိရစ္ဆာန)"ဟု ခေါ်၏။

(တိရစ္ဆာန် = တိရ + အစ္ဆာန၊ တိရော- ဖီလာ(ဝါ)အလျား အလျားလိုက်အားဖြင့်+ အစ္ဆာန -သွားသည်။)

http://www.dhammadownload.com



(ဂ) ပြိတ္တာ(ပေတ) = အိမ်ကြိုအိမ်ကြား၌ သလိပ်၊ ချွဲ၊ နှပ်၊ ထမင်းလုံး ဟင်းပေါက် ကောက်၍ စားသောက်ရ၊ မြစ်ချောင်းကမ်းနား၌ သားငါး ရှာ၍စားရ၊ တောကြီးတောင်ကြီးများ၌ မီးလောင်, နေပူ, ဆူပူ သတ်ဖြတ်ခံနေရသော တစ္ဆေ, မှင်စာ, ဘီလူး, သားရဲ, သားဘက်, အစိမ်းစသော အမျိုးမျိုးသောသတ္တဝါများကို "ပြိတ္တာ(ပေတ)"ဟု ခေါ်၏။

(ဃ) အသူရကာယ်(အသုရာကာယ) = အသုရာ = ဟူသည် ပြိတ္တာ အကြီးစားပင် ဖြစ်၏၊ သမုဒ္ဒရာ၊ မြစ်ကမ်း စသော အရပ်တို့၌ နေတတ်ကြ၏၊ ရေနား၌ နေသော်လည်း ရေမသောက်ရ၊ ရေထဲသို့ ဆင်းသွားလျှင်လည်း ရေတွေပျောက်၍ သဲပူများသာ တွေ့ရ၏၊ စားဖွယ်ရာမှာ သာ၍ပင် ဝေးသေး၏၊ ဤ ပြိတ္တာ၊ အသုရာတို့၏ အပေါင်းသည်- (အသုရာ-အရ ပြိတ္တာ အသုရာတို့ကို ယူရ၏၊ အကြောင်းကား- နတ်

http://www.dhammadownload.com



အသုရာတို့ကို တာဝတိံသာ
နတ်တို့၌ သွင်းယူအပ်သော
ကြောင့်တည်း။)

## ဘုံဌာနသီးခြားရှိသောအပါယ်ဘုံ

အပါယ်၄-ဘုံဟု ဆိုထားသော်လည်း ငရဲ-ဟုခေါ်သော နိရယ(နိရဲ) သည်သာ ဘုံဌာန (တည်နေရာ) အသီးအခြားရှိ၏၊ ဤမြေပြင်၏ အောက်၌ ယူဇနာပေါင်း ၁၅၀၀၀-ဝေးသောအရပ်မှစ၍ ၁၅၀၀၀-စီ ကွာခြားလျက် သဉ္ဇိဝ်း၊ ကာဠသုတ်၊ သင်္ဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိ-ဟု ငရဲကြီးရှစ်ထပ် တစ်ထပ်စီ တည်ရှိ၏။

ဤ ငရဲကြီး ၈-ထပ်တွင် တစ်ထပ် တစ်ထပ်၌ သတ္တဝါများ ပြုမှားမိသော အကုသိုလ်ကံအလိုက် ဘင်ပုပ်၊ ပြာပူ၊ လက်ပံတော၊ သန်လျက်ရွက်တော(သစ်ပင်တော)၊ ကြိမ်ပိုက်ချောင်း ငရဲဟု ဥဿဒ ငရဲငယ် ၅-ခုစီ (သို့) ၄-ခုစီ တံတိုင်းခတ်သလို ရံပတ်၍နေ၏။

(ဆောင်) သဉ္ဇိဝ်း၊ ကာဠ၊ သင်္ဃာတနှင့် ရောရုဝနှစ်၊ တာပန်နှစ်၊ တွက်စစ် အဝီစိ။

အထပ်တိုင်းမှာ ဘင်၊ ပြာ၊ လက်၊ သန်၊ ကြိမ်ပိုက်ရံ၊ ငါးတန် ဥဿဒရှိ။

## ဘုံဌာနသီးခြားမရှိသောအပါယ်ဘုံ

(၁) တိရစ္ဆာန်နှင့် ပြိတ္တာတို့၌ ဘုံ သီးခြားမရှိ၊ ၎င်းတို့၏ ခန္ဓာကိုယ်ကိုယ်ပင် (ဝါ) ၎င်းတို့ ပေါင်းစု နေထိုင်ရာ တော၊ တောင်၊ မြေ စသော အရပ်ကိုပင် "တိရစ္ဆာနယောနိ၊ ပေတ္တိဝိသယ"ဟု ဘုံအဖြစ် သတ်မှတ် ခေါ်ဆိုကြ၏။

http://www.dhammadownload.com



(၂) အသူရကာယ်တို့မှာလည်း ဘုံ သီးခြားမရှိပါ၊ ၎င်းတို့၏ နေရာ သမုဒ္ဒရာကမ်းခြေ၊ မြစ်ကမ်းခြေ ကိုပင် "အသုရကာယ"ဟု ဘုံအဖြစ် သတ်မှတ် ခေါ်ဆိုရ၏။

(ဆောင်) ဠာန်, ပြိတ်, ကာယ်အား၊ ဘုံသုံးပါး၊ သီးခြားတည်ရာ၊ မရှိပါ၊
မနုဿဘုံ၊ တည်းခိုလှုံ၊ ကြည်ယုံ မှတ်လိုက်ပါ၊
အသုရကာယ၊ ပုဒ်အရ၊ ပေတအသူရာ။

## (၂) ကာမသုဂတိ ၇-ဘုံ

ကာမတဏှာနှင့် တကွဖြစ်သော တင့်တယ် ကောင်းမြတ်သော လားရောက်ရာဘုံကို "ကာမသုဂတိဘုံ" ဟု ခေါ်သည်၊ (သု- တင့်တယ် ကောင်းမြတ်သော၊ ဂတိ- လားရောက်ရာဘုံ)

ကာမသုဂတိဘုံသည်- (၁) လူ့ဘုံ၊ (၂) စာတုမဟာရာဇ်ဘုံ၊ (၃) တာဝတိံသာဘုံ၊ (၄) ယာမာဘုံ၊ (၅) တုသိတာဘုံ၊ (၆) နိမ္မာနရတိဘုံ၊ (၇) ပရနိမ္မိတဝသဝတ္တိဘုံဟု ၇-ဘုံ ရှိ၏။

**ကာမာဝစရ ၁၁-ဘုံ**

အပါယ် ၄-ဘုံ၊ ကာမသုဂတိ ၇-ဘုံ၊ ပေါင်း ၁၁-ဘုံကို "ကာမာဝစရ "(ကာမ)ဘုံဟု ခေါ်သည်၊ (ထို ၁၁-ဘုံတွင် ဒုဂ္ဂတိ ၄-ဘုံ၊ သုဂတိ ၇-ဘုံ ရှိသည်ဟု မှတ်ပါ။)

## (၃) ရူပါဝစရ ၁၆-ဘုံ

| | | | |
|---|---|---|---|
| ပထမဈာန် | = | ၃-ဘုံ | (ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊ မဟာဗြဟ္မာဘုံ) |
| ဒုတိယဈာန် | = | ၃-ဘုံ | (ပရိတ္တာဘာဘုံ၊ အပ္ပမာဏာဘာဘုံ၊ အာဘဿရာဘုံ) |
| တတိယဈာန် | = | ၃-ဘုံ | (ပရိတ္တာသုဘာဘုံ၊ အပ္ပမာဏာသုဘာဘုံ၊ သုဘကိဏှာဘုံ) |
| စတုတ္ထဈာန် | = | ၇-ဘုံ | (ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံ၊ သုဒ္ဓါဝါသ ၅-ဘုံ) |
| ပေါင်း ရူပါဝစရ | = | ၁၆-ဘုံ | |

http://www.dhammadownload.com



(ဆောင်)　ပ, ဒု, တ-မှာ၊ သုံးစီသာ၊ စ-မှာ ဘုံခုနစ်။

သုဒ္ဓါဝါသ ၅-ဘုံ = အဝိဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌဘုံ။

## (၄) အရူပါဝစရ ၄-ဘုံ

(၁) အာကာသာနဉ္စာယတနဘုံ

(၂) ဝိညာဏဉ္စာယတနဘုံ

(၃) အာကိဉ္စညာယတနဘုံ

(၄) နေဝသညာ နာသညာယတနဘုံ

## ဘုံဗိမာန် သီးခြားမရှိ

အရူပဘုံများသည် ရူပဘုံများကဲ့သို့ ဘုံဗိမာန် သီးခြားမရှိပါ။ အရူပဝိပါက် နာမက္ခန္ဓာ ၄-ပါး (နာမ်ခန္ဓာ အစဉ်)ကိုပင် (တစ်နည်း) ထို နာမက္ခန္ဓာ ၄-ပါးတို့ဖြင့် ပိုင်းခြားအပ်သော ကောင်းကင်အရပ်ကိုပင် "အာကာသာနဉ္စာယတနဘုံ" စသည်ဖြင့် ခေါ်ဆိုရခြင်းဖြစ်ပါသည်။

မေး - သတ္တဝါတို့၏ ကံအရ အမှန်တကယ် တည်ရှိနေသော ၃၁-ဘုံကို အကျဉ်းချုပ် ရေတွက်ပြပါ။

| | | |
|---|---|---|
| ကာမာဝစရ (ကာမ) | = ၁၁-ဘုံ | (ဒုဂ္ဂတိ ၄-ဘုံ + သုဂတိ ၇-ဘုံ) |
| ရူပါဝစရ (ရူပ) | = ၁၆-ဘုံ | } (ဗြဟ္မာ့ဘုံ-၂၀) |
| အရူပါဝစရ (အရူပ) | = ၄-ဘုံ | } |
| ပေါင်း | = ၃၁-ဘုံ | |

မှတ်ချက် - ၃၁-ဘုံကို ဘူမိစတုက္ကအားဖြင့် ရေတွက်ပါဟု မေးခဲ့လျှင် ဘုံအကျဉ်းချုပ် ၄-မျိုးအားဖြင့် ရေတွက်ပေးခဲ့ပါ။

http://www.dhammadownload.com



## ဝေါကာရ ၃-မျိုး

၃၁-ဘုံသားတို့တွင် ရရှိထားသော (ဝေါကာရ) ခန္ဓာအလိုက် ဘုံဌာနတို့ကို ခွဲခြားရေတွက်ရသော်-

(၁) အသညသတ်ဘုံသားသည် - ရုပ်ခန္ဓာ ၁-ပါးသာ ရှိသောကြောင့် "ဧကဝေါကာရဘုံ"ဟုလည်း ကောင်း

(၂) အရူပ ၄-ဘုံသားသည် - နာမ်ခန္ဓာ ၄-ပါးသာ ရှိသောကြောင့် "စတုဝေါကာရဘုံ"ဟုလည်းကောင်း

(၃) ကာမ ၁၁-ဘုံနှင့် အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံသားတို့သည် - ခန္ဓာ ၅-ပါးလုံး ရှိသောကြောင့် "ပဉ္စဝေါကာရဘုံ"ဟုလည်းကောင်း ခေါ်ကြ၏။

သို့ဖြစ်၍

| | | |
|---|---|---|
| ဧကဝေါကာရဘုံ | = | ၁-ဘုံ |
| စတုဝေါကာရဘုံ | = | ၄-ဘုံ |
| ပဉ္စဝေါကာရဘုံ | = | ၂၆-ဘုံ |
| ပေါင်း | = | ၃၁-ဘုံ |

| | | | |
|---|---|---|---|
| (တစ်နည်း) | ရုပ်သက်သက်သာလျှင်ရှိသောဘုံ | = | ၁-ဘုံ |
| | နာမ်သက်သက်သာလျှင်ရှိသောဘုံ | = | ၄-ဘုံ |
| | ရုပ်-နာမ် နှစ်ပါးစုံရှိသောဘုံ | = | ၂၆-ဘုံ |
| | ပေါင်း | = | ၃၁-ဘုံ |

မေး - "သုံးဆယ့်တစ်ဘုံ တည်နေပုံ"ကို စေ့စုံအောင် ရေးပြပါ။

(၁) ငရဲ ခေါ်ရ၊ နိရယ၊ တည်ထ အောက်ဆုံးမှာ။

(၂) စွာန်, ပြိတ်, ကာယ်အား၊ ဘုံသုံးပါး၊ သီးခြားတည်ရာ မရှိပါ။

မနုဿဘုံ၊ တည်ခိုလှုံ၊ ကြည်ယုံ မှတ်လိုက်ပါ။

http://www.dhammadownload.com



(၃) ကာမသုဂတိ၊ ခုနစ်ရှိ၊ တည်၏ ဆင့်ဆင့်သာ၊

(၄) ပထမစျာန်မည်၊ သုံးဘုံသည်၊ ဖြစ်သည် တစ်ပြင်မှာ၊
ဒု, တ, စျာန်မည်၊ ဘုံခြောက်လီ၊ ဖြစ်တည် ထို့တူသာ။

(၅) စ-စျာန်ခုနစ်၊ တည်ဟန်စစ်၊ မှတ်လစ်သေသေချာ၊
အသညသတ်၊ ဘုံဝေဟပ်၊ နှစ်ရပ်တစ်ပြင်မှာ၊
သုဒ္ဓါဝါသ၊ ဘုံငါးဝ၊ တည်ကြဆင့်ဆင့်သာ။

(၆) အရူပလေးဝ၊ ထို့တူပ၊ တည်ကြဆင့်ဆင့်သာ၊
သုံးဆယ့်တစ်ဘုံ၊ တည်နေပုံ၊ မှတ်ယုံသောတုဇနာ။

အမှာ - သုံးဆယ့်တစ်ဘုံ တည်နေပုံကို သေချာ လေ့လာ၍ "၁-ဘုံချင်းစီ တည်ရှိသောဘုံ၊ ၂-ဘုံတွဲ တည်ရှိသောဘုံ၊ ၃-ဘုံတွဲ တည်ရှိသော ဘုံများ"ဟု စာမေးပွဲများ၌ မေးတတ်ကြသည်၊ လေ့ကျင့် ဖြေဆို ထားပါ။

ဇယားအပြင် ဝိထိပိုင်း (ဘုံပုဂ္ဂိုလ်ရ)အခန်းနှင့် တွဲဖက် လေ့လာ၍ ဘုံအလိုက် ရနိုင်သော ပုဂ္ဂိုလ် များကိုလည်းကောင်း၊ "ပုထုဇဉ်ချည်းသာ ရှိသောဘုံ၊ အရိယာချည်းသာရှိသောဘုံ၊ ပုထုဇဉ်ရော အရိယာပါ ရှိသောဘုံ"ဟူသော မေးခွန်းအတွက် လည်း ပြန်လေ့ကျင့်ထားပါ။

---------------------- ၁။ ဘူမိစတုက္က ပြီး၏။ ----------------------

http://www.dhammadownload.com



## ၂။ ပဋိသန္ဓိစတုက္က

ဘဝဟောင်းအပြတ်တွင် ဆက်စပ်သောအားဖြင့် ထိုထိုဘဝ၌ စိတ်, စေတသိက်နှင့် ကမ္မဇရုပ်များ၏ အစဆုံး ဖြစ်ခြင်းကို "ပဋိသန္ဓေနေခြင်း"ဟု ခေါ်သည်၊ ဘုံအလိုက် နေထိုင်ကြသော သတ္တဝါများ၏ ပဋိသန္ဓေကို အကျဉ်းအားဖြင့် ၄-မျိုး ခွဲခြားထားသည်။

**ပဋိသန္ဓိစတုက္က (ပဋိသန္ဓေအကျဉ်း ၄-မျိုး)**

| | | | |
|---|---|---|---|
| (၁) အပါယ်ပဋိသန္ဓေ | = | ၁-ပါး | (အကုဝိ-ဥ-တီ ၁-ပါး) |
| (၂) ကာမသုဂတိပဋိသန္ဓေ | = | ၉-ပါး | (အဟိတ်ကုဝိ-ဥ-တီ ၁-ပါး + မဟာဝိ ၈-ပါး) |
| (၃) ရူပါဝစရပဋိသန္ဓေ | = | ၆-ပါး | (ဇီဝိတနဝကကလာပ်ရုပ်ပဋိ-၁ + ရူပဝိ ၅-ပါး) |
| (၄) အရူပါဝစရပဋိသန္ဓေ | = | ၄-ပါး | (အရူပဝိ ၄-ပါး) |
| ပေါင်း ပဋိသန္ဓေ | = | ၂၀-ပါး | (ရုပ်ပဋိသန္ဓေ ၁-ပါး + နာမ်ပဋိသန္ဓေ ၁၉-ပါး) |

မေး - အပါယ်ပဋိသန္ဓေ၏ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စ တပ်ပုံများကို ထင်ရှားအောင် ရေးပြပါ။

အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁-ပါးသည် အပါယ် ၄-ဘုံ၌ သက်ရောက်ဆဲ ခဏ(ဖြစ်ခါစ) ဝယ် ပဋိသန္ဓေကိစ္စတပ်၍ ဖြစ်ပါသည်။

ထို့နောက် ပဝတ္တိအခါဝယ် (ဝီထိစိတ်မဖြစ်သမျှ) ဘဝင်ကိစ္စတပ်၍ ဖြစ်ပါသည်၊ ဘဝတုံး၍ ဆုံးသော အခါ စုတိကိစ္စတပ်၍ဖြစ်ပြီး နောက် ပြတ်ပါတော့သည်၊ တစ်ဘဝ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စ တပ်သော စိတ်သည် ဤကဲ့သို့ စိတ်တစ်မျိုးတည်းသာ ဖြစ်ရိုးတည်း။

(မှတ်ချက်) ကျန်ပဋိသန္ဓေများကိုလည်း နည်းတူသိပါ။

http://www.dhammadownload.com



| ပဋိသန္ဓိစတုက္က | ပဋိသန္ဓေ-၂၀ | ဆိုင်ရာဘုံသား |
|---|---|---|
| (၁) အပါယ်ပဋိသန္ဓေ = ၁-ပါး | အကုဝိ-ဥ-တိ = ၁-ပါး | အပါယ် ၄-ဘုံသားများ |
| (၂) ကာမသုဂတိ ပဋိသန္ဓေ = ၉-ပါး | အဟိတ်ကုဝိ-ဥ-တိ = ၁-ပါး | ဇစ္စန္ဓ အစရှိသော လူ ကျိုး/ကန်းများနှင့် စာတုမဟာရာဇ်၌ဖြစ်သော ဘုမ္မဇိုးနတ်ကြီးများကို ကပ်နေကြရသော ဝိနိပါတိက အသုရာများ |
| | မဟာဝိပါက် = ၈-ပါး | ကာမသုဂတိ ၇-ဘုံမှ လူ/နတ်ကောင်းများ |
| (၃) ရူပပဋိသန္ဓေ ၆-ပါး | ပ-စျာန် ဝိ = ၁-ပါး<br>ဒု/တ-စျာန် ဝိ = ၂-ပါး<br>စ-စျာန် ဝိ = ၁-ပါး<br>ပဥ္စ-စျာန် ဝိ = ၁-ပါး<br>ဇီဝိတနဝကရုပ်ပဋိ = ၁-ပါး | ပ-စျာန် = ၃-ဘုံသား<br>ဒု-စျာန် = ၃-ဘုံသား<br>တ-စျာန် = ၃-ဘုံသား<br>အသညသတ်ကြဉ် စ-စျာန် = ၆-ဘုံသား<br>အသညသတ်ဘုံ = ၁-ဘုံသား |
| (၄) အရူပ ပဋိ = ၄-ပါး | အာကာ ဝိ = ၁-ပါး<br>ဝိညာ ဝိ = ၁-ပါး<br>အာကိ ဝိ = ၁-ပါး<br>နေဝ ဝိ = ၁-ပါး | အာကာသာနဉ္စာယတနဘုံသား<br>ဝိညာဏဉ္စာယတနဘုံသား<br>အာကိဉ္စညာယတနဘုံသား<br>နေဝသညာ နာသညာယတန ဘုံသား |

http://www.dhammadownload.com



မှတ်ရန် (၁) ကာမပဋိသန္ဓေ = ၁၀-ပါး (အပါယ်ပဋိ = ၁-ပါး + ကာမသုဂတိ ပဋိ ၉-ပါး)

(၂) ဆိုင်ရာဘုံ၌ဖြစ်သော ဆိုင်ရာ ပဋိသန္ဓေစိတ်သည် ပဋိသန္ဓေ ကိစ္စသာမက ဘဝင်ကိစ္စ၊ စုတိကိစ္စ အစွမ်းအားဖြင့်လည်း ဖြစ်သေး၏၊

(၃) အသညသတ်ပဋိသန္ဓေအခါ၌ဖြစ်သော ဇီဝိတနဝကကလာပ် သည်ပင် ပဝတ္တိအခါ စုတိအခါ၌ ဘဝင်, စုတိကိစ္စ အစွမ်း အားဖြင့် ဖြစ်သေး၏၊

(ရုပ်ပဋိသန္ဓေ = ရုပ်ဘဝင် = ရုပ်စုတိ)

## လူ့ဘုံမှ သုဂတိအဟိတ်ပုဂ္ဂိုလ်များ (လူစဉ်မမီသူ ၁၀-ဦး)

| | | | | |
|---|---|---|---|---|
| (၁) | ဇစ္စန္ဓ | = | ပဋိသန္ဓေအားဖြင့် | ကန်းသူ(စက္ခုပသာဒ ချို့သောသူ) |
| (၂) | ဇစ္စဗဓိရ | = | ။ | နားထိုင်းသူ (သောတ ပသာဒ ချို့သူ) |
| (၃) | ဇစ္စဃာန | = | ။ | ဃာနပသာဒ ချို့သူ |
| (၄) | ဇစ္စမူဂ | = | ။ | စကားမပီဘဲ ထစ်အ, အ ဖြစ်သူ |
| (၅) | ဇစ္စဇဠ | = | ။ | ထိုင်းမှိုင်းဖျင်းအသူ (တင်း, တောင်းပမာဏ၊ အရှေ့, အနောက်၊ မူး, မတ်, ပဲ စသည် ကိုမျှ ခွဲခြားမသိသူ) |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| (၆) | ဇစ္စမ္ဗတ္တက | = | ပဋိသန္ဓေအားဖြင့် ရှုံးနှမ်းသူ |
| (၇) | ပဏ္ဍက | = | ယုတ်ညံ့သောအမူမျိုးကို ပြုလုပ်မှ ကာမဂုဏ် ခံစားနိုင်သူ၊ |
| (၈) | ဥဘတောဗျဥ္ဇနက | = | မိန်းမတစ်လှည့် ယောကျ်ားတစ်လှည့် ဖြစ်သူ |
| (၉) | နပုံသက | = | (နပုံပဏ္ဍုတ်) မိန်းမအင်္ဂါလည်း မထင်ရှား၊ ယောကျ်ားအင်္ဂါလည်း မထင်ရှားသူ၊ |
| (၁၀) | မမ္မ | = | မန်းစွဲသူ၊ စကားပြောလျှင် အမျှင်မပြတ်ဘဲ တရွတ်ဆွဲ၍ပြောရသူ၊ |

မေး - "ဇစ္စန္ဓ" ဟူသည် ဘယ်လိုပုဂ္ဂိုလ်မျိုးနည်း၊ ဖြေဆိုပါ။

စက္ခုပသာဒရုပ်ကို ဖြစ်စေနိုင်မည့် ကံမရှိ၍ စက္ခုပသာဒဖြစ်ရမည့်အချိန်မှာ စက္ခုပသာဒရုပ် မဖြစ်ပေါ်လာသောသူကို ဇစ္စန္ဓ (ဇာတိ + အန္ဓ၊ ဇာတိ - ပဋိသန္ဓေအားဖြင့် + အန္ဓ = ကန်းသူ) = သန္ဓေကန်းဟု ခေါ်ဆိုရသည်။

စက္ခုပသာဒရုပ် ဖြစ်ပြီးမှ တစ်စုံတစ်ခုသော ဘေးရန်ကြောင့် ပျက်စီးသွားသူကား "ဇစ္စန္ဓ = သန္ဓေကန်း"မဟုတ်ပါ။

## စာတုမဟာရာဇ်ဘုံမှ သုဂတိအဟိတ်ပုဂ္ဂိုလ်များ

ဘုမ္မသိတနတ် (ဘုမ္မစိုး) တို့ကို မှီခို၍ နေရသော စည်းစိမ်ဥစ္စာ၊ အိပ်ရာနေရာ ကောင်းစွာမရှိဘဲ ချမ်းသာသုခမှ ဖောက်ပြန် ပျက်စီးလျက် အောက်ကျနောက်ကျနေရသော "ဝိနိပါတိကအသုရာ"ခေါ် နတ်သေး၊ နတ်မွား၊ နတ်အငယ်စားများ။

http://www.dhammadownload.com



မှတ်ရန် - မြေကြီး၌ မှီနေသော, မြေကြီးနှင့် ဆက်စပ်လျက်ရှိသည့် သစ်ပင်, တော, တောင်များကို စောင့်နေသော သစ်ပင်စောင့်, တောစောင့်, တောင်စောင့်, မြေစောင့်နတ်များနှင့် ကိုယ်စောင့်နတ်, အိမ်စောင့်နတ် စသည်ကို "ဘုမ္မစိုး (ဘုမ္မဇိုဝ်း)နတ်"ဟု ခေါ်ဆိုရသည်။

## သက်တမ်းကာလ အတည်တကျ သတ်မှတ်မရသော ကာမဘုံသားများ

အပါယ် ၄-ဘုံသား၊ လူ (ဇမ္ဗူဒီပါတောင်ကျွန်းသား)နှင့် စာတုမဟာရာဇ် အနွယ်ဝင် ဘုမ္မစိုးနတ်ကြီးများကို မှီခိုကပ်ရပ်နေသော ဝိနိပါတိက အသုရာတို့ ဖြစ်ကြသည်။

(ထို ပုဂ္ဂိုလ်တို့တွင် အချို့ တစ်နံနက်မျှသာ အသက်ရှည်ကြသည်၊ အချို့ တစ်ရက်မျှသာ အသက်ရှည်ကြသည်၊ အချို့ နှစ်ပေါင်း အသင်္ချေတိုင်အောင် အသက်ရှည်ကြသည်၊ ထို့ကြောင့် သက်တမ်းကာလကို အတည်တကျ သတ်မှတ်မရခြင်း ဖြစ်သည်။)

ဆောင် - (၁) လူ၊ ဘုမ္မစိုး၊ ပါယ်လေးမျိုး၊ သက်ပိုင်းမြဲမရှိ။

(၂) အပါယ်၊ လူ့ရွာ၊ ဝိနိပါတို့၊ ချို့မှာနံနက်၊ ချို့တစ်ရက်မျှ၊ ချို့အသင်္ချေ၊ အသက်ရှည်၊ မှတ်လေ သက်တမ်း မမြဲတည်း။

မှတ်ရန် - "ရှေ့ ခုနစ်ရာ၊ နောက် ငါးရာ၊ မြောက်မှာ တစ်ထောင်၊ တောင်မြဲမရှိ"ဟု ဆိုသောကြောင့် လူအရ "ဇမ္ဗူဒီပါတောင်ကျွန်းသား"များကိုသာ ယူရသည်ဟု မှတ်ပါ။

http://www.dhammadownload.com



## နတ်ပြည် ၆-ထပ် နတ်တို့၏သက်တမ်း

| နတ်ဘုံ | နတ်သက် (နှစ်) (နတ်တို့၏အရေအတွက်) | လူ့သက် (နှစ်) (လူတို့၏အရေအတွက်) |
|---|---|---|
| စာတုမဟာရာဇ် | ၅၀၀ | ၉၀၀၀၀၀၀ = ၉ သန်း |
| တာဝတိံသာ | ၁၀၀၀ | ၃၆၀၀၀၀၀၀ = ၃၆ သန်း |
| ယာမာ | ၂၀၀၀ | ၁၄၄၀၀၀၀၀၀ = ၁၄၄ သန်း |
| တုသိတာ | ၄၀၀၀ | ၅၇၆၀၀၀၀၀၀ = ၅၇၆ သန်း |
| နိမ္မာနရတိ | ၈၀၀၀ | ၂၃၀၄၀၀၀၀၀၀ = ၂၃၀၄ သန်း |
| ပရနိမ္မိတဝသဝတ္တိ | ၁၆၀၀၀ | ၉၂၁၆၀၀၀၀၀၀ = ၉၂၁၆ သန်း |

မှတ်ချက် (၁) စာတုမဟာရာဇ်နတ်သက် (၅၀၀)ကို တည်၍ ၂-ဖြင့် ဆင့်ကာဆင့်ကာ မြှောက်သွားလျှင် (သို့မဟုတ်) ၅-ကို တည်၍ ၂-ဖြင့် ဆင့်ကာဆင့်ကာ မြှောက်ပြီး ရလဒ်တွင် သုည ၂-လုံးစီ ထည့်စွက်လိုက်လျှင် အထက်အထက် နတ်တို့၏ "ဆိုင်ရာ နတ်အရေအတွက် သက်တမ်း"ကို ရပါသည်။

(၂) လူ့အရေအတွက်အားဖြင့် စာတုမဟာရာဇ်နတ်သက် ၉-သန်းကို ၄-ဖြင့် ဆင့်ကာဆင့်ကာ မြှောက်သွားလျှင် (သို့မဟုတ်) ၉-ကို တည်၍ ၄-ဖြင့် ဆင့်ကာဆင့်ကာမြှောက်ပြီး ရလဒ်တွင် သုည ၆-လုံးစီ ထည့်စွက်လိုက်လျှင် အထက်အထက်နတ်တို့၏ "လူ့အရေအတွက်သက်တမ်း" ကို ရပါသည်။

ဆောင် - (၁) စတုမဟာ၊ နတ်သက်မှာ၊ သင်္ချာငါးရာပ၊
၅-ကိုတည်ကာ၊ ၂-ဖြင့်သာ၊ ဆင့်ကာမြှောက်ကုန်ကြ၊
မြှောက်ရလဒ်မှာ၊ နှစ်သုညာ၊ ညီစွာထည့်စွက်ပြ၊
တာဝတိံသာ၊ အစဖြာ၊ နတ်ရွာငါးဌာန၊
နတ်တို့အသက်၊ နတ်ရေတွက်၊ မခက်ဖြေလိုက်ကြ။

http://www.dhammadownload.com



(၂) စာတုမဟာ၊ လူ့သနိ္ဓာ၊ ရှည်ကြာကိုးသန်းပ၊
၉-ကိုတည်ကာ၊ ၄-ဖြင့်သာ၊ ဆင့်ကာမြှောက်ကုန်ကြ၊
မြှောက်ရလဒ်မှာ၊ ခြောက်သုညာ၊ ညီစွာထည့်စွက်ပြ၊
တာဝတိံသာ၊ အစဖြာ၊ နတ်ရွာငါးဌာန၊
နတ်တို့အသက်၊ လူ့ရေတွက်၊ မခက် ဖြေလိုက်ကြ။

မေး - အောက်အောက်နတ်သက်ကို အထက်အထက်နတ်သက်တို့ အရေအတွက်ဖြင့် သိလိုလျှင် မည်သို့ရှာဖွေမည်နည်း။

အောက်အောက်နတ်သက်ကိုတည်၍ ၂-ဖြင့်စားရပါသည်၊

ဥပမာ- စာတုမဟာရာဇ်နတ်သက်ကို တာဝတိံသာနတ်တို့၏ အရေအတွက်ဖြင့် သိလိုလျှင် စာတုမဟာရာဇ် နတ်သက် ၅၀၀-ကို တည်၍ ၂-ဖြင့်စား (၅၀၀ ÷ ၂ = ၂၅၀) နှစ်ရာ့ငါးဆယ် ဖြစ်ပါသည်။

မေး - အထက်အထက်နတ်သက်ကို အောက်အောက်နတ်သက်တို့ အရေအတွက်ဖြင့် သိလိုလျှင် မည်သို့ရှာဖွေ မည်နည်း။

အထက်အထက်နတ်သက်ကိုတည်၍ ၂-ဖြင့် မြှောက်ရပါသည်၊

ဥပမာ- ပရနိမ္မိတဝသဝတ္တိနတ်သက်ကို နိမ္မာနရတိနတ်တို့၏ အရေအတွက်ဖြင့် သိလိုလျှင် ပရနိမ္မိတ ဝသဝတ္တိနတ်သက် ၁၆၀၀၀-ကိုတည်၍ ၂-ဖြင့်မြှောက်ပါ။

(၁၆၀၀၀ × ၂ = ၃၂၀၀၀) သုံးသောင်းနှစ်ထောင် ဖြစ်ပါသည်။

ကပ် ၄-ပါး

(၁) အာယုကပ် = ၁၀-နှစ်တမ်းမှ အသင်္ချေ၊ အသင်္ချေမှ ၁၀-နှစ်တမ်း ဟု ကာလအား လျှော်စွာ သတ်မှတ်ထားသည့် အပိုင်းအခြားသည် အာယုကပ် မည်၏။

http://www.dhammadownload.com



(ယခုအခါ လူတို့၏ ၇၅-နှစ်တမ်းသည် လူတို့၏ အာယုကပ်ပေတည်း၊ တာဝတိံသာနတ်တို့၏ နတ်သက် နှစ်ပေါင်း ၁၀၀၀ သည် ၎င်းတို့၏ အာယုကပ်ပေတည်း)

(၂) အန္တရကပ် = အသင်္ချေအာယုကပ်မှ တဖြည်းဖြည်း ဆုတ်၍ ၁၀-နှစ်တမ်း အာယုကပ်တိုင်အောင်၊ ၎င်းမှ တရွေ့ရွေ့ တက်၍ အသင်္ချေယျအာယုကပ်တိုင်အောင် အာယုကပ်ဖြင့် မှတ်အပ်သော ဆုတ်ကပ်၊ တက်ကပ်တစ်ခုသည် အန္တရကပ် မည်၏၊ (ယခုအခါ ဆုတ်ကပ်)

(၃) အသင်္ချေယျကပ် = အန္တရကပ်ပေါင်း ၆၄-ကပ် (မဟာကပ်၏ ၄-ပုံ ၁-ပုံ) သည် အသင်္ချေယျကပ်မည်၏၊

(၄) မဟာကပ် = အသင်္ချေယျကပ် ၄-ကပ်သည် မဟာကပ် (တစ်ကမ္ဘာ) မည်၏။

## တစ်ကမ္ဘာ၌ရှိသော အသင်္ချေယျကပ် ၄-ကပ်

(၁) သံဝဋ္ဋကပ် = ကမ္ဘာပျက်နေဆဲအခါ၊

(၂) သံဝဋ္ဋဋ္ဌာယီကပ် = ပျက်ပြီး အပျက်အတိုင်း တည်နေဆဲအခါ၊

(၃) ဝိဝဋ္ဋကပ် = ကမ္ဘာဖြစ်ဆဲအခါ၊

(၄) ဝိဝဋ္ဋဋ္ဌာယီကပ် = ဖြစ်ပြီး တည်တံ့နေသောအခါ၊ (ယခုအခါ)

## ရှုပပြဟ္မာတို့၏သက်တမ်းရေတွက်ပုံ

ပထမဈာန် ၃-ဘုံသည် ကမ္ဘာပျက်သည့်အခါတိုင်း မပျက်သည်မရှိ၊ ပျက်သည်သာ ဖြစ်ရကား မဟာကပ် တစ်ကပ်လုံး အပြည့်အဝ မတည်နိုင်သောကြောင့် ပထမဈာန် ဗြဟ္မာတို့၏သက်တမ်းကို မဟာကပ်(ကမ္ဘာ)ဖြင့်

http://www.dhammadownload.com



မရေတွက်ဘဲ မဟာကပ်၏ ၄-ပုံ ၁-ပုံ ဖြစ်သော အသင်္ချေယျကပ် (အန္တရကပ် ၆၄-ကပ်)ဖြင့် ရေတွက်ရပါသည်။

ဒုတိယစျာန်စသော အထက်ဘုံများကား ကမ္ဘာပျက်သည့်အခါတိုင်း မပါသောကြောင့် ဒုတိယစျာန် ဗြဟ္မာ စသည်တို့၏ သက်တမ်းကို မဟာကပ် (ကမ္ဘာ)ဖြင့်သာ ရေတွက်ရပါသည်။

သို့ဖြစ်၍ ပထမစျာန်ဘုံသားဖြစ်သော ဗြဟ္မပါရိသဇ္ဇာဘုံသား ဗြဟ္မာကြီး၏ သက်တမ်းမှာ အသင်္ချေယျ ကပ်အားဖြင့် ၃-ပုံ, ၁-ပုံ (အန္တရ ကပ်အားဖြင့် ၂၁နှီကပ်)၊ ဗြဟ္မပုရောဟိတာဘုံသား - အသင်္ချေယျကပ်တစ်ဝက် (အန္တရကပ် ၃၂-ကပ်)၊ မဟာဗြဟ္မာဘုံသား - အသင်္ချေယျကပ် ၁-ကပ် (အန္တရ ကပ် ၆၄-ကပ်) ဖြစ်ပါသည်။ (ကျန် ဒု-စျာန် စသော ဘုံသားတို့၏ သက်တမ်း ဆိုရိုးအတိုင်း လေ့လာထားပါ။)

## အရူပဗြဟ္မာတို့၏သက်တမ်း

(ဆိုရိုးအတိုင်း နည်းတူသိပါ။)

## တစ်ဘဝ၌ တူမြဲတရား ၃-ပါး

တစ်ခုသောဘဝ၌ "ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်" တို့သည် ဘူမိ(ဘုံ), ဇာတိ(ဇာတ်), သမ္ပယုတ္တ ဓမ္မ (ယှဉ်ဘက်တရား), သင်္ခါရ, အာရုံ ဟူသော အချက် ၅-ချက်အားဖြင့် တူကြ၏။

ဥပမာ -(၁) ပဋိသန္ဓေစိတ်က ကာမပဋိသန္ဓေစိတ် ဖြစ်လျှင် ဘဝင်, စုတိစိတ် တို့သည်လည်း ကာမဘဝင်, ကာမစုတိစိတ်တို့သာ ဖြစ်ကြပါသည်၊ (ဤကား- ဘူမိအားဖြင့် တူပုံတည်း။)

(၂) ပဋိသန္ဓေစိတ်လည်း ဝိပါက် (အဗျာကတ)ဇာတ်၊ ဘဝင်, စုတိစိတ် တို့လည်း ဝိပါက် (အဗျာ ကတ)ဇာတ်ပင် ဖြစ်ပါ သည်၊ (ဤကား ဇာတိအားဖြင့် တူပုံတည်း။)

http://www.dhammadownload.com



(၃) ပဋိသန္ဓေစိတ်က မဟာဝိပါက် ဉာဏသမ္ပယုတ် ဖြစ်၍ စေတသိက် ၃၃-ပါးနှင့် ယှဉ်လျှင် ဘဝင်, စုတိစိတ်တို့လည်း ထိုပဋိသန္ဓေစိတ် ယှဉ်သော စေတသိက် ၃၃-ပါးတို့နှင့်သာ ယှဉ်ပါသည်၊ (ဤကား သမ္ပယုတ္တဓမ္မအားဖြင့် တူပုံတည်း။)

(၄) ပဋိသန္ဓေစိတ်က အသင်္ခါရိကစိတ်ဖြစ်လျှင် ဘဝင်, စုတိစိတ်တို့လည်း အသင်္ခါရိကစိတ်ပင် ဖြစ်ပါသည်၊ (ဤကား သင်္ခါရအားဖြင့် တူပုံတည်း။)

(၅) ပဋိသန္ဓေစိတ်က ကံနိမိတ်ကို အာရုံပြုလျှင် ဘဝင်, စုတိစိတ်တို့လည်း ကံနိမိတ်ကိုပင် အာရုံ ပြုပါသည်၊ (ဤကား အာရုံအားဖြင့် တူပုံတည်း။)

-------------------- ၂။ ပဋိသန္ဓိစတုက္က ပြီး၏။ --------------------

## ၃။ ကမ္မစတုက္က

ကုသိုလ်, အကုသိုလ်စိတ်များနှင့်ယှဉ်သော စေတနာကို (တစ်နည်း) ကုသိုလ်, အကုသိုလ်စေတနာကို "ကံ(ကမ္မ)"ဟု ခေါ်၏၊ ထို ကံ ၄-မျိုး အပေါင်းကို ကမ္မစတုက္က ဟု ခေါ်၏။

(၁) **ကိစ္စစတုက္က** = ကံတို့၏ လုပ်ငန်းဆောင်ရွက်ပုံ (ကိစ္စ) အားဖြင့်ပြားသော ကံ ၄-ပါး၊

(၂) **ပါကဒါနပရိယာယစတုက္က** = အကျိုးပေးပုံ အလှည့်အကြိမ်အားဖြင့် ပြားသောကံ ၄-ပါး၊

(၃) **ပါကကာလစတုက္က** = အကျိုးပေးရာ အချိန်ကာလအားဖြင့် ပြားသော ကံ ၄-ပါး၊

http://www.dhammadownload.com



(၄) ပါကဋ္ဌာနစတုက္က = အကျိုးပေးရာ ဘုံဋ္ဌာနအားဖြင့် ပြားသော ကံ ၄-ပါး၊

## (၁) ကိစ္စစတုက္က

ဖြစ်စေခြင်း၊ ထောက်ပံ့ခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းသည် ကံတို့၏ ကိစ္စလုပ်ငန်းတည်း၊ ဤသို့ လုပ်ငန်းဆောင်ရွက်မှု ကိစ္စနှင့်စပ်၍ ကံ ၄-မျိုး ပြား၏။

(၁) ဇနကကံ = ပဋိသန္ဓေအခါ၌ဖြစ်စေ၊ ပဝတ္တိအခါတို့၌ဖြစ်စေ ဝိပါက်နာမက္ခန္ဓာ၊ ကဋတ္တာရုပ် စသော အကျိုး ဝိပါက်တို့ကို မိမိကိုယ်တိုင် ဖြစ်စေနိုင်သော ကုသိုလ် -အကုသိုလ် စေတနာ၊

(၂) ဥပတ္ထမ္ဘကကံ = ကိုယ်တိုင်အကျိုးပေးခြင်း၌ မစွမ်းနိုင်သော်လည်း ဇနကကံ အကျိုးပေးခွင့် ရစေရန်လည်းကောင်း၊ အခွင့်ရပြန်လျှင်လည်း အကျိုးပေး ထက်သန်စေရန် လည်းကောင်း၊ အကျိုးပေးသည့်အခါမှာလည်း ထိုအကျိုးများ ကြာရှည် ဖွံ့ဖြိုးစေရန်လည်းကောင်း အားပေး ထောက်ပံ့တတ်သော ကုသိုလ်-အကုသိုလ် စေတနာ၊

(၃) ဥပပီဠကကံ = ဇနကကံ အကျိုးပေးခွင့် မရစေရန်လည်းကောင်း၊ အခွင့်ရပြန်လျှင်လည်း အကျိုးပေး မထက်သန်စေ ရန်လည်းကောင်း၊ ရပြီးသော အကျိုးဝိပါက်တို့ကို လည်း မဖွံ့ဖြိုးစေရန်လည်းကောင်း ကပ်၍ နှိပ်စက် တတ်သော ကုသိုလ်-အကုသိုလ်စေတနာ၊

http://www.dhammadownload.com



(၄) ဥပဃာတကကံ (ဥပစ္ဆေဒကကံ) = နှိပ်စက်ရုံတွင်မက ဇနကကံကို လုံးဝ အကျိုးမပေးနိုင်စေရန်လည်းကောင်း၊ ပေးပြီးသော အကျိုးများကိုလည်း ပြတ်သွားစေရန်လည်းကောင်း၊ သတ်ဖြတ်သော ကုသိုလ် -အကုသိုလ် စေတနာ၊

(ဆောင်) - (၁) ပဋိသန္ဓိ, ပဝတ္တိ၊ ဝိပါက်ကဋတ္တာ၊ ဖြစ်ပွားစေမှု၊ ကျေးဇူးပြု ကု, အကု ဇနကာ။

(၂) ထောက်ပံ့သမှု၊ ကျေးဇူးပြု ဥပတ္ထမ္ဘကာ။

(၃) နှိပ်စက်ညှင်းပန်း၊ ညှိုးနွမ်းစေမှု၊ ဖိစီးပြု ဥပပီဠကာ။

(၄) ပြတ်ဆုံးစေမှု၊ အတင်းပြု ဥပဃာတကာ။

မှတ်ချက် - အဘိဓမ္မာ စတင်သင်ယူခါစ ပုဂ္ဂိုလ်များအနေနှင့် ကျက်မှတ်ရလွယ်ကူစေရန် ဆိုရိုးဇယားအတိုင်းသာ ကျက်မှတ်ထားပါ၊ အဘိဓမ္မာဆိုင်ရာ သဘောအဓိပ္ပါယ်များ ဆက်လက် လေ့လာသွားရာ၌ အထောက်အကူ ဖြစ်ရန်နှင့် ပိုမို နားလည်နိုင်စေရန် အခြေပြုသင်္ဂြိုဟ်အတိုင်း ထုတ်နုတ် ဖော်ပြပေးထားပါသည်။

## (၂) ပါကဒါနပရိယာယစတုက္က

သတ္တဝါတစ်ယောက်၌ ကံ ၄-မျိုးလုံး ရှိလျှင် စုတေသည့်အခါ "ဂရုကံ" က အကျိုးပေးခွင့် အလှည့်ကျ၏၊ ဂရုကံ မရှိလျှင် "အာသန္နကံ"က အကျိုးပေး လှည့်ကျ၏၊ အာသန္နကံ မရှိလျှင် "အာစိဏ္ဏကံ"က အကျိုးပေး အလှည့်ကျ၏၊ အာစိဏ္ဏကံ မရှိပြန်လျှင် "ကဋတ္တာကံ"က အကျိုးပေးလှည့် ကျ၏၊ ဤသို့ အကျိုးပေးလှည့် အကြိမ်(အစဉ်)အားဖြင့် ကံ ၄-မျိုး ပြားရပြန်သည်။

(၁) ဂရုကံ = သေက ဒုတိယဘဝ၌ အကျိုးပေးမြဲသော အားကြီးသော မဟဂ္ဂုတ်ကံ၊ ပဉ္စာနန္တရိယကံ စသည်တို့၏ အဆုံးဇော စေတနာ၊

http://www.dhammadownload.com



(တစ်ပါးသော ကံတို့က မတားမြစ်နိုင်လောက်အောင် ကြီးလေးသော ကံများတည်း၊ ကုသိုလ်အရာ၌ မဟဂ္ဂုတ် (စျာန်)ကံများ၊ အကုသိုလ်အရာ၌ ပဉ္စာနန္တရိယကံ များတည်း)

(၂) အာသန္နကံ = သေခါနီးမှ ပြုသော၊ ရှေးက ပြုဖူး၍ သေခါနီးမှ အမှတ်ရခါ အဟောင်းပေါ်လာသော ကုသိုလ်-အကုသိုလ် စေတနာကံ၊

(၃) အာစိဏ္ဏကံ = နေ့ရှည်ရက်ရှည် စွဲမြဲ၍ပြုသော ကုသိုလ်, အကုသိုလ် စေတနာ၊ တစ်ကြိမ်ပြုလည်း မပြတ် အောက်မေ့ အပ်သော ကုသိုလ်, အကုသိုလ် စေတနာကံ၊

(၄) ကဋတ္တာကံ = ရှေ့ကံ ၃-ပါး (ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံ)မှ လွတ်သော အပရာပရိယာယကံဟောင်းစု၊ ဤဘဝ၌ ရံခါပြုသော သာမည ကုသိုလ်, အကုသိုလ် စေတနာကံ။

မှတ်ချက် - ✱ ပဉ္စာနန္တရိယကံတို့မှာ -

(၁) မာတုဃာတက = အမိကို သတ်မှု၊
(၂) ပိတုဃာတက = အဘကို သတ်မှု၊
(၃) အရဟန္တဃာတက = ရဟန္တာကို သတ်မှု၊
(၄) လောဟိတုပ္ပါဒက = ဘုရားရှင်ကို သွေးစိမ်းတည်စေမှု၊
(၅) သံဃဘေဒက = သံဃာကို သင်းခွဲမှု၊

✱ နိယတမိစ္ဆာဒိဋ္ဌိ (မြဲခိုင်သော၊ မှားယွင်းသော အယူအဆ) တို့ကိုလည်း အကုသိုလ် ဂရုကံ၌ ထည့်သွင်းကြသေး၏။

## (၃) ပါကကာလစတုက္က

ပစ္စုပ္ပန်ကာလ၊ ဒုတိယဘဝကာလ၊ တတိယဘဝမှစ၍ နိဗ္ဗာန်မရမီ ကာလ ဟူ၍ ဤသို့ အကျိုးပေးရာ ကာလနှင့် စပ်၍လည်း ကံ ၄-ပါး ပြားရသည်။

http://www.dhammadownload.com




(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ = အာသေဝနပစ္စည်းမရ၊ အားနည်း၍ ဘဝတစ်ပါး၌ အကျိုးမပေးနိုင်ဘဲ မျက်မှောက်ဘဝ၌ အကျိုးပေးသော ပထမဇော စေတနာ၊

(၂) ဥပပဇ္ဇဝေဒနီယကံ = ကံကိစ္စ ပြီးပြီဖြစ်၍ အခြားမဲ့ ဒုတိယဘဝ၌ အကျိုးပေးသော အဆုံး သတ္တမဇော စေတနာ၊

(၃) အပရာပရိယဝေဒနီယကံ = အာသေဝနပစ္စည်း ရ၍ တတိယဘဝမှ နိဗ္ဗာန်မရမီကာလအတွင်း အခွင့် ရတိုင်း အကျိုးပေးသော အလယ်ဇော ၅-ချက် စေတနာ၊

(၄) အဟောသိကံ = ကာလလွန်၍လည်းကောင်း၊ အရဟတ္တမဂ်ဖြင့် တဏှာအကြောင်းရင်းကို ပယ်သဖြင့် အာသေဝနပစ္စည်း မရ၍လည်းကောင်း အကြောင်းချို့ကာ အကျိုးမပေး သုဉ်းဆိတ်သော ရှေ့ဇော ၇-ချက် စေတနာ၊

## ဇော ၇-ချက်ဖြင့် မှတ်သားရန်



http://www.dhammadownload.com



(ဆောင်) (၁) မျက်မှောက်ဘဝ၊ အကျိုးရ၊ ဒိဋ္ဌဓမ္မောဦးသာ။
(၂) ဒုတိယဘဝ၊ အကျိုးရ၊ သတ္တဓမ္မောမှတ်ပါ။
(၃) ပရံပရ အနမတဂ်၊ အဆက်ဆက်ဝယ်၊ အကျိုးကြွယ်၊ အလယ် ဓမ္မောင်းဖြာ။
(၄) ကံအဟောသိ၊ ကျိုးမရှိ၊ ကြိစေတနာ။

## (၄) ပါကဋ္ဌာနစတုက္က

အကျိုးပေးရာ ဘုံဋ္ဌာန၏ အစွမ်းအားဖြင့် ကံတို့သည် ၄-မျိုး ပြား၏။

| | | |
|---|---|---|
| (၁) အကုသိုလ်ကံ = ၁၂-ပါး | အပါယ် ၄-ဘုံသို့အကျိုးပေးသောကံ | ကာမကံ ၂၀ |
| (၂) ကာမာဝစရကုသိုလ်ကံ = ၈-ပါး | ကာမသုဂတိဘုံသို့အကျိုးပေးသောကံ | |
| (၃) ရူပါဝစရကုသိုလ်ကံ = ၅-ပါး | ရူပဘုံသို့ အကျိုးပေးသောကံ | မဟဂ္ဂုတ်ကံ (၉) |
| (၄) အရူပါဝစရကုသိုလ်ကံ = ၄-ပါး | အရူပဘုံသို့ 〃 | |

## (၁) အကုသိုလ်ကံ

(က) ကံ၏ဖြစ်ရာ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ တည်းဟူသော ကမ္မဒွါရ အစွမ်းအားဖြင့် အကုသိုလ် ကံသည် ကာယကံ, ဝစီကံ, မနောကံ ဟု ၃-မျိုး ပြား၏။

ကာယကံ = ကိုယ်တည်းဟူသော ကာယဒွါရ (ကာယဝိညတ်ရုပ်)၌ အဖြစ်များသောအမှုကို "ကာယကံ" ဟု ခေါ်၏။

ဝစီကံ = နှုတ် တည်းဟူသော ဝစီဒွါရ (ဝစီဝိညတ်ရုပ်)၌ အဖြစ်များသောအမှုကို "ဝစီကံ"ဟု ခေါ်၏။

မနောကံ = ကိုယ်လည်း မလှုပ်၊ နှုတ်လည်း မပါ၊ စိတ်တည်းဟူသော မနောဒွါရ၌ အဖြစ်များသော အမှုကို "မနောကံ"ဟု ခေါ်၏။

http://www.dhammadownload.com



**ကာယကံအကုသိုလ် ၃-ပါး**

(၁) ပါဏာတိပါတ = သူ့အသက်သတ်မှု၊
(၂) အဒိန္နာဒါန = သူ့ဥစ္စာခိုးမှု၊
(၃) ကာမေသုမိစ္ဆာစာရ = သူ့အိမ်ရာ ပြစ်မှားမှု၊

* ၎င်း မကောင်းမှု ၃-ပါးတို့သည် (ကမ္မဒွါရ ၃-ပါးအနက်) ကာယဒွါရ, ဝစီဒွါရ ၂-ပါးလုံး၌ ဖြစ်၏၊ သို့ရာတွင် ကာယဒွါရတည်းဟူသော ကိုယ်၌ အဖြစ်များသော မကောင်းမှုဖြစ်၍ ကာယကံ(ကာယဒုစရိုက်) ၃-ပါး မည်၏။

**ဝစီကံအကုသိုလ် ၄-ပါး**

(၁) မုသာဝါဒ = မုသားပြောမှု၊ (လိမ်ညာပြောဆိုမှု)
(၂) ပိသုဏာဝါစာ = ကုန်းတိုက်ကာ မိတ်ခွဲမှု၊ (သူတစ်ပါးတို့ကို ရန်တိုက်မှု)
(၃) ဖရုသဝါစာ = ကြမ်းတမ်းသော စကားပြောဆိုမှု၊ (ဆဲဆို ငေါက်ငမ်းပြောဆိုမှု)
(၄) သမ္ဖပ္ပလာပ = အနှစ်သာရမရှိ အဓိပ္ပါယ်မဲ့သော ပြိန်ဖျင်းစကား ပြောဆိုမှု၊

* ဤ မကောင်းမှု ၄-ပါးတို့သည် ကာယဒွါရ, ဝစီဒွါရ ၂-ပါးလုံး၌ ဖြစ်၏၊ သို့ရာတွင် ဝစီဒွါရ တည်းဟူသော နှုတ်၌ အဖြစ်များသော မကောင်းမှု ဖြစ်၍ ဝစီကံ (ဝစီဒုစရိုက်) ၄-ပါး မည်၏။

**မနောကံအကုသိုလ် ၃-ပါး**

(၁) အဘိဇ္ဈာ = သူပိုင်ဥစ္စာ ညွတ်မှု (သူတစ်ပါးဥစ္စာကို မတရား ယူလိုမှု)
(၂) ဗျာပါဒ = အသေ တောင့်တမှု (သူတစ်ပါး ပျက်စီး, သေကြေ စေရန် ကြံစည်မှု)
(၃) မိစ္ဆာဒိဋ္ဌိ = အယူမှားမှု၊

http://www.dhammadownload.com



* ဤ မကောင်းမှု ၃-ပါးတို့သည် ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ ၃-ပါးလုံး၌ ဖြစ်၏၊ သို့ရာတွင် မနော ဒွါရ တည်းဟူသော စိတ်၌ အဖြစ်များသော ကြောင့် မနောကံ (မနောဒုစရိုက်) ၃-ပါး မည်၏။

## အကုသလကမ္မပထတရား ၁၀-ပါး

ဤ ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ မနောကံ ၃-ပါးကို အပါယ် ရောက်ကြောင်း မကောင်းသော လမ်း ခရီးဖြစ်သည့် အကုသိုလ်များ "အကုသလကမ္မပထတရား ၁၀-ပါး"ဟု ခေါ်ဝေါ်ရိုး ပြုကြသည်။ (အကုသလ ကမ္မ-အကုသိုလ်ကံ + ပထ - အပါယ်ရောက်ကြောင်းလမ်း)

## ဒုစရိုက် ၁၀-ပါး

မကောင်းသောစရိုက်(အကျင့်)များ ဖြစ်သောကြောင့်လည်း "ဒုစရိုက် ၁၀-ပါး"ဟုလည်း ခေါ်၏။ (ဒု-မကောင်းသော + စရိတ-စရိုက်၊ အကျင့်)

ဒုစရိုက် (၄၀) = ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ၊ ပွားပြန်မူ၊ မှတ်ယူ ၄၀-ကံ။

## (ခ) ကံမြောက်ကြောင်းတရား (မူလ = အရင်းခံတရား)

| | |
|---|---|
| * ပါဏာတိပါတ၊ ဖရုသဝါစာ၊ | = ဒေါသမူလ (ဒေါသ စေတသိက်) |
| ဗျာပါဒ | = ဒေါသမူလရှိသော ယှဉ် ဘက်စိတ် (ဒေါသမူစိတ်) |
| * ကာမေသုမိစ္ဆာစာရ၊ မိစ္ဆာဒိဋ္ဌိ၊ | = လောဘမူလ (လောဘ စေတသိက်) |
| အဘိဇ္ဈာ | = လောဘမူလရှိသော ယှဉ် ဘက်စိတ် (လောဘမူစိတ်) |

http://www.dhammadownload.com



* အဒိန္နာဒါန၊ မုသာဝါဒ
ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပ } ရံခါ လောဘမူလ၊ ရံခါ ဒေါသမူလ

## (ဂ) တရားကိုယ်

ကာယကံ ၃-ပါး (ကာယဒုစရိုက် ၃-ပါး) = ကံမြောက်အောင် နှိုးဆော်သော"စေတနာ"

ဝစီကံ ၄-ပါး (ဝစီဒုစရိုက် ၄-ပါး) = ကံမြောက်အောင် နှိုးဆော်သော"စေတနာ"

မနောကံ ၃-ပါး (အဘိဇ္ဈာ) = လောဘ စေတသိက်
(ဗျာပါဒ) = ဒေါသ 〃
(မိစ္ဆာဒိဋ္ဌိ) = ဒိဋ္ဌိ 〃

| တရားကိုယ် | ကံမြောက်ကြောင်းတရား(မူလ) | အကုသလကမ္မပထ ၁၀-ပါး |
|---|---|---|
| ဒေါသနှင့်ယှဉ်သောစေတနာ | ဒေါသ | ပါဏာတိပါတ |
| 〃 စေတနာ | ဒေါသ | ဖရုသဝါစာ |
| ဒေါသစေတသိက် | ဒေါသမူလရှိသောယှဉ်ဘက်စိတ် | ဗျာပါဒ |
| လောဘနှင့်ယှဉ်သောစေတနာ | လောဘ | ကာမေသုမိစ္ဆာစာရ |
| ဒိဋ္ဌိစေတသိက် | လောဘ | မိစ္ဆာဒိဋ္ဌိ |
| လောဘစေတသိက် | လောဘမူလရှိသောယှဉ်ဘက်စိတ် | အဘိဇ္ဈာ |
| ရံခါ လော(သို့)ဒေါယှဉ်စေတနာ | ရံခါ လော(သို့)ဒေါ | အဒိန္နာဒါန |
| 〃 | 〃 | မုသာဝါဒ |
| 〃 | 〃 | ပိသုဏာဝါစာ |
| 〃 | 〃 | သမ္ဖပ္ပလာပ |

http://www.dhammadownload.com



(ဆောင်) (၁) သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးခုကာယကံ၊
လိမ်လည်ကုန်းချော၊ နှုတ်ကြမ်းပြော၊ ဖျင်းပြောဝစီကံ၊
သူ့ဟာရလို၊ သေစေလိုငြား၊ ကံဖယ်ရှား၊ သုံးပါးမနောကံ။

(၂) ပါဏာ, ဖရု၊ ဗျာပါစုံ၊ ဒေါ်ဒု အရင်းခံ၊
ကာမေ, မိစ္ဆာ၊ အဘိဇ္ဈာ၊ လောဘာအရင်းခံ၊
အဒိန်, မုသာ၊ ပိ, သမ္ဖာ၊ လောဘာ, ဒေါ နှစ်တန်။

## (ဃ) စိတုပ္ပါဒ်၏အစွမ်းအားဖြင့်-

ဤ အကုသလကမ္မပထတရား ၁၀-ပါးသည် စိတ်တို့၏ ဖြစ်ပုံအားဖြင့် အရင်းစစ်လျှင် အကုသိုလ်စိတ် ၁၂-ပါးပင်တည်း၊ အကုသိုလ်စိတ် ၁၂-ပါးသည်ပင် ထိုက်သည့်အား လျော်စွာ ပါဏာတိပါတ စသော အနေအားဖြင့် ဖြစ်ကြသည်၊ (ကံမြောက်ကြောင်းတရား ကောက်ယူရာတွင် မောဟ စေတသိက်သည် အကုသလကမ္မ ပထတရား ၁၀-ပါးလုံး၌ အမြဲ ပါဝင်နေခြင်း ကြောင့် သီးခြား မဖော်ပြထားခြင်းသာ ဖြစ်ပါသည်။)

## (၂) ကာမာဝစရကုသိုလ်ကံ

(က) **ကမ္မဒွါရ၏အစွမ်းအားဖြင့်**-ကာယကံ၊ ဝစီကံ၊ မနောကံ ဟူ၍ ၃-ပါးအပြား ရှိ၏၊ ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ မနောကံ ၃-ပါး၊ ပေါင်း ၁၀-ပါးသော တရားတို့ကို "ကုသလကမ္မပထတရား ၁၀-ပါး"ဟု ခေါ်၏။

(ခ) **ဒါန-သီလ-ဘာဝနာ တို့၏ အစွမ်းအားဖြင့်**- ၃-ပါးပင် ပြား၏၊ (တစ်နည်း) ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ စသော ပုညကြိယာဝတ္ထုအားဖြင့် ၁၀-ပါး အပြား ရှိ၏။

http://www.dhammadownload.com



(ဂ) စိတ္တုပ္ပါဒ်၏အစွမ်းအားဖြင့်- ကာမကုသိုလ်ကံသည် ၈-ပါးအပြား ရှိ၏၊ (စိတ်တို့၏ဖြစ်ခြင်းအားဖြင့် အရင်း စစ်လျှင် ကာမကုသိုလ်ကံသည် ၈-ပါး ရှိ၏၊ ၈-ပါး ဟူသည် မဟာကုသိုလ်စိတ် ၈-ပါးပင်တည်း။)

* မဟာကုသိုလ်စိတ် ၈-ပါးသည်ပင် ကာယကံ စသော၊ ဒါန စသော အနေအားဖြင့် ဖြစ်ရသည်ဟူလို။

## ကုသလကမ္မပထတရား (ဝါ) သုစရိုက် ၁၀-ပါး

ကောင်းသော အမူအရာ အကျင့်ဖြစ်၍ သုစရိုက်ဟူ၍လည်းကောင်း၊ သုဂတိဘုံသို့ ရောက်ကြောင်း ကောင်းမှုကြီးများဖြစ်၍ ကုသလကမ္မပထတရား ဟူ၍လည်းကောင်း ခေါ်ကြ၏။

## ကာယကံ ၃-ပါး (ကာယသုစရိုက် ၃-ပါး)

(၁) ပါဏာတိပါတာ ဝေရမဏီ = သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု၊
(၂) အဒိန္နာဒါနာ ဝေရမဏီ = သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်မှု၊
(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီ = သူ့အိမ်ရာ ပြစ်မှားမှုမှ ရှောင်ကြဉ်မှု၊

ကာယဒွါရ, ဝစီဒွါရ ၂-ပါး၌ ဖြစ်သော်လည်း ကိုယ်၌ အဖြစ်များသောကြောင့် ကာယကံ ၃-ပါး (ကာယသုစရိုက် ၃-ပါး) မည်၏။

## ဝစီကံ ၄-ပါး (ဝစီသုစရိုက် ၄-ပါး)

(၁) မုသာဝါဒါ ဝေရမဏီ = လိမ်ညာပြောခြင်းမှ ရှောင်ကြဉ်မှု၊
(၂) ပိသုဏာဝါစာ ဝေရမဏီ = ကုန်းတိုက်စကားပြောခြင်းမှ ရှောင်ကြဉ်မှု၊
(၃) ဖရုသဝါစာ ဝေရမဏီ = ကြမ်းတမ်းစကားပြောခြင်းမှ ရှောင်ကြဉ်မှု၊
(၄) သမ္ဖပ္ပလာပါ ဝေရမဏီ = ပြိန်ဖျင်းစကားပြောခြင်းမှ ရှောင်ကြဉ်မှု၊

* ကာယဒွါရ, ဝစီဒွါရ ၂-ပါး၌ ဖြစ်သော်လည်း နှုတ်၌ အဖြစ်များသောကြောင့် ဝစီကံ ၄-ပါး (ဝစီ သုစရိုက် ၄-ပါး) မည်၏။

http://www.dhammadownload.com



မနောကံ ၃-ပါး (မနောသုစရိုက် ၃-ပါး)

(၁) အနဘိဇ္ဈာ = သူ့ပိုင်ဥစ္စာ မညွတ်မှု၊
(၂) အဗျာပါဒ = အသေမတောင့်တမှု၊
(၃) သမ္မာဒိဋ္ဌိ = အယူမှန်မှု၊

* ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ ၃-ပါးလုံး၌ ဖြစ်သော်လည်း စိတ်၌ အဖြစ်များသောကြောင့် မနောကံ ၃-ပါး (မနောသုစရိုက် ၃-ပါး) မည်၏။

(ဆောင်) (၁) ကာ,ဒု သုံးပါး၊ ရှောင်ကြဉ်ငြား၊ သုံးပါးကာယကံ။
(၂) နှုတ်,ဒု လေးပါး၊ ရှောင်ကြဉ်ငြား၊ လေးပါးဝစီကံ။
(၃) အနဘိဇ္ဈာ၊ အဗျာပါဒနှင့် သမ္မာဒိဋ္ဌိ၊ ဖြောင့်မှန်သိ၊ တြိမနောကံ။

သုစရိုက် (၄၀)* ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ ပွားပြန်မှု မှတ်ယူ ၄၀-ကံ။

တရားကိုယ်

| | | |
|---|---|---|
| ကာယသုစရိုက် ၃-ပါး၊ ဝစီသုစရိုက် ၄-ပါး | = | ဝိရတီစေတသိက် ၃-ပါး |
| အနဘိဇ္ဈာ | = | အလောဘ |
| အဗျာပါဒ | = | အဒေါသ |
| သမ္မာဒိဋ္ဌိ | = | အမောဟ |

ပုညကြိယာဝတ္ထု ၁၀-ပါး

ကောင်းသောအကျိုး၏ တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကောင်းမှုကုသိုလ် ၁၀-ပါးကို ပုညကြိယာ ဝတ္ထု ၁၀-ပါးဟု ခေါ်၏၊ (ပုည - ကောင်းမှု + ကြိယ - ပြုသင့်ပြုထိုက်သော + ဝတ္ထု - တည်ရာ)

၁။ ဒါန = စွန့်ကြဲ ပေးကမ်း လှူဒါန်းမှု၊
၂။ သီလ = ကာယကံ, ဝစီကံကို အပြစ်မဖြစ်စေရန် စောင့်ထိန်းမှု၊

http://www.dhammadownload.com



၃။ ဘာဝနာ = သမထ, ဝိပဿနာ ဘာဝနာ ပွားများမှု၊

၄။ အပစာယန = မိမိကိုယ်ကို နှိမ့်ချကာ ဂုဏ်ကြီးသူကို ရိုသေ ပူဇော်မှု၊

၅။ ဝေယျာဝစ္စ = သူတစ်ပါးကုသိုလ်ကိစ္စ၌ ကြောင့်ကြစိုက်ကာ ကူညီမှု၊

၆။ ပတ္တိဒါန = မိမိ၏ ကောင်းမှုကုသိုလ်အဖို့ကို မိမိကဲ့သို့ အညီအမျှ ရစေရန် အမျှပေးဝေမှု၊

၇။ ပတ္တာနုမောဒန = သူတစ်ပါး ဝေငှသော ကောင်းမှုကုသိုလ်အဖို့ကို ဝမ်းမြောက်စွာ သာဓုခေါ် ဆိုမှု၊

၈။ ဓမ္မဿဝန = သူဟောသောတရားကို ရိုသေစွာ နာကြားမှု၊

၉။ ဓမ္မဒေသနာ = မိမိသိရာတရားကို သူတစ်ပါးအား လာဘ်မငဲ့ဘဲ ဟောကြားမှု၊

၁၀။ ဒိဋ္ဌိဇုကမ္မ = ကံကိုသာ ကိုးရိုးကာ အယူဖြောင့်မတ်မှု၊

## ဒါန, သီလ, ဘာဝနာ၌ သွင်းယူခြင်း

* ဒါန ၌ = ပတ္တိဒါန၊ ပတ္တာနုမောဒန ကုသိုလ်တို့ကို သွင်းယူရ၏၊

* သီလ ၌ = အပစာယန၊ ဝေယျာဝစ္စ ။ ။

* ဘာဝနာ၌ = ဓမ္မဿဝန၊ ဓမ္မဒေသနာ ။ ။

(ဒိဋ္ဌိဇုကမ္မမှာ - ဒါန၊ သီလ၊ ဘာဝနာ ၃-ပါးလုံး၏ ရှေ့သွား အကြီးအမှူး သဖွယ် ဖြစ်သောကြောင့် ဒါန, သီလ, ဘာဝနာ ၃-ပါး လုံး၌ပင် ထည့်သွင်းအပ်၏။)

ဆောင် - ဒါန, သီလ, ဘာဝနာ၊ သုံးဖြာစဉ်၍ခင်း။

စ, နှစ်ကို လယ်၊ လယ်, နှစ်ကို စ၊ နောက်မှာ နောက်ချင်းသွင်း။

http://www.dhammadownload.com



## (၃) ရူပါဝစရ ကုသိုလ်ကံ

(၁) ရူပါဝစရကုသိုလ်ကံသည် ကာယကံ၊ ဝစီကံ၊ မနောကံ ဟု ၃-မျိုး မရှိ၊ မနောကံ ၁-မျိုးသာ ရှိသည်၊

(စျာန်ကုသိုလ်ဖြစ်၍ အလွန် နူးညံ့ သိမ်မွေ့ ငြိမ်သက်လှသဖြင့် မည်သည့်ဝိညတ်ကိုမျှ မဖြစ်စေနိုင်၍ ကာယဒွါရ, ဝစီဒွါရတို့၌ မဖြစ်၊ မနောဒွါရ၌သာ ဖြစ်သောကြောင့် မနောကံသာ ဖြစ်၏။)

(၂) ဒါန၊ သီလ၊ ဘာဝနာဟု ၃-မျိုးလည်း မရှိ၊ ဘာဝနာ ၁-မျိုးသာ ဖြစ်၏၊

(၃) "မနောကံ-ဘာဝနာမယ"ဟု ဆိုသော်လည်း ကာမာဝစရကုသိုလ် မနောကံ-ဘာဝနာမယမျိုး မဟုတ်၊ အပ္ပနာသို့ရောက်သော မနောကံ-ဘာဝနာမယမျိုးသာ ဖြစ်၏၊

(၄) ယှဉ်သောစျာန်အင်္ဂါ ၅-မျိုး ပြားခြင်းကြောင့် ရူပကုသိုလ်ကံလည်း ၅-မျိုး ပြားရပေ၏။

## (၄) အရူပါဝစရကုသိုလ်ကံ

ရူပါဝစရကုသိုလ်ကံကဲ့သို့ပင် အပ္ပနာသို့ ရောက်သော မနောကံ-ဘာဝနာမယမျိုးသာ ဖြစ်၏၊ ကောင်းကင် ပညတ် စသော အာရုံအားဖြင့် ၄-မျိုး ပြားခြင်းကြောင့် အရူပကုသိုလ်ကံလည်း ၄-မျိုး ပြားရပေသည်။

http://www.dhammadownload.com



## ကာမကံတို့၏ အကျိုးပေးရာ ဘုံဌာနများ

| ကာမကံ (၂၀)ပါး | အခါ(ကာလ) | ဘုံဌာန | အကျိုးဝိပါက်စိတ် |
|---|---|---|---|
| (၁) အကုသိုလ်ကံ<br>ဥဒ္ဓစ္စကြဉ်အကုစေတနာ ၁၁-ပါး | ပဋိသန္ဓေအခါ | အပါယ် ၄-ဘုံ | အကုဝိ-ဥ-တီ ၁-ပါး |
| အကုသိုလ်စေတနာ ၁၂-ပါး | ပဝတ္တိအခါ | (၁) အပါယ် ၄-ဘုံ<br>(၂) ကာမသုဂတိ ၇-ဘုံ<br>(၃) အသညသတ်ကြဉ် ရူပ ၁၅-ဘုံ | အကုဝိပါက်စိတ် = ၇-ပါး<br>အကုဝိပါက်စိတ် = ၇-ပါး<br>(ယာန, ဃာန, ဇိဝှါ, ကာယကြဉ်)<br>အကုဝိပါက်စိတ် = ၄-ပါး |
| (၂) ကာမကုသိုလ်ကံ<br>မဟာကုသိုလ်စေတနာ ၈-ပါး | ပဋိသန္ဓေအခါ | ကာမသုဂတိ ၇-ဘုံ | အဟိတ်ကုဝိ-ဥ-တီ= ၁-ပါး<br>မဟာဝိ = ၈-ပါး<br>ပေါင်း = ၉-ပါး |
| မဟာကုသိုလ်စေတနာ ၈-ပါး | ပဝတ္တိအခါ | (၁) ကာမသုဂတိ ၇-ဘုံ<br>(၂) အပါယ် ၄-ဘုံ<br>(၃) အသညသတ်ကြဉ် ရူပ ၁၅-ဘုံ | အဟိတ်ကုဝိ-၈<br>+မဟာဝိ-၈<br>= ၁၆-ပါး<br>အဟိတ်ကုဝိ = ၈-ပါး<br>(ယာန, ဃာန, ဇိဝှါ, ကာယကြဉ်<br>အဟိတ်ကုဝိ = ၅-ပါး |

http://www.dhammadownload.com



## ကာမကုသိုလ်ကံ၏ တိဟိတ်, ဥက္ကဋ္ဌ စသည်အခွဲ

တိဟိတ်ကုသိုလ် = ကုသိုလ် ပြုသောအခါ ကံ, ကံ၏အကျိုးကို သိမြင်သော ကမ္မဿကတာဉာဏ် (သို့) အနိစ္စ, ဒုက္ခ, အနတ္တဟု ဆင်ခြင်တတ်သော ဝိပဿနာဉာဏ် ပါဝင်သောကုသိုလ်၊ (အလောဘ, အဒေါသ, အမောဟ ဟိတ် ၃-ပါးနှင့် ယှဉ်သော မဟာကုသိုလ်ဉာဏသံ ၄-ပါး)

* ကုသိုလ်ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်ယှဉ်ဘိက၊ တိဟိတ်ကုသိုလ်၊ ခေါ်ကြဆို၏။

ဒွိဟိတ်ကုသိုလ် = ကုသိုလ်ပြုသောအခါ (ကလေးသူငယ်များ ပြုသကဲ့သို့) ကံ, ကံ၏အကျိုးကို သိမြင်သောဉာဏ် မပါလျှင် အမောဟ ဟိတ်နှင့် မယှဉ်သောကြောင့် ဒွိဟိတ်ကုသိုလ် မည်၏၊ (မဟာကုသိုလ် ဉာဝိပ် ၄-ပါး)

* အကျိုးမမြင်၊ ဉာဏ်မယှဉ်သော်၊ ခေါ်တွင်ဒွိဟိတ်၊ ကုသိုလ်စိတ်တည့်။

ဥက္ကဋ္ဌကုသိုလ် = ကုသိုလ်မပြုခင်သော်လည်းကောင်း၊ ပြုပြီးနောက်သော်လည်းကောင်း ရှေ့, နောက် နှစ်တန် ကုသိုလ်စိတ်များ ခြံရံနေလျှင် ၎င်းကုသိုလ်သည် အလွန်မြင့်မြတ်သော ဥက္ကဋ္ဌ ကုသိုလ် မည်၏၊

* ရှေ့နောက်နှစ်တန်၊ ကုသိုလ်ခြံ၊ မှတ်ရန်ဥက္ကဋ္ဌ။

ဩမကကုသိုလ် = ကုသိုလ်မပြုခင်သော်လည်းကောင်း၊ ပြုပြီးနောက်သော်လည်းကောင်း ရှေ့, နောက် နှစ်တန် အကုသိုလ်စိတ်များ ခြံရံနေလျှင် ၎င်းကုသိုလ်သည် အညံ့စား ဩမကကုသိုလ် မည်၏။

http://www.dhammadownload.com



## အကျိုးပေးရာ ဘုံဌာနများ

| ကာမကုသိုလ်ကံ | အခါ (ကာလ) | ဘုံဌာန | အကျိုးဝိပါက်စိတ် |
|---|---|---|---|
| (၁) တိဟိတ်ဥက္ကဋ္ဌ မဟာကုစေတနာ ၄-ပါး (မဟာကုညာသံ ၄-ပါး) | ပဋိသန္ဓေအခါ | ကာမသုဂတိ ၇-ဘုံ | မဟာဝိပါက်ညာသံ = ၄-ပါး |
| | ပဝတ္တိအခါ | (၁) ကာမသုဂတိ ၇-ဘုံ | အဟိတ်ကုဝိ ၈-ပါး<br>မဟာဝိပါက် ၈-ပါး } ၁၆-ပါး |
| | | (၂) အပါယ် ၄-ဘုံ | အဟိတ်ကုဝိ = ၈-ပါး |
| | | (၃) အသညသတ် ကြဉ် ရူပ ၁၅-ဘုံ | ဃာန, ဇိဝှါ, ကာယကြဉ် အဟိတ်ကုဝိ = ၅-ပါး |
| (၂) တိဟိတ်သြမက မဟာကုစေတနာ ၄-ပါး (မဟာကုညာသံ = ၄-ပါး)နှင့် | ပဋိသန္ဓေအခါ | ကာမသုဂတိ ၇-ဘုံ | မဟာဝိပါက်ညာဝိပ် = ၄-ပါး |
| (၃) ဒွိဟိတ်ဥက္ကဋ္ဌ မဟာကုစေတနာ ၄-ပါး (မဟာကုညာဝိပ် ၄-ပါး) | ပဝတ္တိအခါ | (၁) ကာမသုဂတိ ၇-ဘုံ | အဟိတ်ကုဝိ = ၈-ပါး<br>မဟာဝိညာဝိပ် = ၄-ပါး<br>ပေါင်း = ၁၂-ပါး |
| | | (၂) အပါယ် ၄-ဘုံ | အဟိတ်ကုဝိ = ၈-ပါး |
| | | (၃) အသညသတ် ကြဉ် ရူပ ၁၅-ဘုံ | (ဃာန, ဇိဝှါ, ကာယ)ကြဉ် အဟိတ်ကုဝိ = ၅-ပါး |

http://www.dhammadownload.com



| ကာမကုသိုလ်ကံ | အခါ (ကာလ) | ဘုံဌာန | အကျိုးဝိပါက်စိတ် |
|---|---|---|---|
| (၄) ဒွိဟိတ်ဩမက<br>မဟာကုစေတနာ<br>၄-ပါး (မဟာကု<br>(ဉာဝိပ် ၄-ပါး) | ပဋိသန္ဓေအခါ | လူ့ဘုံ,<br>ဝိနိပါတိက<br>အသုရာဘုံ | အဟိတ်ကုဝိ-ဥ-တိ = ၁-ပါး |
| | ပဝတ္တိအခါ | (က) ကာမသုဂတိ<br>၇-ဘုံ | အဟိတ်ကုဝိ = ၈-ပါး |
| | | (ခ) အပါယ် ၄-ဘုံ | အဟိတ်ကုဝိ = ၈-ပါး |
| | | (ဂ) အသညသတ်<br>ကြဉ် ရူပ<br>၁၅-ဘုံ | (ဃာန, ဇိဝှါ, ကာယ)ကြဉ်<br>အဟိတ်ကုဝိ = ၅-ပါး |

## ရူပါဝစရကုသိုလ်ဈာန်တို့၏ ဟီန(ပရိတ္တ), မဇ္ဈိမ, ပဏီတ(အထူး)

ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ ဟူသော ဈာန်နှင့်ယှဉ်ဘက်တရားတို့တွင် တစ်ပါးပါးသည် အဓိပတိ (အကြီးအကဲ)ဖြစ်ရိုးတည်း၊ ထို အဓိပတိ ဖြစ်ထိုက်သော တရားသည် ညံ့နေ-လျော့နေလျှင် ဟီန(ပရိတ္တ)ဈာန် ဖြစ်၏၊ ထို အဓိပတိက အလတ်တန်းစားသို့ ရောက်ယူလျှင် မဇ္ဈိမဈာန် ဖြစ်၏၊ ထို အဓိပတိက ထက်မြက်လျှင် ပဏီတဈာန် ဖြစ်၏။

http://www.dhammadownload.com



## မဟဂ္ဂုတ်ကံတို့၏ အကျိုးပေးရာဘုံဌာနများ

| မဟဂ္ဂုတ်ကံ | ဘုံဌာန | အကျိုးဝိပါက် |
|---|---|---|
| (၁) ဟီန (ပရိတ္တ) ပ-ဈာန်ကု | ဗြဟ္မပါရိသဇ္ဇာဘုံ | ပ-ဈာန်ဝိပါက်စိတ် |
| မဇ္ဈိမ 〃 | ဗြဟ္မပုရောဟိတာဘုံ | 〃 |
| ပဏီတ 〃 | မဟာဗြဟ္မာ | 〃 |
| (၂) ဟီန ဒု-ဈာန်ကု, တ-ဈာန်ကု | ပရိတ္တာဘာဘုံ | ဒု-ဈာန်ဝိပါက်, တ-ဈာန်ဝိ |
| မဇ္ဈိမ 〃 | အပ္ပမာဏာဘာဘုံ | 〃 〃 |
| ပဏီတ 〃 | အာဘဿရာဘုံ | 〃 〃 |
| (၃) ဟီန စ-ဈာန်ကု | ပရိတ္တသုဘာ | ပရိတ္တသုဘာဘုံ စ-ဈာန် ဝိပါက်စိတ် |
| မဇ္ဈိမ 〃 | အပ္ပမာဏသုဘာဘုံ | 〃 |
| ပဏီတ 〃 | သုဘကိဏှာဘုံ | 〃 |
| (၄) သာမည ပဥ္စ-ဈာန်ကု | ဝေဟပ္ဖိုလ်ဘုံ | ပဥ္စ-ဈာန်ဝိပါက်စိတ် |
| နာမ်ပျောက်စေမှုယှဉ် 〃 | အသညသတ်ဘုံ | ဇီဝိတနဝကကလာပ်ရုပ် ပဋိသန္ဓေ |
| သဒ္ဓါလွန်(အနာဂါမ်) ပဥ္စဈာန်ကု | အဝိဟာဘုံ | ပဥ္စ-ဈာန်ဝိပါက်စိတ် |
| ဝီရိယလွန် 〃 〃 | အတပ္ပါဘုံ | 〃 |
| သတိလွန် 〃 | သုဒဿာဘုံ | ပဥ္စ-ဈာန်ဝိပါက်စိတ် |
| သမာဓိလွန် 〃 〃 | သုဒဿီဘုံ | 〃 |
| ပညာလွန် 〃 〃 | အကနိဋ္ဌဘုံ | 〃 |
| (၅) အာကာသာနဉ္စာယတနကု | အာကာသာနဉ္စာယတနဘုံ | အာကာသာနဉ္စာယတနဝိပါက် |
| ဝိညာဏဉ္စာယတနကု | ဝိညာဏဉ္စာယတနဘုံ | ဝိညာဏဉ္စာယတနဝိပါက် |
| အာကိဉ္စညာယတနကု | အာကိဉ္စညာယတနဘုံ | အာကိဉ္စညာယတနဝိပါက် |
| နေဝသညာနာသညာယတနကု | နေဝသညာနာသညာ ယတနဘုံ | နေဝသညာနာသညာယတန ဝိပါက် |

http://www.dhammadownload.com



မှတ်ချက် - ဤ မဟာဂ္ဂုတ်ကံတို့သည် များသောအားဖြင့် "ပ-ဈာန်ကု" သည် "ပ-ဈာန်ဝိ" "ဒု-တ ဈာန်ကု"သည် "ဒု, တ ဈာန်ဝိ", "အာကာကု"သည် "အာကာဝိ"ဟု တူသောအကျိုးကို ပေးတတ်ကြသည်။

သို့ရာတွင် အသညသတ်ဘုံသို့ ပဋိသန္ဓေအကျိုးကို ပေးစေတတ်သော "နာမ်ပျောက်စေလိုမှုနှင့်ယှဉ်သော ပဥ္စမဈာန်ကု" သည် မိမိနှင့်တူသော "ပဥ္စမဈာန်ဝိ"ကို မဖြစ်စေဘဲ ဇီဝိတနဝကကလာပ် ရုပ်ပဋိသန္ဓေကို ဖြစ်စေသည်။

သို့ဖြစ်၍ "တူသောအကျိုးကို မပေးစေတတ်သော မဟဂ္ဂုတ်ကံ" ဟု မေးလျှင် နာမ်ပျောက်စေလိုမှုနှင့် ယှဉ်သော ပဥ္စမဈာန်ကုသိုလ်ကံ ဟု ဖြေပါ။

မေး- အသညသတ်ဘုံသို့ ရောက်ဖို့ရာ အဘယ်ဈာန်ကို အဘယ်သို့ အားထုတ်ရမည်နည်း။

ပဥ္စမဈာန်ကို ရပြီးသောပုဂ္ဂိုလ်သည် "အမှတ်သညာ(စိတ်, စေတသိက်) ရှိနေသောကြောင့်သာ စားချင်, သောက်ချင်, လိုချင်မှု (လောဘ), ဒေါသဖြစ်မှု, မာနဖြစ်မှုတွေ ဖြစ်ရသည်၊ ရုပ်ခန္ဓာချည်း နေလျှင် အပြစ် တစ်စုံတစ်ရာ မရှိဘဲ အေးမြ ငြိမ်းချမ်းဖွယ်ရှိသည်"ဟု သညာစေတသိက်နှင့်တကွ စိတ်, စေတသိက် အားလုံးအပေါ်မှာ များစွာ အပြစ်မြင်လျက် ပဥ္စမဈာန်ကိုပင် ထပ်ကာ ထပ်ကာ ဝင်စား၏။

ထိုအခါ ထို ပဥ္စမဈာန်စိတ်သည် သညာ(စိတ်, စေတသိက် အားလုံး)ကို စက်ဆုပ်သော (နာမ် ပျောက်စေလိုမှုနှင့်ယှဉ်သော) "သညာဝိရာဂဘာဝနာ"အဖြစ်သို့ ရောက်၏၊ ထို ပုဂ္ဂိုလ် စုတေလျှင် သူ့အလိုကျအောင် သညာမရှိသော အသညသတ်ဘုံသို့ ရောက်ရလေသည်။

http://www.dhammadownload.com



## သုဒ္ဓါဝါသဘုံသို့အကျိုးပေးသောကံ

ပဉ္စမဈာန် ရပြီးသောပုဂ္ဂိုလ်သည် "အနာဂါမ်"ဖြစ်လျှင် သုဒ္ဓါဝါသဘုံ၌ ဖြစ်ရ၏၊ သို့သော် အမြဲမဟုတ်၊ ပဉ္စမဈာန် ရပြီးသော အနာဂါမ်ပုဂ္ဂိုလ်အချို့မှာ ဝေဟပ္ဖိုလ်ဘုံ၌လည်း ဖြစ်ခွင့်ရှိသေး၏၊ သုဒ္ဓါဝါသဘုံ၌ကား အနာဂါမ် ပုဂ္ဂိုလ်မှတစ်ပါး အခြားသော ပုဂ္ဂိုလ်များ ပဋိသန္ဓေ မနေနိုင်၊ (သုဒ္ဓါဝါသဘုံ၌ အနာဂါမိဖိုလ်ပုဂ္ဂိုလ်, အရဟတ္တမဂ်ပုဂ္ဂိုလ်, အရဟတ္တဖိုလ်ပုဂ္ဂိုလ် ၃-ယောက် သာ ရှိ၏၊ ထိုတွင် မဂ်ပုဂ္ဂိုလ်အဖြစ်, ရဟန္တာပုဂ္ဂိုလ်အဖြစ်၌ ပဋိသန္ဓေနေခွင့် မရှိရကား အနာဂါမိဖိုလ်ပုဂ္ဂိုလ် ၁-ယောက်သာ ပဋိသန္ဓေနေခွင့် ရှိသည် ဟူလို)

ထိုသို့ ပဋိသန္ဓေ နေကြရာဝယ် ဣန္ဒြေ ၅-ပါး ထက်မြက်ပုံ အစဉ် အားဖြင့် သုဒ္ဓါဝါသ ၅-ဘုံ၌ ဖြစ်ကြ ရသည်၊ (သဒ္ဓိန္ဒြေ ထက်သူသည် အဝိဟာ ဘုံ၌, ဝီရိယိန္ဒြေ ထက်သူသည် အတပ္ပါဘုံ၌ စသည်ဖြင့် သိပါ။)

(ဆောင်) - သဒ္ဓါ, ဝီရိ, သတိ, သမာ, ဓိပညာ၊ ငါးဖြာဣန္ဒြေခင်း။
သုဒ္ဓါဘုံငါး၊ ထက်သူများ၊ စံစားစဉ်တိုင်းသွင်း။

---------------------- ၃။ ကမ္မစတုက္က ပြီး၏။ ----------------------

## ၄။ မရဏုပ္ပတ္တိစတုက္က

စုတေခြင်း (သေခြင်း)တို့၏ ဖြစ်ပုံကို ပြသော စတုက္ကကို "မရဏုပ္ပတ္တိ စတုက္က"ဟု ခေါ်သည်။ (မရဏ-စုတေခြင်း + ဥပပတ္တိ-ဖြစ်ပုံ + စတုက္က- ၄-ပါး)

### သေခြင်း (မရဏ) ၄-ပါး

(၁) အာယုက္ခယ = အသက်တမ်းကုန်၍ သေခြင်း၊ (မီးစာကုန်)

(၂) ကမ္မက္ခယ = ထိုထိုဘဝကို စီမံလိုက်သော (ဇနကကံ) ကံစွမ်း ကုန်၍ သေခြင်း၊ (ဆီခန်း)

http://www.dhammadownload.com



(၃) ဥဘာယက္ကမ = အသက်တမ်း, ကံစွမ်း နှစ်ပါးကုန်၍သေခြင်း၊ (မီးစာကုန် + ဆီခန်း)

(၄) ဥပစ္ဆေဒက = ကံဆိုးဖြတ်ချွေ လတ်တလောသေခြင်း၊ (လေပြင်းတိုက်ခတ်မှု စသည်. . )

မှတ်ချက် - ဤတွင် ဥပစ္ဆေဒက မရဏမှတစ်ပါး ကျန် မရဏ ၃-ပါးတို့သည် စုတေချိန်ရောက်၍ သေခြင်း "ကာလမရဏ"ဖြစ်၍ ဥပစ္ဆေဒက မရဏမှာ စုတေချိန် မရောက်သေးဘဲ သေရခြင်း "အကာလမရဏ" ဖြစ်ပါသည်။

## သေခါနီး ထင်လာသော နိမိတ် ၃-ပါး

သေခြင်း (မရဏ) ၄-ပါးတို့အနက် တစ်ပါးပါးသော အကြောင်းကြောင့် သေကုန်သော သတ္တဝါတို့တွင် သေခါနီးကာလ၌ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု ဆိုအပ်သော ၃-ပါးသော အာရုံတို့တွင် တစ်ပါးပါးသော နိမိတ် (အာရုံ)သည် ကံ၏အစွမ်းကြောင့် ဒွါရ ၆-ပါးမှ တစ်ပါးပါးတွင် ထိုက်သလို ထင်လာတတ်၏၊

ထိုသို့ ထင်ရာဝယ် ကံထင်ထိုက်လျှင် ကံ၊ ကမ္မနိမိတ် ထင်ထိုက်လျှင် ကမ္မနိမိတ်၊ ဂတိနိမိတ် ထင်ထိုက်လျှင် ဂတိနိမိတ် ထင်လာသည်။

### (၁) ကံ

သတ္တဝါတို့သန္တာန်၌ ကံအများ ရှိရာဝယ် အခြားမဲ့ နောက်ဘဝ၌ ပဋိသန္ဓေကျိုးကို ပေးဖို့ရာ အခွင့်သာသော ကုသိုလ်ကံ (သို့) အကုသိုလ်ကံ တစ်ပါးပါးသည် ကံအများထဲမှ ရွေးရှု ထွက်ပြူလာသကဲ့သို့ ထင်ပေါ်လာတတ်သည်။

ဤသို့ အကျိုးပေးခွင့်ရ၍ ရွေးရှုတည်နေသော၊ ပဋိသန္ဓေကို ဖြစ်စေသော (ဥပပဇ္ဇဝေဒနိယ, အပရာ ပရိယဝေဒနိယ)ကုသိုလ်, အကုသိုလ် ဇနကကံသည် ကံ မည်၏။

http://www.dhammadownload.com



သို့ဖြစ်၍ ထို ကံသည် အတိတ်ကာလ (ဓမ္မာရုံ)ဖြစ်၍ မနောဒွါရ၌ ထင်၏။

## (၂) ကမ္မနိမိတ်

နောက်ဘဝ၌ ပဋိသန္ဓေကိုဖြစ်စေသော ကုသိုလ်, အကုသိုလ်ကံ ပြုစဉ်ကာလက တွေ့ကြုံရသမျှ အာရုံများကို "ကမ္မနိမိတ်"ဟု ခေါ်သည်။

သို့ဖြစ်၍ ကံမြောက်ကြောင်း အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်၊ လက်နက်၊ တုတ်၊ ဓား စသော ကံ အဆောက်အဦ၊ ကံနှင့်စပ်သမျှ ဝတ္ထုအာရုံ ၆-ပါးသည် ကမ္မနိမိတ် မည်၏။

ဤတွင် အတိတ်ကာလ ကမ္မနိမိတ် (အာရုံ ၆-ပါး)ဖြစ်လျှင် မနောဒွါရ၌ ထင်၏၊ ပစ္စုပ္ပန်ကာလ ကမ္မ နိမိတ် (အာရုံ ၆-ပါး)ဖြစ်လျှင် ယထာရဟ (သင့်လျော်သလို) ၆-ဒွါရ၌ ထင်၏။

## (၃) ဂတိနိမိတ်

စုတေပြီးနောက် လားရောက်ရာ ဂတိတို့၌ တွေ့ကြုံရလတ္တံ့သော အာရုံများကို "ဂတိနိမိတ်"ဟု ခေါ်၏၊ သို့ဖြစ်၍ လားရာဂတိ အမိဝမ်းရေ, နတ်သမီး, ဘုံဗိမာန်, ဥယျာဉ်, ပဒေသာပင်, ငရဲအိုး, ငရဲထိန်း, ငရဲမီးလျှံ စသည်သည် "ဂတိနိမိတ်" မည်၏။

ဤ ဂတိနိမိတ်သည် ပစ္စုပ္ပန်ကာလ အာရုံ ၆-ပါးဖြစ်၍ ယထာရဟ (သင့်လျော်သလို) ၆-ဒွါရ၌ ထင်၏။

## စုတေခါနီး စိတ်အစဉ်ဖြစ်ပုံ

စုတေခါနီးကာလ၌ စိတ်အစဉ်သည် ထင်လာသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တစ်ပါးပါးကို အာရုံ ပြု၍ ရလတ္တံ့သော ဘဝသစ်ကို ညွတ်၍ နေလေသည်၊ ထိုဘဝသစ်သည်လည်း စင်ကြယ်သော ကုသိုလ်ကံ, ညစ်နွမ်း

http://www.dhammadownload.com



သော အကုသိုလ်ကံတို့အား လျော်စွာသော သုဂတိ-ဒုဂ္ဂတိဘဝများကို ရနိုင်ပေ၏။

## စုတိစိတ်ကျပုံ

အလွန် နီးသော သေခြင်း ရှိသော သတ္တဝါတို့အား မရဏာသန္နဝီထိစိတ်၏ အဆုံး၌လည်းကောင်း၊ မရဏာ သန္နဝီထိနောင် ဘဝင်၏ အဆုံး၌လည်းကောင်း ပစ္စုပ္ပန်ဘဝမှ ရွေ့လျောခြင်း၏အစွမ်းဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံးဖြစ်သော စုတိစိတ် ကျလေသည်။

(ဤသို့ ပစ္စုပ္ပန်ဘဝမှ ပြောင်းရွေ့ လျှောကျခြင်းကို ပါဠိလို "စုတိ"၊ မြန်မာလို "စုတေသည်၊ သေသည်" ဟု ခေါ်၏။)

## ပဋိသန္ဓေစိတ်ဖြစ်ပုံ

ဘဝဟောင်း၏ စုတိစိတ် အဆုံးသတ် ချုပ်ပြီးသည်၏ အခြားမဲ့၌ ကာလမခြားဘဲ ဆက်လက်၍ ပဋိသန္ဓေ စိတ်သည်-

(၁) အာရုံ = မစုတေမီ ရှေ့အဖို့က မရဏာသန္နဝီထိဇောတို့ ယူအပ်သော အာရုံကို ဆက်လက်၍သာ အာရုံပြုသည်။

(မရဏာသန္နဇောက ကံကိုယူခဲ့လျှင် ပဋိသန္ဓေစိတ်သစ်ကလည်း ကံကိုပင် ဆက်လက် အာရုံပြု)

(မရဏာသန္နဇောက ကမ္မနိမိတ်ကိုယူခဲ့လျှင် ပဋိသန္ဓေစိတ်သစ်ကလည်း ကမ္မနိမိတ်ကိုပင် ဆက်လက် အာရုံပြု) (မရဏာသန္နဇောက ဂတိနိမိတ်ကို ယူခဲ့လျှင် ပဋိသန္ဓေစိတ်သစ်ကလည်း ဂတိနိမိတ်ကိုပင် ဆက်လက် အာရုံပြု)

http://www.dhammadownload.com



(၂) မှီရာဝတ္ထု = ကာမဘုံနှင့် ရူပဘုံတို့၌ ဖြစ်လျှင် ထိုဘုံတို့၌ မှီရာ ဟဒယဝတ္ထုရုပ် ရှိသောကြောင့် ပဋိသန္ဓေစိတ်သည် ဟဒယဝတ္ထုရုပ်ကို မှီ၍ ဖြစ်သည်၊
အရူပဘုံ၌ ဖြစ်လျှင် မှီရာဝတ္ထုရုပ် မရှိသောကြောင့် ပဋိသန္ဓေစိတ်သည် ဝတ္ထုရုပ်ကို မမှီမူ၍သာလျှင် ဖြစ်သည်။

(၃) ဖြစ်ကြောင်း= ပဋိသန္ဓေစိတ်သည် အလိုအလျောက် ဖြစ်ပေါ်လာသည် မဟုတ်၊ ဗြဟ္မာမင်းကြီး စသသည်တို့က ဖန်ဆင်းလိုက်သည်လည်း မဟုတ်၊ ရှေးက မိမိပြုခဲ့သော ကုသိုလ်ကံ (သို့) အကုသိုလ်ကံဟူသော သင်္ခါရသည် ဖြစ်စေအပ်သော အကျိုးဝိပါက်သာလျှင် ဖြစ်သည်၊ သို့ဖြစ်၍-

(၁) ဘဝသစ်၌ အပြစ်မမြင်အောင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာခြံရံ၊

(၂) ဘဝသစ်၌ ညွတ်ကိုင်းရှိုင်းသော တဏှာ အရင်းခံလျက်၊

(၃) ဘဝသစ်၌ ပစ်ချသော ကုသိုလ်, အကုသိုလ် (ဇနက)ကံဟု ဆိုအပ်သော ကံ-သင်္ခါရ တည်းဟူသော အကြောင်းသုံးပါးကြောင့် သတ္တဝါများ ပဋိသန္ဓေ နေကြရသည်။

(၄) ရှေ့သွားခေါင်းဆောင်ဖြစ်ခြင်း = ပဋိသန္ဓေစိတ်၌ စိတ်ချည်းတစ်ခုတည်း ဖြစ်သည်မဟုတ်၊ ဖဿ, ဝေဒနာ, သညာ အစရှိသော ယှဉ်ဘက် စေတသိက်များလည်း ခြံရံလျက် ပါသည်၊ ဤတွင် ပဋိသန္ဓေစိတ်

http://www.dhammadownload.com



သည် ထို အတူတကွ ဖြစ်ဘက် တရားတို့၏ တည်ရာဖြစ်ခြင်းကြောင့် ပဋိသန္ဓေစိတ်ကို ထို ဖဿ စသော တရားအပေါင်း၏ "ရှေ့သွားခေါင်းဆောင်" ဟု ဆိုကြသည်။

(၅) ဖြစ်ခြင်းအစွမ်း = ဘဝဟောင်းအပြတ်တွင် ဘဝသစ်ကို ဆက်စပ်၍ ပေးတတ်သောကြောင့် "ပဋိသန္ဓေ"ဟု ခေါ်ဆိုကြသည်၊ သို့ဖြစ်၍ ပဋိသန္ဓေစိတ်သည်-

**ဘဝဟောင်းနှင့် ဘဝသစ်ကို တစ်စပ်တည်းကဲ့သို့ ဆက်စပ်တတ် သည်၏အစွမ်းအားဖြင့် ဘဝသစ်၌ ဥပါဒ်လျှင် ဥပါဒ်ခြင်း တည်လေသည်။**

(ဘဝဟောင်းမှာ ဥပါဒ်ခဲ့၍ ဌီခဏကျမှ ဘဝသစ်၌ တည်သည် မဟုတ်၊ ဥပါဒ်လျှင် ဥပါဒ်ခြင်း ဘဝ သစ်၌ တည်သည် ဟူလို။)

## ကာမပဋိသန္ဓေစိတ်၏အာရုံ

စုတေခါနီး၌ စိတ်အားလုံးပင် ခပ်လျော့လျော့ ရှိရကား ဇောများလည်း အဟုန်မပြင်းလှသဖြင့် ၇-ကြိမ် မကျ၊ ၅-ကြိမ်သာ စောကြကုန်၏၊ ထို့ကြောင့် မရဏာသန္နဝီထိ၌-

(၁) ပစ္စုပ္ပန်အာရုံများ (ကမ္မနိမိတ်၊ ဂတိနိမိတ်) ထင်လာလျှင် ထိုအာရုံများသည် ၁၇-ချက်မျှ အသက် ရှည်သောကြောင့် အာရုံ မချုပ်သေးမီ စုတေဖို့ရာ အကြောင်းရှိ၏၊ ထိုအခါ ဘဝသစ် ပဋိသန္ဓေ, ဘဝင်စိတ်တို့သည်လည်း ပစ္စုပ္ပန်အာရုံကို ရအပ်၏။

(၂) ၎င်း ပစ္စုပ္ပန်အာရုံများ (ကမ္မနိမိတ်၊ ဂတိနိမိတ်)တို့သည် ချုပ်သွား ပြီးလျှင်သော်လည်းကောင်း၊ အတိတ်ဖြစ်သော (ကံ၊ ကမ္မနိမိတ်)

http://www.dhammadownload.com



အာရုံများ ဖြစ်လျှင်သော်လည်းကောင်း ဘဝသစ် ပဋိသန္ဓေ စိတ်, ဘဝင်စိတ်တို့သည် အတိတ် (ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်) အာရုံ တို့ကိုသာ အာရုံပြု ရအပ်လေသည်။

## ကာမပဋိသန္ဓေစိတ်၏အာရုံ

| မရဏာသန္နဇော ယူအပ်သောအာရုံ | ထင်သော ဒွါရ | ကာမပဋိသန္ဓေစိတ် (အာရုံ) | ဘဝင်စိတ် (အာရုံ) |
|---|---|---|---|
| (၁) အတိတ်ကံ = ဓမ္မာရုံ | မနောဒွါရ | အတိတ်ကံ | အတိတ်ကံ |
| (၂) အတိတ်ကမ္မနိမိတ် = အာရုံ ၆-ပါး | မနောဒွါရ | အတိတ်ကမ္မနိမိတ် | အတိတ်ကမ္မနိမိတ် |
| ပစ္စုပ္ပန်ကမ္မနိမိတ် = အာရုံ ၆-ပါး | ၆-ဒွါရ (ယထာရဟ) | မချုပ်သေးလျှင်-- ပစ္စုပ္ပန်ကမ္မနိမိတ် | မချုပ်သေးလျှင်-- ပစ္စုပ္ပန်ကမ္မနိမိတ် |
| | | ချုပ်ပြီးဖြစ်လျှင်- အတိတ်ကမ္မနိမိတ် | ချုပ်ပြီးဖြစ်လျှင်- အတိတ်ကမ္မနိမိတ် |
| (၃) ပစ္စုပ္ပန်ဂတိနိမိတ် | ၆-ဒွါရ (ယထာရဟ) | မချုပ်သေးလျှင်-- ပစ္စုပ္ပန်ဂတိနိမိတ် | မချုပ်သေး-- ပစ္စုပ္ပန်ဂတိနိမိတ် |
| | | ချုပ်ပြီး-- အတိတ်ဂတိနိမိတ် | ချုပ်ပြီး-- အတိတ်ဂတိနိမိတ် |

## ရူပ, အရူပ ပဋိသန္ဓေစိတ်၏အာရုံ

(၁) ရူပပဋိသန္ဓေစိတ်၏အာရုံ = ကာလဝိမုတ်ဖြစ်သော ပညတ် ကမ္မနိမိတ်၊

(၂) အရူပပဋိသန္ဓေစိတ်၏အာရုံ= ကာလဝိမုတ်ဖြစ်သော ပညတ် ကမ္မနိမိတ်၊
အတိတ်ဖြစ်သော မဟဂ္ဂုတ် ကမ္မနိမိတ်၊

http://www.dhammadownload.com



* အာကာပဋိသန္ဓေ = (ကာလဝိမုတ်) ကောင်းကင်ပညတ် ကမ္မနိမိတ်၊
* ဝိညာပဋိသန္ဓေ = (အတိတ်) အာကာကု မဟဂ္ဂုတ် ကမ္မနိမိတ်၊
* အာကိံပဋိသန္ဓေ = (ကာလဝိမုတ်) နတ္ထိဘောပညတ် ကမ္မနိမိတ်၊
* နေဝပဋိသန္ဓေ = (အတိတ်) အာကိံကု မဟဂ္ဂုတ် ကမ္မနိမိတ်၊

အသညသတ်ဘုံသားတို့၌ကား - ဇီဝိတနဝကကလာပ်သည်သာလျှင် ပဋိသန္ဓေ ဖြစ်ပေသည်၊ ထို့ကြောင့် အသညသတ် ဘုံသားတို့သည် ရုပ်ပဋိသန္ဓေရှိသူတို့ မည်၏။

အရူပဘုံသားတို့ကား - နာမ်လျှင် ပဋိသန္ဓေရှိသူတို့ မည်၏။

ကြွင်းသောဘုံသားတို့ကား - ရုပ်, နာမ်တို့ အစုံ ပဋိသန္ဓေ ရှိသူတို့ မည်၏။

## စုတိနောင် ပဋိသန္ဓေနှောင်းပုံ

| စုတေရာဘုံ | စုတိစိတ် | ပဋိသန္ဓေနေရာဘုံ | ပဋိသန္ဓေစိတ် |
|---|---|---|---|
| အပါယ် ၄-ဘုံ | ဒုဂ္ဂတိအဟိတ်စုတိ ၁-ပါး | ကာမ =၁၁-ဘုံ | ဒုဂ္ဂတိအဟိတ်ပဋိ = ၁-ပါး<br>သုဂတိအဟိတ်ပဋိ= ၁-ပါး<br>ဒွိဟိတ်ပဋိသန္ဓေ = ၄-ပါး<br>တိဟိတ်ပဋိသန္ဓေ = ၄-ပါး<br>ကာမပဋိသန္ဓေ =၁၀-ပါး |
| လူဘုံ<br>စာတုမဟာရာဇ်ဘုံ | သုဂတိအဟိတ်စုတိ ၁-ပါး<br>ဒွိဟိတ်စုတိ ၄-ပါး | ကာမ =၁၁-ဘုံ | ကာမပဋိသန္ဓေ =၁၀-ပါး |

http://www.dhammadownload.com



| စုတေရာဘုံ | စုတိစိတ် | ပဋိသန္ဓေနေရာဘုံ | ပဋိသန္ဓေစိတ် |
|---|---|---|---|
| ကာမသုဂတိ ၇-ဘုံ | တိဟိတ်စုတိ ၄-ပါး | အပါယ် = ၄-ဘုံ | ဒုဂ္ဂတိအဟိတ်ပဋိ = ၁-ပါး |
| | | ကာမသုဂတိ=၇-ဘုံ | သုဂတိ ။ = ၁-ပါး |
| | | | ဒွိဟိတ်ပဋိ ။ = ၄-ပါး |
| | | | တိဟိတ်ပဋိ ။ = ၄-ပါး |
| | | အသညသတ်=၁ဘုံ | ဇီဝိတနဝကရုပ် = ၁-ပါး |
| | | ကြွင်း ရူပ =၁၅ဘုံ | ရူပ ပဋိ = ၅-ပါး |
| | | အရူပ = ၄-ဘုံ | အရူပပဋိ = ၄-ပါး |
| | | ပေါင်း =၃၁-ဘုံ | ပဋိသန္ဓေ =၂၀-ပါး |
| အသညတ်ဘုံ | အသညသတ်ရုပ်စုတိ ၁-ပါး | ကာမသုဂတိ=၇-ဘုံ | ဒွိဟိတ်ပဋိ = ၄-ပါး |
| | | | တိဟိတ်ပဋိ = ၄-ပါး |
| | | | သဟိတ်ပဋိ = ၈-ပါး |
| ရူပ ၁၅-ဘုံ | ရူပစုတိ ၁-ပါး | ကာမသုဂတိ=၇-ဘုံ | ဒွိဟိတ်ပဋိ = ၄-ပါး |
| | | | တိဟိတ်ပဋိ = ၄-ပါး |
| | | (အသညရူပ=၁၅ဘုံ | ရူပပဋိ = ၅-ပါး |
| | | အရူပ = ၄-ဘုံ | အရူပပဋိ = ၄-ပါး |
| | | ပေါင်း =၂၆-ဘုံ | ပဋိသန္ဓေ =၁၇-ပါး |
| အာကာဘုံ | အာကာစုတိ ၁-ပါး | ကာမသုဂတိ=၇-ဘုံ | တိဟိတ်ပဋိ = ၄-ပါး |
| | | အရူပ = ၄-ဘုံ | အရူပပဋိ = ၄-ပါး |
| | | ပေါင်း =၁၁-ဘုံ | ပဋိသန္ဓေ = ၈-ပါး |
| ဝိညာဘုံ | ဝိညာစုတိ ၁-ပါး | ကာမသုဂတိ=၇-ဘုံ | တိဟိတ်ပဋိ = ၄-ပါး |
| | | အာကာကြဉ်-- | အာကာဝိကြဉ်-- |
| | | အရူပ = ၃-ဘုံ | အရူပပဋိ = ၃-ပါး |
| | | ပေါင်း =၁၀-ဘုံ | ပဋိသန္ဓေ = ၇-ပါး |

http://www.dhammadownload.com



| စုတေရာဘုံ | စုတိစိတ် | ပဋိသန္ဓေနေရာဘုံ | ပဋိသန္ဓေစိတ် |
|---|---|---|---|
| အာကိဉ္စညာယတနဘုံ (အာကိဘုံ) | အာကိစုတိ ၁-ပါး | ကာမသုဂတိ=၇-ဘုံ<br>အာကာ,<br>ဝိညာဉ်ကြဉ်--<br>အရူပ = ၂-ဘုံ | တိဟိတ်ပဋိ = ၄-ပါး<br>အာကာဝိ,<br>ဝိညာဉ်ကြဉ်--<br>အရူပဝိ = ၂-ပါး |
| | | ပေါင်း = ၉-ဘုံ | ပဋိသန္ဓေ = ၆-ပါး |
| နေဝဘုံ | နေဝစုတိ ၁-ပါး | ကာမသုဂတိ=၇-ဘုံ<br>နေဝ = ၁-ဘုံ | တိဟိတ်ပဋိ = ၄-ပါး<br>နေဝ ဝိပဋိ = ၁-ပါး |
| | | ပေါင်း = ၈-ဘုံ | ပဋိသန္ဓေ = ၅-ပါး |

မှတ်ရန် (၁) ရှုပပြဟ္မာများသည် စုတေခဲ့သော် အားထုတ်ခဲ့သော ဈာန် အစွမ်းကြောင့်-

* အပါယ် ၄-ဘုံသို့ ပဋိသန္ဓေနေခြင်း မဖြစ်နိုင်ပါ။

* ကာမသုဂတိ ၇-ဘုံ၌ ပဋိသန္ဓေနေရာ၌လည်း -

သုဂတိအဟိတ် ပဋိသန္ဓေ မဖြစ်နိုင်ပါ။ ဒွိဟိတ်နှင့် တိဟိတ် ပဋိသန္ဓေသာ ဖြစ်နိုင်သည်။

* ရရှိထားရာဈာန်နှင့် အထက်အထက်ဈာန်အား လျော်စွာ--

မူရင်းပြဟ္မာဘုံနှင့် အထက်အထက် ရူပ, အရူပ ပြဟ္မာဘုံများ၌ ပဋိသန္ဓေ နေနိုင်ကြသည်၊ (အသညသတ် ဘုံ၌ကား ပဋိသန္ဓေ မနေကြပါ။)

http://www.dhammadownload.com



(၂) အရူပဗြဟ္မာများသည်လည်း စုတေခဲ့သော် အားထုတ်ခဲ့သော ဈာန်အစွမ်းကြောင့်--

* အပါယ် ၄-ဘုံသို့ ကျရောက် ပဋိသန္ဓေနေခြင်း မရှိ၊
* ကာမသုဂတိဘုံ၌ ပဋိသန္ဓေ နေရာ၌လည်း အဆင့်မြင့် အရူပ ပဥ္စမဈာန်အစွမ်းကြောင့် တိဟိတ်ပဋိသန္ဓေသာ ဖြစ်နိုင်သည်၊
* အောက်အောက် ရူပဈာန်နှင့် အရူပဈာန်များကို အားမထုတ်ကြသောကြောင့် ရူပဘုံနှင့် အောက်အောက် အရူပဘုံများ၌ ပြန်၍ မဖြစ်ကြ၊ မိမိဘုံ၌ကား ပြန်၍ ဖြစ်နိုင်ကြသည်၊

(၃) ဗြဟ္မာ့ဘုံသို့ရောက်ပြီးသော အရိယာတို့ကား - ကာမဘုံ၌ ပြန်၍ မဖြစ်တော့ပါ၊ ဗြဟ္မာ့ဘုံများ၌လည်း မိမိဘုံအပါအဝင် အထက် ဗြဟ္မာ့ဘုံများ၌သာ ဖြစ်နိုင်၏၊ အောက်ဘုံသို့ ပြန်၍ မဆင်း တော့ပါ။

(၄) သုဒ္ဓါဝါသဗြဟ္မာများကား - မိမိဘုံ၌ပင် ပြန်၍မဖြစ်တော့ဘဲ အထက်ဘုံများ၌သာ ဖြစ်နိုင်ကြ၏၊

အကနိဋ္ဌဗြဟ္မာများကား - အထက်ဘုံ မရှိတော့သဖြင့် မိမိ ဘုံ၌ပင် ကေန် ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံကြရ၏၊

(၅) ဝေဟပ္ဖိုလ်နှင့် နေဝသညာနာသညာယတနဘုံတို့မှ အရိယာ များမှာလည်း-

ရဟန္တာမဖြစ်သေးပါက မိမိဘုံ၌သာ ထပ်၍ ဖြစ်နိုင်၏၊ အခြား လားရာဘုံ မရှိတော့ပေ။

(ဆောင်) ဝေ, နေ, အက၊ သုံးဌာနမှာ၊ အရိယာ၊ သွားရာဘုံမရှိ။

http://www.dhammadownload.com



## သီသ ၃-ဘုံ (တစ်နည်း) ဘဝင် ၃-ပါး

(၁) ဝေဟပ္ဖိုလ်ဘုံ = သုဒ္ဓါဝါသကြဉ်သော ရူပဘုံများတွင် သီသ(ဦးထိပ်)တည်း၊

(၂) အကနိဋ္ဌဘုံ = သုဒ္ဓါဝါသဘုံများတွင် သီသ(ဦးထိပ်)တည်း၊

(၃) နေဝသညာနာသညာယတနဘုံ = အရူပဘုံများတွင် သီသ(ဦးထိပ်)တည်း၊

## ဘဝင်နှင့်စုတိစိတ်ဖြစ်ပုံ

တစ်ဘဝ၌ အစဦးဆုံးဖြစ်သော ပဋိသန္ဓေစိတ် ချုပ်သည်၏ အခြားမဲ့မှစ၍ ပဋိသန္ဓေစိတ်၏ အာရုံကိုပင် အာရုံပြု၍ ထို ပဋိသန္ဓေကိစ္စတပ်သော စိတ်သည်ပင်လျှင် ဘဝ၏ ဖြစ်ကြောင်းအဖြစ်ကြောင့် ဘဝင်အစဉ်ဟု ဆိုအပ်သော စိတ်သည် (ဝီထိစိတ်တို့ မဖြစ်သောအခါများ၌) စုတိစိတ်တိုင်အောင် မြစ်ရေအလျဉ် စီးသကဲ့သို့ မပြတ်မစဲ ဖြစ်၏၊ ဘဝ၏ အဆုံး၌လည်း ရွေ့လျောခြင်း၏ အစွမ်းအားဖြင့် စုတိစိတ်သည် ဖြစ်၏။

## သံသရာစက်လည်ပုံ

စုတိစိတ် ချုပ်ပြီးသည့်နောက်၌လည်း အသစ်အသစ်သော ပဋိသန္ဓေအစရှိကုန်သော စိတ်တို့သည် ရထား၌ တပ်ထားအပ်သော ဘီး၏ လည်ပုံကဲ့သို့ အစဉ်အတိုင်းသာလျှင် အဆက်ဆက် လည်ရန် ဖြစ်ကြလေ၏။

ဤ ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ, ဘဝင်, ဝီထိ, စုတိစိတ်တို့သည် အစဉ်အတိုင်း အဆက်ဆက် လည်၍ ဖြစ်သကဲ့သို့ ဘဝတစ်ပါး၌လည်း ဤအတိုင်းပင် လည်၍ (ရဟန္တာ မဖြစ်မချင်း) ဖြစ်ကြလေသည်။

http://www.dhammadownload.com



## သံသရာစက်ပြတ်ပုံ

သံသရာစက်ပြတ်ရန်ကား - ပညာရှိသူ (တိဟိတ်ပုဂ္ဂိုလ်)တို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး "သီလဖြူစင်၊ စူတင်ကိုဖြည့်၊ သမာဓိလောင်း" ကောင်းသောအကျင့် ရှိကုန်သည်ဖြစ်၍ ထိုဝဋ်တရားတို့၏ မမြဲခြင်း သဘောကို ဝိပဿနာဉာဏ်ဖြင့် ထင်စွာ သိအောင် ဆင်ခြင် အားထုတ်သည်ရှိသော် ရွေ့လျှောခြင်း မရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ်-ဖိုလ်ဉာဏ်ဖြင့် အမှန်သိခြင်း ကြောင့် နှောင်ဖွဲ့တတ်သော တဏှာကို မဂ်ဖြင့် အကြွင်းမဲ့ ဖြတ်တောက် နိုင်ပြီးလျှင် ခပ်သိမ်းသော ဝဋ်ဆင်းရဲတို့၏ ငြိမ်းရာ နိဗ္ဗာန်သို့ ဧကန် ရောက်ရ ပေတော့၏။

--------------------- ၅။ ဝိထိမုတ်ပိုင်း ပြီး၏။ ---------------------

http://www.dhammadownload.com

http://www.dhammadownload.com

ဓမ္မဗျူဟာ သာသနမာမကအဖွဲ့

လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း

## အဘိဓမ္မာ (ရိုးရိုး) ဒုတိယဆင့်

# ရုပ်ပိုင်း မှတ်စု

http://www.dhammadownload.com

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ၆။ ရုပ်ပိုင်း (မှတ်စု)

ပရမတ္ထတရားဖြစ်သော စိတ် စေတသိက်တို့ကို ပြီးခဲ့သော အပိုင်း၅-ပိုင်းဖြင့် ပြဆိုခဲ့ပြီး ဖြစ်၏၊ ဤအပိုင်း ကား ရုပ်တို့ကို ပြဆိုသော အပိုင်းအခန်း ဖြစ်၏၊ ရုပ်ပိုင်း၌ ရုပ်တို့ကို အောက်ပါသင်္ဂဟကြီး ၅-ပါးဖြင့် ပြဆို၏။

၁။ ရူပသမုဒ္ဒေသ = ရုပ်တို့ကို အကျဉ်းအားဖြင့် ဝေဖန်ပြခြင်း၊
၂။ ရူပဝိဘာဂ = ရုပ်တို့ကို အကျယ်အားဖြင့် ဝေဖန်ပြခြင်း၊
၃။ ရူပသမုဋ္ဌာန = ရုပ်တို့၏ ဖြစ်ကြောင်းကို ဝေဖန်ပြခြင်း၊
၄။ ရူပကလာပ = ရုပ်တို့၏ ဖွဲ့စည်းပုံ အပေါင်းအစည်းကို ဝေဖန်ပြခြင်း၊
၅။ ရူပပဝတ္တိက္ကမ = ရုပ်တို့၏ ဖြစ်ပုံ-ချုပ်ပုံ ဖြစ်စဉ်ကို ဝေဖန်ပြခြင်း၊

## ၁။ ရူပသမုဒ္ဒေသ

| အကျဉ်းအားဖြင့် (၂)ပါး | ခေါ်ဝေါ်ခြင်းအားဖြင့် (၁၁)ပါး | သရုပ်(၂၈)ပါး | နိပ္ဖန္န-စသည်အမည်ရပုံ | |
|---|---|---|---|---|
| မဟာဘုတ်ရုပ် = ၄ | (၁) မဟာဘုတ်ရုပ် | ၄-ပါး | | |
| | (၂) ပသာဒရုပ် | ၅-ပါး | သဘာဝရုပ် | |
| | (၃) ဂေါစရရုပ် | ၄-ပါး | သလက္ခဏရုပ် | |
| | (၄) ဘာဝရုပ် | ၂-ပါး | နိပ္ဖန္နရုပ် | |
| | (၅) ဟဒယရုပ် | ၁-ပါး | ရူပရုပ် | |
| | (၆) ဇီဝိတရုပ် | ၁-ပါး | သမ္မသနရုပ် | |
| ဥပါဒါရုပ် = ၂၄ | (၇) အာဟာရရုပ် | ၁-ပါး | | ၁၈-ပါး |
| | (၈) ပရိစ္ဆေဒရုပ် | ၁-ပါး | အသဘာဝရုပ် | |
| | (၉) ဝိညတ်ရုပ် | ၂-ပါး | အလက္ခဏရုပ် | ၁၀-ပါး |
| | (၁၀)လဟုတာဒိရုပ် | ၃-ပါး | အနိပ္ဖန္နရုပ် | |
| | (၁၁)လက္ခဏရုပ် | ၄-ပါး | အရူပရုပ် | |
| | | | အသမ္မသနရုပ် | |

http://www.dhammadownload.com



## အကျဉ်းအားဖြင့် ၂-ပါးအပြား

မဟာဘုတ်ရုပ် = (မဟာ-ကြီးကျယ်သည်ဖြစ်၍- ဘူတ-ထင်ရှားဖြစ်သောရုပ်)
= အခြားသောရုပ်များထက် သဘောလက္ခဏာအားဖြင့် လည်းကောင်း၊ အထည်ကိုယ် ဒြပ်အားဖြင့်လည်းကောင်း ကြီးကျယ် ထင်ရှားသောရုပ်များ၊

ဥပါဒါရုပ် = မဟာဘုတ်ရုပ်ကို မှီ၍ဖြစ်ပြီး မဟာဘုတ်ကို ခြယ်လှယ် အမွှမ်းတင်ထားသော အမှီပြု ရုပ်များ။

## ခေါ်ဝေါ်ခြင်းအပြားနှင့်သရုပ်

### (၁) မဟာဘုတ်ရုပ် ၄-ပါး

ပထဝီ = မြေဓာတ် (မာသောသဘော, ပျော့သောသဘော, ကြမ်း, ချော၊ လေး, ပေါ့)

အာပေါ = ရေဓာတ် (ဖွဲ့စည်းတတ်သော သဘော, ယိုစီးတတ်သော သဘော)

တေဇော = မီးဓာတ် (ပူသောသဘော, အေးသောသဘော)

ဝါယော = လေဓာတ်(လှုပ်ရှားသဘော, ထောက်ကန်သဘော)

မိမိသဘောကို ဆောင်နိုင်သော (မိမိသဘောအတိုင်း ထင်ရှားသော)အရာကို "ဓာတု-ဓာတ်"ခေါ်သည်။

### (၂) ပသာဒရုပ် ၅-ပါး

မဟာဘုတ်၄-ပါးကို ကြည်လင်စေတတ်သောကြောင့် "ပသာဒ" မည်၏။

စက္ခုပသာဒရုပ် = မျက်စိအကြည်ရုပ် (မျက်လုံးအတွင်း မျက်နက်ဝန်း အလယ် ပုံရိပ်ထင်ရာအရပ်၌ သန်းဦးခေါင်း ပမာဏ ရှိသော အကြည်ဓာတ်)

http://www.dhammadownload.com



သောတပသာဒရုပ် = နားအကြည်ရုပ် (နားအတွင်း လက်စွပ်ကွင်းသဏ္ဍာန် ရှိသော အရပ်တွင် နီရဲသော အမွေး၌တည်သော အကြည်ဓာတ်)

ဃာနပသာဒ = နှာခေါင်းအကြည်ရုပ် (နှာခေါင်းအတွင်း ဆိတ်ခွာနှင့် ပုံစံတူသော အရပ်၌ တည်သော အကြည်ဓာတ်)

ဇိဝှါပသာဒ = လျှာအကြည်ရုပ် (လျှာအလယ်၌ ကြာပွင့်အဖတ်များ နှင့် အလားတူသော အရပ်၌ တည်သော အကြည်ဓာတ်)

ကာယပသာဒ = ကိုယ်အကြည်ရုပ် (ဆံပင်ဖျား၊ လက်သည်းဖျား၊ ခြေသည်းဖျား၊ အမွေးဖျား၊ အသားမာ၊ အရေခြောက်မှ တစ်ပါး တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်သော အကြည်ဓာတ်)

## (၃) ဂေါစရရုပ်-၄ (၇)ပါး

စိတ်, စေတသိက်တို့ ကျက်စားရာဖြစ်သောကြောင့် (တစ်နည်း) စိတ်, စေတသိက်တို့၏အာရုံ ဖြစ်သောကြောင့် "ဂေါစရရုပ်" မည်၏၊ (အာရုံဖြစ်သော ရုပ်တရားကို ဂေါစရရုပ် ဟုခေါ်၏၊ ဝိသယရုပ်ဟုလည်း ခေါ်၏)

(၁) ရူပါရုံရုပ် = ဝဏ္ဏ (အဆင်းရုပ် = ၁-ပါး)
(၂) သဒ္ဒါရုံရုပ် = သဒ္ဒ (အသံရုပ် = ၁-ပါး)
(၃) ဂန္ဓာရုံရုပ် = ဂန္ဓ (အနံ့ရုပ် = ၁-ပါး)
(၄) ရသာရုံရုပ် = ရသ (အရသာရုပ် = ၁-ပါး)
(၅) ဖောဋ္ဌဗ္ဗာရုံရုပ် = ပထဝီ, တေဇော, ဝါယော (အတွေ့အထိရုပ်=၃-ပါး)

ဤတွင် ဖောဋ္ဌဗ္ဗာရုံကား ရုပ်သီးခြားမဟုတ်၊ ပထဝီ, တေဇော, ဝါယော ဓာတ်ကြီး ၃-ပါးကိုပင် တွေ့ထိကောင်းသောကြောင့် "ဖောဋ္ဌဗ္ဗာရုံ"ဟု ခေါ်၏၊

http://www.dhammadownload.com



အာပေါဓာတ်ကား အလွန် သိမ်မွေ့သည့်အတွက် တွေ့ထိ၍ မရကောင်းသောကြောင့် "ဖောဋ္ဌဗ္ဗာရုံ" အဖြစ်မှ ကြဉ်ရ၏။

ဆောင် - အာပေါမလေ့၊ လွန်သိမ်မွေ့သဖြင့်၊ ထိတွေ့စမ်းသပ်၊ မရအပ်၊ ဖောဋ္ဌဗ် မမည်ထိုက်။

မှတ်ချက် - ဂေါစရ (အာရုံ)ရုပ်သည် သီးခြားရေတွက်သောအခါ ၇-ပါးဖြစ်သော်လည်း မဟာဘုတ်ရုပ် ၄-ပါးနှင့်တွဲ၍ ရေတွက်လျှင်မူ ဖောဋ္ဌဗ္ဗာရုံရုပ် ၃-ပါးသည် (ပထဝီ, တေဇော, ဝါယော) မဟာဘုတ်ရုပ် ၃-ပါး၌ ပါဝင်ပြီး ဖြစ်သောကြောင့် ဖောဋ္ဌဗ္ဗာရုံရုပ်ကို ချန်လှပ်၍ ဂေါစရရုပ် ၄-ပါးဟုသာ ရေတွက်ရမည်။

## (၄) ဘာဝရုပ် ၂-ပါး

ယောက်ျား, မိန်းမအဖြစ် သိစေရန် အကြောင်းခံ ဖြစ်သောကြောင့် ဘာဝရုပ်မည်၏။

ဣတ္ထိဘာဝရုပ် = မိန်းမအဖြစ် သိကြောင်းရုပ်
(မိန်းမတို့၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့ တည်လျက်ရှိပြီး မိန်းမတို့၏ လက်, ခြေပုံသဏ္ဌာန်၊ အသံ၊ သွားဟန်လာဟန်၊ အပြုအမူ စသည်)

ပုမ္ဘာဝရုပ် = ယောက်ျားအဖြစ် သိကြောင်းရုပ်
(ယောက်ျားတို့၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့ တည်လျက်ရှိပြီး ယောက်ျားတို့၏ လက်, ခြေ ပုံသဏ္ဌာန်၊ အသံ၊ သွားဟန်လာဟန်၊ အပြုအမူ စသည်)

မှတ်ချက် - ယောက်ျား, မိန်းမတို့၏ အင်္ဂါဇာတ်ကို ဘာဝရုပ်ဟု မှတ်မှားတတ်သည်၊ ထိုအရာဝတ္ထုကား ဘာဝရုပ်မဟုတ်၊ ဘာဝရုပ်အတွက် ထင်ရှားသော အကျိုးဆက်သာတည်း။)

http://www.dhammadownload.com



(၅) ဟဒယရုပ် ၁-ပါး

သားမြွတ် ၂-ခုအလယ်၊ နှလုံးအိမ်၏အတွင်း ပုန်းညက်စေ့ခန့် ကျယ်သော တွင်းငယ်၌ တည်သော တစ်လက်ဆွမ်းခွဲမျှရှိသော သွေးတို့ကို မှီ၍ဖြစ်သည့် နှလုံးအကြည်ရုပ်။

(ဝဲဘက် ရင်အုံအောက်မှာရှိသော နှလုံးကို မဆိုလို)

ဆိုင်ရာ စိတ်, စေတသိက်များ၏ မှီရာ ဝတ္ထုရုပ်လည်း ဖြစ်၏။

(၆) ဇီဝိတရုပ် ၁-ပါး

ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တို့၏ အသက်၊ တစ်ကိုယ်လုံး၌ ပျံ့နှံ့၍ တည်ရှိ၏။

တစ်ကိုယ်လုံး၌ ပျံ့နှံ့လျက်တည်ရှိသော ရုပ်များ

(၁) ဘာဝရုပ်
(၂) ကာယပသာဒရုပ်
(၃) ဇီဝိတရုပ်
(၄) အာပေါဓာတ်လွှမ်းကဲသော သုက်၊ သွေး၊ သည်းခြေရုပ်များ၊ ဌင်းရုပ်များသည် ဆံပင်ဖျား၊ ခြေသည်း လက်သည်းဖျား၊ အသားမာ၊ အရေခြောက် စသည်တို့မှတစ်ပါး စိုစိုဖတ်ဖတ် ရှိသော တစ်ကိုယ်လုံး၌ ပျံ့နှံ့၍ တည်ရှိကြသည်။

ဆောင် - ဘော၊ ပသာဒ၊ ဇီဝိတ၊ သုက္က- သွေး- သည်းခြေ။ အစိုကာယ၊ ရှိသမျှ၊ မုချအနှံ့နေ။

(၇) အာဟာရရုပ် ၁-ပါး

အလုပ်အလွေး ပြုအပ်သော အစားအစာ (ကဗဠီကာရ)၌ ပါသော အဆီအနှစ် "ဩဇာရုပ်"ကို အာဟာရရုပ်ဟု ခေါ်၏။ (ကဗဠီကာရ+ အာဟာရ) ကဗဠီကာရာဟာရ ဟုလည်း ခေါ်၏။

http://www.dhammadownload.com



မှတ်ချက် - ရသာရုံရုပ်နှင့် အာဟာရရုပ် (သြဇာရုပ်)ကို သဘောတူဟု ထင်မှတ်မှားတတ်ကြ၏၊ ရသာရုံ (အရသာ) ဟူသည်- "ချို, ချဉ်, ငန်, စပ်, ဖန်, ခါး" အရသာ ၆-ပါးတည်း၊ အာဟာရ (သြဇာ)ကား အဆီ, အနှစ်, အစေး (ဗီကာမင်ဓာတ်- စသည်) တည်း။

## သဘာဝရုပ်- စသည် အမည်ရကြခြင်း

ဤ မဟာဘုတ်ရုပ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ ဂေါစရရုပ် ၄-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ အာဟာရရုပ် ၁-ပါး၊ ပေါင်း ရုပ် ၁၈-ပါးတို့သည် -

(၁) သဘာဝရုပ် = မိမိသဘော ကိုယ်ပိုင် လက္ခဏာအားဖြင့် အသီးသီး ထင်ရှားသောကြောင့် သဘာဝရုပ် မည်၏။

(၂) သလက္ခဏရုပ် = အနိစ္စ, ဒုက္ခ, အနတ္တ စသော အများဆိုင် လက္ခဏာ အားဖြင့်လည်း ထင်ရှားသောကြောင့် သလက္ခဏရုပ် မည်၏။

(၃) နိပ္ဖန္နရုပ် = ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်း တရားတို့ကြောင့် ဖြစ်ခြင်း ထင်ရှားသဖြင့် နိပ္ဖန္နရုပ် မည်၏။

(၄) ရူပရုပ် = အပူ, အအေး စသော ဆန့်ကျင်ဘက် အကြောင်း များကြောင့် ဖောက်ပြန်ရာတွင် ထင်ရှားလှသဖြင့် ရူပရုပ်မည်၏။

(၅) သမ္မသနရုပ် = လက္ခဏာရေး သုံးပါးတို့ဖြင့် သုံးသပ်အပ်သော ကြောင့် သမ္မသနရုပ် မည်၏။

http://www.dhammadownload.com



(၈) ပရိစ္ဆေဒရုပ် ၁-ပါး

ရုပ်ကလာပ်တို့ကို တစ်ခုနှင့်တစ်ခု မရောယှက်လေအောင် ပိုင်းခြားတတ်သော အာကာသဓာတ် (အကြား)ကို ပရိစ္ဆေဒရုပ်ဟု ခေါ်၏။ (ဤအာကာသဓာတ်သည် ပရမတ်အစစ် မဟုတ်၊ ရုပ်ကလာပ် ၂-ခု ဖြစ်ပေါ်လာသည့်အခါ အလိုလို ပေါ်လာသော ပညတ်မျှသာတည်း။)

(၉) ဝိညတ်ရုပ် ၂-ပါး

မိမိ၏ အတွင်းသဘော အလိုဆန္ဒကို သူတစ်ပါးအား သိစေနိုင်သော အမူအရာအထူးကို ဝိညတ်ရုပ်ဟု ခေါ်၏။

ကာယဝိညတ်ရုပ် = ကိုယ်ဖြင့် သိစေတတ်သော အမူအရာအထူး၊

ဝစီဝိညတ်ရုပ် = နှုတ်ဖြင့် (စကားသံဖြင့်) သိစေတတ်သော အမူအရာအထူး၊

(၁၀) လဟုတာဒိရုပ် ၃-ပါး

စိတ်ချမ်းသာသောအခါ၊ ဥတုသာယာသောအခါ၊ အာဟာရ မျှတသောအခါတို့၌ ဖြစ်ပေါ်လာသော လဟုတာ အစရှိသော ရုပ်တို့၏ အမူအရာအထူး၊

လဟုတာရုပ် = စိတ်ချမ်းသာသောအခါ၊ ဥတုသာယာသောအခါ၊ အာဟာရ မျှတသောအခါတို့၌ ရုပ်ခန္ဓာတို့၏ ပေါ့ပေါ့ပါးပါး ရှိမှုသည် ပင်ကိုယ်ရိုးရာမှ ထူးခြားသော အမူအရာထူးတည်း။ (ရုပ်အစစ် မဟုတ်)

မုဒုတာ = ............ ရုပ်ခန္ဓာတို့၏ နူးညံ့မှု အမူအရာထူး၊

ကမ္မညတာ = ............ ရုပ်ခန္ဓာတို့၏ ကိုယ်မှု၊ နှုတ်မှု၌ ကောင်းမွန် ခံ့ညားခြင်း၊ ဖျတ်လတ် သွက်လက်ခြင်း အမူအရာထူး၊

http://www.dhammadownload.com



ဤသို့ နိပ္ဖန္နရုပ် (ပရမတ်ရုပ်)တို့၏ ပင်ကိုယ်ရှိးရာ သဘာဝမှ စိတ်ချမ်းသာသောအခါ၊ ဥတုသာယာသောအခါ၊ အာဟာရ မျှတသောအခါ တို့၌ ဖြစ်ပေါ်လာသော ထူးထွေခြားနားသော အမူအရာထူးကို "ဝိကာရရုပ်" ဟု ခေါ်သည်။

ဤထူးခြားသော အမူအရာသည် ရှေးကံကြောင့် ဖြစ်ရသော ကမ္မဇ ရုပ်များ၌ မရှိဘဲ ယခုဘဝတွင် စိတ်, ဥတု, အာဟာရ အကြောင်း ၃-ပါးကြောင့် ဖြစ်ရသော နိပ္ဖန္နရုပ်တို့၌သာ ရှိ၏။ သို့ဖြစ်၍ အတွင်းသဘော အလိုဆန္ဒ (စိတ်)ကြောင့် သူတစ်ပါးတို့အား သိစေနိုင်သော အမူအရာထူး ဖြစ်သည့် ဝိညတ်ရုပ်ကိုလည်း ဝိကာရရုပ်၌ ထည့်သွင်း ရေတွက်ကြ၏။

**ဝိကာရရုပ် ၅-ပါး = ဝိညတ်ရုပ် ၂-ပါး + လဟုတာဒိရုပ် ၃-ပါး**

## (၁၁) လက္ခဏရုပ် ၄-ပါး

နိပ္ဖန္နရုပ်တို့၏ ဖြစ်, တည်, ပျက် အမှတ်လက္ခဏာတို့ကို ပြကြောင်း ဖြစ်၍ ဤ ဥပစယ စသည်တို့ကို လက္ခဏရုပ်ဟု ခေါ်၏။

ဥပစယ = နိပ္ဖန္နရုပ်တို့၏ အစဆုံး ဖြစ်ပေါ်မှု။ (ရုပ်တို့၏ ဥပါဒ်ခဏ) (ပဋိသန္ဓေတည်စဉ် ပထမဖြစ်ခြင်း၊ ထို့နောက် တစ်ဘဝ အတွက် ရထိုက်သမျှ ရုပ်များ ပြည့်စုံသည့်တိုင်အောင် အထက်, အထက်၌ တိုးတက်၍ဖြစ်ခြင်း)။

သန္တတိ = တစ်ဘဝအတွက် ရထိုက်သမျှ ရုပ်များ ပြည့်စုံသည်ကစ၍ အစဉ်မပြတ် ထပ်ကာ ထပ်ကာ ဖြစ်ခြင်း (ရုပ်တို့၏ ဥပါဒ်ခဏ)။

မှတ်ချက် - ရုပ်တို့၏ဖြစ်မှု ဥပါဒ်ကိုပင် အခါကာလအလိုက် ဥပစယ ဟူ၍လည်းကောင်း၊ သန္တတိ ဟူ၍ လည်းကောင်း ခေါ်ဆိုရ၏၊ သို့ဖြစ်၍ သုတ္တန်ပါဠိတော်များ၌ ဟောအပ်သော "ဇာတိရုပ်"

http://www.dhammadownload.com



တစ်ခုတည်းကိုပင် အဘိဓမ္မာ၌ "ဥပစယ, သန္တတိ"ဟု အမည်နှစ်မျိုး ခွဲ၍ တရားနာသော ဝေနေယျတို့၏ အလိုကျလေအောင် ဟောတော်မူသည်ဟု မှတ်ပါ။

ရုပ်တစ်မျိုးတည်းက အမည် ၂-မျိုးရသောရုပ် (ဇာတိရုပ်)

ဇရတာ = နိပ္ဖန္နရုပ်တို့၏ အိုခြင်း၊ ရင့်ခြင်း၊ ဟောင်းခြင်း၊ ကျက်ခြင်း အခိုက်အတန့်။ (ရုပ်တို့၏ ဋီခဏ)

အနိစ္စတာ = ဖြစ်ပြီး နိပ္ဖန္နရုပ်တို့၏ ချုပ်ကွယ်ပြတ်စဲခြင်း အခိုက်အတန့်။ (ရုပ်တို့၏ ဘင်ခဏ)

## ရန်သူရုပ် ၄-ပါး

ဤ လက္ခဏရုပ် ၄-ပါးကို ရန်သူရုပ် ၄-ပါးဟု ခေါ်၏၊ ရန်သူ ၄-ယောက် ပူးပေါင်း၍ လူတစ်ယောက်အား လုပ်ကြံ သတ်ဖြတ်ရာ၌ ပဌမလူက စတင် ခေါ်ဆောင်၏၊ ဒုတိယလူက သတ်လိုရာ ဌာနရောက်အောင် ဆက်လက် ခေါ်ဆောင်၏၊ တတိယလူက ချည့်နဲ့ လဲပြိုသွားအောင် နှိပ်စက် ရိုက်နှက်၏၊ စတုတ္ထလူက အသေသတ်လိုက်ပေ၏။

ဤနည်းအတိုင်းပင်- ဥပစယ စသော လက္ခဏရုပ် ၄-ပါးက နိပ္ဖန္နရုပ်များကို နှိပ်စက် သတ်ဖြတ်နေ၍ ရန်သူရုပ် ၄-ပါးဟု ခေါ်၏။

## အသဘာဝရုပ် စသည် အမည်ရကြခြင်း

ပရိစ္ဆေဒရုပ် ၁-ပါး၊ ဝိညတ်ရုပ် ၂-ပါး၊ လဟုတာဒိရုပ် ၃-ပါး၊ လက္ခဏရုပ် ၄-ပါး ဤရုပ် ၁၀-ပါးတို့ ကား မိမိသဘောအားဖြင့် ထင်ရှားမရှိကြ၊ ရုပ်တို့၏အကြား၊ အမူအရာ၊ အမှတ်အသားတို့မျှသာ ဖြစ်၍ အသဘာဝရုပ်၊ အလက္ခဏရုပ်၊ အနိပ္ဖန္နရုပ်၊ အရူပရုပ်၊ အသမ္မသနရုပ်များ မည်ကြ၏၊ (ထင်ရှားမရှိခြင်းကြောင့် ပညတ်ရုပ်, ရုပ်အတု ၁၀-ပါးဟုလည်း ခေါ်ဆိုကြသေး၏။)

၀

http://www.dhammadownload.com



# ၂။ ရူပဝိဘာဂ

## ကေဝိနေည်း

၂၈-ပါးသောရုပ်တို့သည် တစ်မျိုး တစ်ဖို့တည်းအားဖြင့် အဟေတုက စသော အမည်များ ရကြ၏။

အဟေတုက = အလောဘ- စသော ယှဉ်ဘက်ဟိတ် မရှိသည်၏ အဖြစ်ကြောင့် အဟေတုက မည်၏။

သပစ္စယ = ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းနှင့် တကွ ဖြစ်သောကြောင့် သပစ္စယ မည်၏။

သာသဝ = အာသဝေါတရား ၄-ပါးတို့၏ အာရုံဖြစ်ခြင်းကြောင့် သာသဝ မည်၏။

သင်္ခတ = ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားတို့က ပြုပြင် စီရင်အပ်သောကြောင့် သင်္ခတ မည်၏။

လောကိယ = ဥပါဒါနက္ခန္ဓာ၏ အာရုံဖြစ်သော သင်္ခါရလောက၌ အကျုံးဝင်သောကြောင့် လောကိယ မည်၏။

ကာမာဝစရ = ကာမတဏှာ၏ အာရုံပြုရာ, ကျင်လည်ကျက်စားရာ ဖြစ်သောကြောင့် ကာမာဝစရ မည် ၏။

အနာရမ္မဏ = စိတ်, စေတသိက်တို့ကဲ့သို့ အာရုံကို မယူနိုင်သောကြောင့် အနာရမ္မဏ မည်၏

အပ္ပဟာတဗ္ဗ = အကုသိုလ်, ကိလေသာတို့ကဲ့သို့ ပယ်ဖို့ရာမဟုတ်၊ ပယ်၍လည်း မဖြစ်သောကြောင့် အပ္ပဟာတဗ္ဗ မည်၏။

## ဒုဝိနေည်း

၂၈-ပါးသော ရုပ်တို့ကို အဇ္ဈတ္တိ- ဗာဟိရ စသောအားဖြင့် နှစ်မျိုး, နှစ်စု ခွဲကာ ဝေဖန်ပြ သောနည်းသည် ဒုဝိနေည်း မည်၏။

http://www.dhammadownload.com



| အမည် | သရုပ် | | ကွဲရုပ်အမည် | |
|---|---|---|---|---|
| (၁) မဟာဘုတ် | ပထဝီ, အာပေါ, တေဇော, ဝါယော | ၄ | ဥပါဒါရုပ် | ၂၄ |
| (၂) အဋ္ဌတ္တိက | ပသာဒရုပ် | ၅ | ဗာဟိရ | ၂၃ |
| (၃) ဂေါစရဂ္ဂါဟက (ဂါဟက) | ပသာဒရုပ် | ၅ | အဂေါစရဂ္ဂါဟက (အဂါဟက) | ၂၃ |
| အသမ္ပတ္တဂါဟက<br>သမ္ပတ္တဂါဟက | စက္ခု, သောတ ပသာဒရုပ်<br>ဃာန, ဇိဝှာ, ကာယ ပသာဒရုပ် | ၂<br>၃ | အဂါဟက | ၂၃ |
| (၄) ဝတ္ထု | ပသာဒ ၅ + ဟဒယ | ၆ | အဝတ္ထု | ၂၂ |
| (၅) ဒွါရ | ပသာဒ ၅ + ဝိညတ် ၂ | ၇ | အဒွါရ | ၂၁ |
| (၆) ဣန္ဒြိယ | ပသာဒ ၅ + ဘာဝ ၂ + ဇီဝိတ ၁ | ၈ | အနိန္ဒြိယ | ၂၀ |
| (၇) ဩဠာရိက<br>(၈) သန္တိကေ<br>(၉) သပ္ပဋိဃ | ပသာဒ ၅ + ဂေါစရ ၇ | ၁၂ | သုခုမ<br>ဒူရေ<br>အပ္ပဋိဃ | ၁၆ |
| (၁၀) အဝိနိဗ္ဘောဂ | မဟာဘုတ် ၄+ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇ | ၈ | ဝိနိဗ္ဘောဂ | ၂၀ |
| (၁၁) သနိဒဿန | ရူပါရုံ | ၁ | အနိဒဿန | ၂၇ |

(၁) မဟာဘုတ်ရုပ် = ရုပ်တရားအပေါင်း၏ အမှီခံဖြစ်သော ကြီးကျယ်ထင်ရှားသောရုပ်၊

ဥပါဒါရုပ် = မဟာဘုတ်ရုပ် ၄-ပါးကို အမှီပြု၍ဖြစ်သော ရုပ်များ၊

(၂) အဇ္ဈတ္တိကရုပ် = ခန္ဓာကိုယ်၌ ကျေးဇူးအများဆုံးဖြစ်သောရုပ်၊ (အတွင်းရုပ်)

http://www.dhammadownload.com



| | | |
|---|---|---|
| | ဗာဟိရရုပ် | = အဇ္ဈတ္တိကရုပ်လောက် ကျေးဇူးမများသောရုပ်၊ (အပြင်ရုပ်) |
| (၃) | ဂေါစရဂ္ဂါဟကရုပ် | = အာရုံကို လက်ခံယူတတ်သောရုပ်၊ (ဂါဟက ရုပ်) |
| | အသမ္ပတ္တဂါဟကရုပ် | = မိမိထံသို့ မထိ၊ မရောက်၊ မကပ်ငြိသော အာရုံကို ယူတတ်သောရုပ်၊ (စက္ခု၊ သောတပသာဒရုပ် ၂-ပါး) |
| | သမ္ပတ္တဂါဟကရုပ် | = မိမိထံသို့ ထိရောက်၊ ကပ်ငြိသော အာရုံကိုသာ ယူတတ်သောရုပ်၊ (ဃာန၊ ဇိဝှါ ကာယပသာဒ ရုပ် ၃-ပါး) |
| | အဂေါစရဂ္ဂါဟကရုပ် | = အာရုံကို လက်ခံမယူတတ်သောရုပ်၊ (အဂါ ဟကရုပ်) |
| (၄) | ဝတ္ထုရုပ် | = စိတ်၊ စေတသိက်တို့၏ မှီရာ၊ တည်ရာ (အမှီခံ) ဖြစ်သောရုပ်၊ |
| | အဝတ္ထုရုပ် | = စိတ်၊ စေတသိက်တို့၏ မှီရာ၊ တည်ရာ မဟုတ် သောရုပ် |
| (၅) | ဒွါရရုပ် | = ဖြစ်ကြောင်း ဖြစ်သောရုပ်၊<br>(က) ပဉ္စဒွါရဝီထိ စိတ်၊ စေတသိက်တို့၏ ဖြစ်ကြောင်းဖြစ်သောရုပ်၊<br>(ပသာဒရုပ် ၅-ပါး = ဥပပတ္တိဒွါရရုပ်)<br>(ခ) ကုသိုလ်၊ အကုသိုလ်ကံတို့၏ ဖြစ်ကြောင်း ဖြစ်သောရုပ်<br>(ဝိညတ်ရုပ် ၂-ပါး = ကမ္မဒွါရရုပ်) |
| | အဒွါရရုပ် | = ထိုကဲ့သို့ ဖြစ်ကြောင်းမဟုတ်သော ရုပ်များ၊ |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| (၆) | ဣန္ဒြိယရုပ် | = | ဆိုင်ရာကိစ္စများ၌ အစိုးရသောရုပ်၊ (ပသာဒရုပ် ၅-ပါးသည် - ဒဿန စသော ကိစ္စ ၅-ပါး၌၊ ဘာဝရုပ် ၂-ပါးသည် မိန်းမ, ယောက်ျားဖြစ်မှု၌၊ ဇီဝိတရုပ် ၁-ပါးသည် တကွဖြစ်ဖက်ကမ္မဇရုပ်တို့၌ အသီးသီး အစိုးရ၏။) |
| | အနိန္ဒြိယရုပ် | = | အစိုးမရသော ရုပ်များ |
| (၇) | ဩဠာရိကရုပ် | = | ဉာဏ်စက္ခုဖြင့် ကြည့်ရှုလိုက်လျှင် ပေါ်လွင်ထင်ရှားသောရုပ်၊ (အကြမ်းရုပ်)။ |
| | သုခုမရုပ် | = | ထင်ရှားမတွေ့ သိမ်မွေ့သောရုပ် (အနုရုပ်) |
| (၈) | သန္တိကေရုပ် | = | ဉာဏ်ဖြင့် သိမ်းဆည်းရလွယ်သောရုပ် (အနီးရုပ်) |
| | ဒူရေရုပ် | = | ဉာဏ်ဖြင့် သိမ်းဆည်းရန် မလွယ်ကူသောရုပ် (အဝေးရုပ်) |
| (၉) | သပ္ပဋိဃရုပ် | = | အာရုံ, ဒွါရတို့၏ အစွမ်းအားဖြင့် ထိခိုက်တတ်သောရုပ်၊ |
| | အပ္ပဋိဃရုပ် | = | အာရုံ, ဒွါရတို့၏ အစွမ်းအားဖြင့် မထိခိုက်တတ်သောရုပ်၊ |
| (၁၀) | အဝိနိဗ္ဘောဂရုပ် | = | တစ်ခုစီခွဲ၍ မရကောင်း၊ တစ်ပေါင်းတည်းသာဖြစ်သောရုပ်၊ |
| | ဝိနိဗ္ဘောဂရုပ် | = | ခွဲခြား၍ ရကောင်းသောရုပ်၊ |
| (၁၁) | သနိဒဿနရုပ် | = | စက္ခုဝိညာဏ်ဖြင့် မြင်ကောင်းသောရုပ်၊ |
| | အနိဒဿနရုပ် | = | စက္ခုဝိညာဏ်ဖြင့် မမြင်ကောင်းသောရုပ်၊ |

ဝ

## ၃။ ရုပသမုဋ္ဌာန

ရုပ်ဖြစ်ကြောင်းတရား ၄-ပါး ( ကံ, စိတ်, ဥတု, အာဟာရ )

(၁) ကံကြောင့်ဖြစ်သောရုပ် = ကမ္မဇရုပ်
(၂) စိတ်ကြောင့်ဖြစ်သောရုပ် = စိတ္တဇရုပ်
(၃) ဥတုကြောင့်ဖြစ်သောရုပ် = ဥတုဇရုပ်
(၄) အာဟာရကြောင့်ဖြစ်သောရုပ် = အာဟာရဇရုပ်

ရုပ် ၂၈-ပါး၏ ဖြစ်ကြောင်းတရားများ

| ဖြစ်ကြောင်း | ဖြစ်စေအပ်သော ရုပ် | | ကမ္မဇရုပ် | | စိတ္တဇရုပ် | | ဥတုဇရုပ် | အာဟာရဇရုပ် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ဧကန် | အနေကန် | ဧကန် | အနေကန် | အနေကန် | အနေကန် | | |
| ကံ | ပသာဒ ၅၊ ဘာဝ ၂ ဟဒယ၊ ဇီဝိတ | ၉ | ၉ | | | | | | ဧကဇရုပ် | ၁၁ |
| စိတ် | ဝိညတ်ရုပ် | ၂ | | | ၂ | | | | | |
| စိတ်, ဥတု | သဒ္ဒရုပ် | ၁ | | | | ၁ | ၁ | | ဒွိဇရုပ် | ၁ |
| စိတ်, ဥ, ဟာ | လဟုတာဒိရုပ် | ၃ | | | | ၃ | ၃ | ၃ | တိဇရုပ် | ၃ |
| ကံ, စိတ်, ဥ, ဟာ | အဝိနိဗ္ဘော ॰ ၈ အာကာသ ॰ ၁ | ၉ | | ၉ | | ၉ | ၉ | ၉ | စတုဇရုပ် | ၉ |
| ဖြစ်ကြောင်းမရှိ (နကုတောစိ သမုဋ္ဌာန်) | လက္ခဏရုပ် | ၄ | | | | | | | စတုဝိမုတ် | ၄ |
| | ရုပ်ပေါင်း | ၂၈ | ၉ | ၉ | ၂ | ၁၃ | ၁၃ | ၁၂ | ရုပ်ပေါင်း | ၂၈ |
| | | | ၁၈ | | ၁၅ | | ၁၃ | ၁၂ | | |

မှတ်ချက် - လက္ခဏရုပ် ၄-ပါးတို့သည် နိပ္ဖန္နရုပ်တို့၏ ဖြစ်, တည်, ပျက် သဘောမျှသာ ဖြစ်သောကြောင့် အကြောင်း ၄-ပါးမှ လွတ်ကုန်၏။

http://www.dhammadownload.com



| ဖြစ်ကြောင်း (သမုဋ္ဌာန်) | သရုပ် | ဖြစ်စေပုံဖြစ်စေနည်း |
|---|---|---|
| ကံ | နာနာက္ခဏိက (အတိတ်)<br>အကုသိုလ်စေတနာ = ၁၂ ပါး<br>ကာမကုသိုလ်စေတနာ = ၈ ပါး<br>ရူပကုသိုလ်စေတနာ = ၅ ပါး<br>ပေါင်းစေတနာ = ၂၅ ပါး | ကာမဘုံ, ရူပဘုံ၌-<br>ပဋိသန္ဓေ၏ ဥပါဒ်ခဏမှစ၍၊ ပဋိသန္ဓေ, ပဝတ္တိအခါ မြစ်ရေအယဉ်ကဲ့သို့ ခဏတိုင်း ခဏတိုင်း ဣန္ဒြိယဗဒ္ဓသန္တာန် (သက်ရှိတို့ သန္တာန် = အဇ္ဈတ္တသန္တာန်)၌ ကမ္မဇရုပ်ကို ဖြစ်စေ၏။ |
| စိတ် | ဒွေပဉ္စဝိညာဉ်-၁၀၊ အရူပဝိပါက်-၄ ရဟန္တာတို့စုတိ၊ အလုံးစုံသော ပဋိသန္ဓေကြဉ်သော<br>"စိတ် ၇၅ပါး၊ စေတသိက် ၅၂ပါး" | ပဉ္စဝေါကာရ ၂၆-ဘုံ၌<br>ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်ခဏမှ စ၍ ပဝတ္တိအခါ စိတ်၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း ဣန္ဒြိယ ဗဟိဒ္ဓသန္တာန်၌ စိတ္တဇရုပ်ကို ဖြစ်စေ၏။ |
| ဥတု | ချမ်းအေးမှု (သီတ)၊ ပူနွေးမှု (ဥဏှ) မီး ၂-ပါးဟု ဆိုအပ်သော<br>"တေဇောဓာတ်" | (အဇ္ဈတ္တသန္တာန်ဝယ်) ကာမဘုံ, ရူပဘုံ၌ ပဋိသန္ဓေ၏ ဌီခဏမှစ၍ ပဝတ္တိအခါ မိမိဌီသို့ ရောက်ရာ ခဏတိုင်း ဥတုဇရုပ်ကို ဖြစ်စေ၏။<br>(ဗဟိဒ္ဓသန္တာန်ဝယ်) မိမိဌီသို့ ရောက်ရာ ခဏတိုင်း ဥတုဇရုပ်ကို ဖြစ်စေ၏။ |
| အာဟာရ | ကဗဠီကာရာဟာရသြဇာရုပ် | အဇ္ဈတ္တ, ဗဟိဒ္ဓ အာဟာရ ၂-ပါး အချင်းချင်း ဌီသို့ရောက်၍ ရောနှောမိက (ကာမဘုံ) ပဝတ္တိအခါ အဇ္ဈတ္တသန္တာန်၌ ခဏတိုင်း အာဟာရဇရုပ်ကို ဖြစ်စေ၏။ |

http://www.dhammadownload.com



ရုပ်ဖြစ်ကြောင်းတရား ၄-ပါးတို့တွင်

(၁) ရုပ်ကိုဖြစ်စေနိုင်သော နာမ်အကြောင်းတရားမှာ = ကံ နှင့် စိတ်

(၂) ရုပ်ကိုဖြစ်စေနိုင်သော ရုပ်အကြောင်းတရားမှာ = ဥတုနှင့် အာဟာရ တို့ ဖြစ်ပါသည်။

## ပဉ္စဝေါကာရဘုံ၌ ၇၅-ပါးသော စိတ်တို့၏ ဆောင်ရွက်သောကိစ္စ (ဇနကသင်္ဂဟ)

| အကြောင်းစိတ် | | ဆောင်ရွက်သည့်ကိစ္စ | မှတ်ရန်သံခိပ် |
|---|---|---|---|
| မနောဓာတ် = ၃<br>တဒါရုံ = ၁၁<br>ရူပဝိပါက် = ၅ | ၁၉ | စိတ္တဇရုပ်သက်သက် | မနောဓာတုံ၊ တဒါရုံက၊ ရူပဝိပါက်၊ ၁၉- ချက် ရုပ်သာမညကိုဖြစ်။ |
| အဘိညာဉ်ဒွေးကြဉ် အပ္ပနာဇော | ၂၆ | စိတ္တဇရုပ်သက်သက်နှင့် ဣရိယာပုတ် ၄-ပါးကိုခိုင်စေ | ဇောအပ္ပနာ၊ ဣရိယာ၊ ကောင်းစွာတည်နိုင်စေ။ |
| မနောဒွါရာဝဇ္ဇန်း = ၁<br>ကာမဇော = ၂၉<br>အဘိညာဉ် = ၂ | ၃၂ | စိတ္တဇရုပ်သက်သက် ဣရိယာပုတ်ကိုခိုင်စေ၊ ဝိညတ် ၂-ပါးကိုဖြစ်စေ၊ | မနောဒွါရာ၊ ဇောကာမာ၊ ဘိညာ သုံးဆယ့်နှစ်၊ ကာယ၊ ဝါစာ၊ မူအရာ၊ နှစ်ဖြာ ဝိညတ်ဖြစ်။ |
| ကာမသောမနဿဇော | ၁၃ | အထက်ပါကိစ္စ ၃-မျိုးအပြင် ပြုံးရယ်ခြင်းကိုပါ ဖြစ်စေ | ဆယ်သုံးသောမနဿ၊ ပြုံးရယ်တတ်၊ ငိုတတ်-ဒေါ်ဇောနှစ်၊ |
| ဒေါသမူဒွေး | ၂ | အထက်ပါကိစ္စ ၃-မျိုးနှင့် ငိုခြင်း၊ ငြီးတွားခြင်းဖြစ်စေ | |

http://www.dhammadownload.com



## ပြုံးရယ်ခြင်းကို ဖြစ်စေသော စိတ် ၁၃-ပါး၏ ပုဂ္ဂိုလ်အလိုက်ဖြစ်ပုံ

**ပုထုဇဉ်များ ပြုံးရယ်ခြင်းကို ဖြစ်စေသောစိတ်**

လောဘမူသောမနဿ (၄) + မဟာကုသောမနဿ (၄) = (၈)ပါး

**သေက္ခပုဂ္ဂိုလ်များ**

လောဘမူဒိဋ္ဌိဝိပ်သောမနဿ (၂) + မဟာကုသော(၄) = (၆)ပါး

**အသေက္ခပုဂ္ဂိုလ်များ**

ဟသိတုပ္ပါဒ် (၁) + မဟာကြိသောမနဿ (၄) = (၅)ပါး

**ဆောင်** - ရှစ်ပုထုဇွန်၊ ခြောက်သေက္ခန်၊ ငါးတန်ရဟန္တာ၊
ဟာသအကြောင်း၊ ထူးပြားရှောင်း၊ စိတ်ပေါင်း တေရသာ။

## ရုပ်ကို မဖြစ်စေနိုင်သော စိတ်များ

(၁) ဒွေပဉ္စဝိညာဏ်-၁၀၊ အရူပဝိပါက်-၄၊ ရဟန္တာတို့၏စုတိစိတ်၊ အလုံးစုံသော ပဋိသန္ဓေစိတ်တို့သည် ရုပ်ကို မဖြစ်စေနိုင်ပါ။

(၂) အရူပဘုံ၌ ဖြစ်လေ့ရှိသော စိတ်၄၂-ပါးသည်လည်း အရူပဘုံ၌ဖြစ်ခိုက် ရုပ်ကို မဖြစ်စေနိုင်ပါ။ ပဉ္စဝေါကာရဘုံ၌ဖြစ်လျှင်ကား ရုပ်ကိုဖြစ်စေနိုင်၏။

○

## ၄။ ရူပကလာပ

ရုပ်တို့သည် တစ်ခုချင်းခွဲ၍မဖြစ်၊ ဆိုင်ရာရုပ်ချင်း ပူးတွဲ၍ ဖြစ်လေ့ပျက်လေ့ရှိသည်၊ ထို့ကြောင့် အတူအကွ ဖြစ်တတ်သောရုပ်များကို ပေါင်းစပ်ဖွဲ့စည်း၍ ပြရာသည် "ရူပကလာပ"မည်၏။

http://www.dhammadownload.com



## ရုပ်ကလာပ်တစ်ခု၏ အင်္ဂါ ၃-ပါး

(၁) ကေပ္ပါဒ = အတူတကွဖြစ်ခြင်း (ရုပ်ကလာပ်တစ်ခု၌ ပါဝင်သော ရုပ်တစ်ခုဖြစ်လျှင် အခြားတွဲဖက် ကလာပ်တူရုပ်များလည်း တစ်ပြိုက်နက်ဖြစ်ခြင်း)

(၂) ဧကနိရောဓ = အတူတကွချုပ်ခြင်း (ရုပ်ကလာပ်တစ်ခု၌ ပါဝင်သော ရုပ်တစ်ခုချုပ်လျှင် အခြား တွဲဖက် ကလာပ်တူရုပ်များလည်း တစ်ပြိုက်နက်ချုပ်ခြင်း)

(၃) ဧကနိဿယ = တူသောမှီရာရှိခြင်း (ရုပ်ကလာပ်တစ်ခု၌ ပါဝင်သော ဥပါဒါရုပ်တို့သည် မဟာဘုတ် ၄-ပါးကို မှီကြ၏၊ မဟာဘုတ် ၄-ပါးသည်လည်း အချင်းချင်း ပြန်မှီကြ၏)

* သဟဝုတ္တိ = ဤအင်္ဂါ ၃-ချက်နှင့်ညီစွာ အတူတကွဖြစ်ခြင်း၊

ထိုသို့ အတူတကွဖြစ်သော ရုပ်တို့၏ အစုအပေါင်းကို ကလာပ်ဟု ခေါ်၏။

မှတ်ချက် - သဟဝုတ္တိ (အတူတကွဖြစ်ခြင်း)ကို ရုပ်ကလာပ်အင်္ဂါ၌ ထည့်သွင်း ရေတွက်ကြသော ဝါဒများလည်း ရှိသေး၏၊ ထိုသို့ ရေတွက်ပါက ရုပ်ကလာပ်အင်္ဂါ ၄-ပါးဖြစ်၏။)

## ရုပ်ကလာပ်ပေါင်း (၂၁)စည်း

ရုပ်ကလာပ်တို့သည်

| | | | |
|---|---|---|---|
| (၁) | ကမ္မဇကလာပ်အားဖြင့် | = | ၉-စည်း |
| (၂) | စိတ္တဇကလာပ်အားဖြင့် | = | ၆-စည်း |
| (၃) | ဥတုဇကလာပ်အားဖြင့် | = | ၄-စည်း |
| (၄) | အာဟာရဇကလာပ်အားဖြင့် | = | ၂-စည်း |
| | ပေါင်း ရုပ်ကလာပ် | = | ၂၁-စည်း ရှိ၏။ |

http://www.dhammadownload.com



## (၁) ကမ္မဇကလာပ် ၉-စည်း

| ကလာပ်အမည် | ပါဝင်သောရုပ်များ | ပေါင်း |
|---|---|---|
| (၁) ဇီဝိတနဝကကလာပ် | အဝိနိဗ္ဘောဂရုပ် ၈ + ဇီဝိတရုပ် | ၉ |
| (၂) စက္ခုဒသကကလာပ် | အဝိနိဗ္ဘောဂရုပ် ၈ + ဇီဝိတရုပ် + စက္ခုပသာဒ | ၁၀ |
| (၃) သောတဒသကကလာပ် | အဝိနိဗ္ဘောဂရုပ် ၈ + ဇီဝိတရုပ် + သောတပသာဒ | ၁၀ |
| (၄) ဃာနဒသကကလာပ် | အဝိနိဗ္ဘောဂရုပ် ၈ + ဇီဝိတရုပ် + ဃာနပသာဒ | ၁၀ |
| (၅) ဇိဝှါဒသကကလာပ် | အဝိနိဗ္ဘောဂရုပ် ၈ + ဇီဝိတရုပ် + ဇိဝှါပသာဒ | ၁၀ |
| (၆) ကာယဒသကကလာပ် | အဝိနိဗ္ဘောဂရုပ် ၈ + ဇီဝိတရုပ် + ကာယပသာဒ | ၁၀ |
| (၇) ဣတ္ထိဘာဝဒသကကလာပ် | အဝိနိဗ္ဘောဂရုပ် ၈ + ဇီဝိတရုပ် + ဣတ္ထိဘာဝ | ၁၀ |
| (၈) ပုမ္ဘာဝဒသကကလာပ် | အဝိနိဗ္ဘောဂရုပ် ၈ + ဇီဝိတရုပ် + ပုမ္ဘာဝ | ၁၀ |
| (၉) ဝတ္ထုဒသကကလာပ် | အဝိနိဗ္ဘောဂရုပ် ၈ + ဇီဝိတရုပ် + ဟဒယ | ၁၀ |

မှတ်ချက် - ကမ္မဇကလာပ် ၉-စည်းရှိရာတွင် ကာမဘုံအတွက် ဇီဝိတနဝက ကလာပ်သည် ဒသကကလာပ် အသီးသီး၌ ပါဝင်ပြီးဖြစ်၍ သီးခြား မရသောကြောင့် ကာမဘုံ၌ ကမ္မဇကလာပ် ၈-စည်းသာ ရ၏။ (ကျား/မ ခွဲခြားမေးလျှင် မသက်ဆိုင်သော ဘာဝဒသက ကလာပ်ကို ထပ်မံကြဉ်ပေးပါ)။

## (၂) စိတ္တဇကလာပ် ၆-စည်း

| ကလာပ်အမည် | ပါဝင်သောရုပ်များ | ပေါင်း |
|---|---|---|
| ၁။ သုဒ္ဓဋ္ဌကကလာပ် | အဝိနိဗ္ဘောဂ (၈) | ၈ |
| ၂။ ကာယဝိညတ္တိနဝက ကလာပ် | ။ + ကာယဝိညတ် | ၉ |
| ၃။ သဒ္ဒဝစီဝိညတ္တိဒသကကလာပ် | ။ + သဒ္ဒ + ဝစီဝိညတ် | ၁၀ |
| ၄။ လဟုတာဒိဧကာဒသကကလာပ် | ။ + လဟုတာဒိ (၃) | ၁၁ |
| ၅။ ကာယဝိညတ္တိလဟုတာဒိဒွါဒသကကလာပ် | ။ + ကာယဝိညတ်+လဟုတာဒိ(၃) | ၁၂ |
| ၆။ သဒ္ဒဝစီဝိညတ္တိလဟုတာဒိတေရသကကလာပ် | ။ + သဒ္ဒ+ဝစီဝိညတ်+လဟုတာဒိ(၃) | ၁၃ |

http://www.dhammadownload.com



## (၃) ဥတုဇကလာပ် ၄-စည်း

| ကလာပ်အမည် | ပါဝင်သောရုပ်များ | ပေါင်း |
|---|---|---|
| (၁) သုဒ္ဓဋ္ဌကကလာပ် | အဝိနိဗ္ဘောဂ (၈) | ၈ |
| (၂) သဒ္ဒနဝက ကလာပ် | ။ + သဒ္ဒ | ၉ |
| (၃) လဟုတာဒိဧကာဒသက ကလာပ် | ။ + လဟုတာဒိ (၃) | ၁၁ |
| (၄) သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ် | ။ + သဒ္ဒ + လဟုတာဒိ (၃) | ၁၂ |

## (၄) အာဟာရဇကလာပ် ၂-စည်း

| ကလာပ်အမည် | ပါဝင်သောရုပ်များ | ပေါင်း |
|---|---|---|
| (၁) သုဒ္ဓဋ္ဌက ကလာပ် | အဝိနိဗ္ဘောဂ (၈) | ၈ |
| (၂) လဟုတာဒိဧကာဒသက ကလာပ် | ။ + လဟုတာဒိ (၃) | ၁၁ |

## အဇ္ဈတ္တ, ဗဟိဒ္ဓ ကလာပ်ခွဲပုံ

### အဇ္ဈတ္တသန္တာန် (သက်ရှိ)၌ ရနိုင်သောကလာပ်

| | | |
|---|---|---|
| (၁) | ကမ္မဇကလာပ်အားဖြင့် | = ၉-စည်း |
| (၂) | စိတ္တဇကလာပ်အားဖြင့် | = ၆-စည်း |
| (၃) | ဥတုဇကလာပ်အားဖြင့် | = ၄-စည်း |
| (၄) | အာဟာရဇကလာပ်အားဖြင့် | = ၂-စည်း |
| | ပေါင်း ရုပ်ကလာပ် | = ၂၁-စည်း ရှိ၏။ |

### ဗဟိဒ္ဓသန္တာန် (သက်မဲ့)၌ ရနိုင်သောကလာပ်

"ဗဟိဒ္ဓ" ဟူသည်- ခန္ဓာကိုယ်မှ ပြင်ပ အဝိညာဏက (သက်မဲ့) ဖြစ်သော သစ်ပင်, တော, တောင်, ရေ, မြေ, မီး, အိမ် စသော အရာဝတ္ထုများနှင့်

http://www.dhammadownload.com



အလောင်းကောင် (မတကာယ)တို့ဖြစ်သည်၊ ၎င်း ဗဟိဒ္ဓသန္တာန်၌ ရှိသမျှ ရုပ်တို့သည် ဥတုကြောင့်ဖြစ်သော သုဒ္ဓဋ္ဌကကလာပ်(အဝိနိဗ္ဘောဂရုပ် ၈-ပါး) ချည်းသာ ဖြစ်သည်။

ထို သစ်ပင် စသည်တို့၌ လေတိုက်၍သော်လည်းကောင်း၊ အချင်းချင်း ကြိတ်မိ, ခတ်မိ၍သော်လည်းကောင်း၊ တမင် တီးခေါက်၍သော်လည်းကောင်း၊ အသံထွက်ပေါ်လာသောအခါ (ဥပမာ = သစ်ရွက်လှုပ်သံ၊ မိုးသံ၊ လေသံ၊ ခေါင်းလောင်းသံ စသည်၌) ဖြစ်သမျှရုပ်အပေါင်းသည် ဥတုကြောင့်ဖြစ်သော သဒ္ဒနဝကကလာပ် (အဝိနိဗ္ဘောဂ ရုပ် ၈+ သဒ္ဒ ၁) ဖြစ်သည်။ (လဟုတာဒိ ရုပ်များသည် မည်သည့်အခါမျှ ဗဟိဒ္ဓသန္တာန်၌ မရနိုင်)။

သို့ဖြစ်၍ ဗဟိဒ္ဓသန္တာန်၌ ရနိုင်သော ကလာပ်မှာ (ဥတုဇ ကလာပ် ၄-စည်းမှ)-

(၁) သုဒ္ဓဋ္ဌက ကလာပ် = ၁-စည်း
(၂) သဒ္ဒနဝက ကလာပ် = ၁-စည်း
ပေါင်း ဥတုဇကလာပ် = ၂-စည်း ရှိ၏။

ကျန် လဟုတာပါသော ဥတုဇကလာပ် ၂-စည်းမှာ ဗဟိဒ္ဓသန္တာန်၌ မရနိုင်ဟူလို)

(၁) ဗဟိဒ္ဓသန္တာန်၌ ရနိုင်သော ကလာပ် = ၂-စည်း
(၂) အဇ္ဈတ္တသန္တာန်၌ ။ = ၂၁-စည်း
(၃) အဇ္ဈတ္တသန္တာန်၌သာ ။ = ၁၉-စည်း

ဆောင် - ဥတုမူလ၊ နှစ်စည်းမျှ၊ ရသည် ဗဟိဒ္ဓါ၊
နှစ်ဆယ့်တစ်ပင်၊ အဇ္ဈတ်တွင်၊ ကုန်စင်ရထိုက်စွာ၊
အဇ္ဈတ္တသာ၊ ဆယ့်ကိုးပါ၊ သေချာမြဲမှတ်ပါ။

http://www.dhammadownload.com



**ကလာပ်ဝိမုတ်ရုပ် ၅-ပါး**

| | | |
|---|---|---|
| (၁) အာကာသဓာတ် ပရိစ္ဆေဒရုပ်သည် | = | ရုပ်ကလာပ်တို့၏ အပိုင်းအခြားသာ ဖြစ်၍လည်းကောင်း၊ |
| (၂) လက္ခဏာရုပ် ၄-ပါးသည် | = | ရုပ်ကလာပ်တို့၏ ဖြစ်, တည်, ပျက် အမှတ်လက္ခဏာမျှသာ ဖြစ်၍ လည်းကောင်း ကလာပ်ဖွဲ့ရာတွင် မပါဝင်ဘဲ ကလာပ်ဝိမုတ် ဖြစ်ရပါသည်။ |

၀

## ၅။ ရူပ ပဝတ္တိက္ကမ

ရုပ်တို့၏ ဖြစ်ပုံ ပျက်ပုံအစဉ်ကို ပြရာအပိုင်းသည် ရူပပဝတ္တိက္ကမ မည်၏။

**ပုဂ္ဂိုလ် ၄-မျိုး (ယောနိ - အမျိုးဇာတ် ၄-ပါး)**

| | | |
|---|---|---|
| (၁) သံသေဒဇ | = | ဝါးပင်, ကြာပင်, လမုပင်, ရေပုပ်, ရွံ့ညွန် စသော ငြိကပ်တွယ်ရာအရပ် (အညှိ)၌ စွဲ၍ဖြစ်သော သတ္တဝါမျိုး။ (ဥပမာ- ဝေဠုဝတီ, ပဒုမဝတီ, မယ်လမု, ခြင်, ပိုးလောက် စသော သတ္တဝါများ) |
| | = | ငယ်ရာမှ တစ်ဖြည်းဖြည်း ကြီးလာ၏။ |
| (၂) ဥပပါတ်(ဩပပါတိက) | = | ဘဝဟောင်းမှ ခုန်လွှားခဲ့၍ ဘွားခနဲ ကျလာသကဲ့သို့ ခန္ဓာကိုယ် ထင်ရှားဖြစ်သော သတ္တဝါမျိုး။ |

http://www.dhammadownload.com



(ဥပမာ - ကမ္ဘာဦး လူများနှင့် နတ်ပြဟ္မာများ)
= (ရုပ်ခန္ဓာ တစ်ခါတည်း အထင်အရှားဖြစ်၏)

(၃) ဇလာဗုဇ = သားအိမ်၌ဖြစ်သော သတ္တဝါမျိုး၊ (ဥပမာ - လူ၊ ကြောင်၊ ခွေး၊ နွား စသော သတ္တဝါများ)

(၄) အဏ္ဍဇ = ဥခွံ၌ဖြစ်သော သတ္တဝါမျိုး (ဥပမာ - ကြက်, ငှက် စသော သတ္တဝါများ)

မှတ်ချက် - ၎င်းဇလာဗုဇနှင့် အဏ္ဍဇသတ္တဝါ ၂-မျိုးလုံးသည် အမိဝမ်း၌ ကိန်းအောင်း၍ ပဋိသန္ဓေ နေကြရသောကြောင့် "ဂဗ္ဘသေယျ သတ္တဝါ"ဟု ခေါ်ကြ၏။ သို့ဖြစ်၍ ယောနိ(အမျိုးဇာတ်)အလိုက် ပုဂ္ဂိုလ်အမျိုးအစားကို ၄-မျိုးဟူ၍လည်းကောင်း၊ ၃-မျိုး ဟူ၍ လည်းကောင်း မှတ်သားကြ၏။

## ပုဂ္ဂိုလ်နှင့် အမျိုးဇာတ်ယှဉ်တွဲပုံ

(၁) ဘုမ္မစိုးကြဉ်သော ကြွင်း ကာမနတ်, ပြဟ္မာ၊ နိဇ္ဈာမတဏှိက (မီးသရဲ) ပြိတ္တာ၊ ငရဲဘုံသားများ၌ ဥပပါတ် ပဋိသန္ဓေ ၁-မျိုးသာရ၏။

(၂) ဘုမ္မစိုးနတ်၊ လူ၊ တိရစ္ဆာန်၊ (နိဇ္ဈာမတဏှိက ပြိတ္တာမှတစ်ပါး) ကြွင်း ပြိတ္တာတို့သည် ယောနိ (အမျိုးဇာတ်) ၄-ပါးလုံးရ၏။

ပဋိသန္ဓေအခါ = ပဋိသန္ဓေစိတ်, စေတသိက်နှင့် ကမ္မဇရုပ်တို့၏ တစ်ဘဝ, တစ်ဘဝ၌ ပထမဆုံး ဖြစ်ရာ အခါ၊ (ဥပါဒ်, ဋ္ဌီ, ဘင် ခဏငယ် ၃-ချက်အခါ)

ပဝတ္တိအခါ = ပဋိသန္ဓေစိတ်၏ နောက်၌ဖြစ်သော ပထမဘဝင်မှစ၍ စုတိစိတ် မကျမီအတွင်း နောက် ကာလ၊

http://www.dhammadownload.com



## (က) ကာမဘုံသား ပဋိသန္ဓေအခါ ရုပ်ကလာပ်ဖြစ်ပုံ

ပဋိသန္ဓေအခါ ဖြစ်နိုင်သော ကမ္မဇကလာပ်များအနက် ကာမဘုံသား တို့တွင်-

(၁) ဇီဝိတနဝက ကလာပ်သည် ဒသကကလာပ်အသီးသီး၌ ပါဝင်ပြီးဖြစ်၍ သီးခြားမရနိုင်။

(၂) ယောက်ျားဖြစ်မှု - ဣတ္ထိဘာဝဒသကကလာပ်၊
မိန်းမဖြစ်မှု - ပုမ္ဘာဝဒသကကလာပ်မရနိုင်၊

(၃) အမေ, အဖေ ပေါင်းစပ်မှု မရှိသော, စောင့်ရှောက်ခံရမှု မရှိသော သံသေဒဇနှင့် ဥပပါတ် သတ္တဝါဖြစ်မှု-
ပဋိသန္ဓေအခါ ကမ္မဇရုပ်များ ဖြစ်ရာတွင် ရုပ်အပြည့်အစုံ တစ်ခါတည်း ဖြစ်ကြသည်။

(၄) အမေ, အဖေ ပေါင်းစပ်မှုရှိသော, စောင့်ရှောက်ခြင်းကို ခံရသော ဂဗ္ဘသေယျက (ဇလာဗုဇ+အဏ္ဍဇ) သတ္တဝါများမှာမူ ပဋိသန္ဓေအခါ ကမ္မဇရုပ်များ အပြည့်အစုံ တစ်ခါတည်း မဖြစ်နိုင်ကြဘဲ ကလလ ရေကြည် ရုပ်ကလာပ်မှစ၍ ဂဗ္ဘသေယျကသတ္တာဟ ဖြစ်စဉ်အတိုင်းသာ တစ်စတစ်စ တိုးတက် ဖြစ်ကြရသည်။

(၅) ချို့ကောင်းသော ဒသက ကလာပ်များ
(က) သံသေဒဇနှင့် ဥပပါတ် ပုဂ္ဂိုလ်တို့၌ - (စက္ခု, သောတ, ဃာန, ဘာဝ) ဒသက ကလာပ်များ ချို့ကောင်း၏၊

ဤတွင်-
ကာမသုဂတိ ၇-ဘုံမှ-

| | | |
|---|---|---|
| ဥပပါတ် ပုဂ္ဂိုလ်ဖြစ်မှု | = | မည်သည့်ဒသကမျှ မချို့၊ |
| ကမ္ဘာဦးလူ ဥပပါတ် ပုဂ္ဂိုလ် | = | ဘာဝဒသက ချို့ကောင်း၏၊ |
| ဒုဂ္ဂတိ ဥပပါတ်ပုဂ္ဂိုလ် | = | စက္ခု, သောတ, ဘာဝ ချို့ကောင်း၏၊ |

http://www.dhammadownload.com



ဒုဂ္ဂတိသံသေဒဇပုဂ္ဂိုလ် = စက္ခု, သောတ, ဃာန, ဘာဝဒသက ၄-ပါးလုံး ချို့ကောင်း၏။

ကြွင်းသံသေဒဇ ပုဂ္ဂိုလ် = စက္ခု, သောတ, ဃာန ချို့ကောင်း၏။

(ခ) ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့၌ - ပဋိသန္ဓေအခါ ဘာဝဒသက ချို့နိုင်၏၊ ပဝတ္တိအခါ စက္ခု, သောတ, ဃာနဒသက ၃-ပါးလုံး ချို့ကောင်း၏။

(၆) မချို့ကောင်းသော ဒသက ကလာပ်များ

ကာမဘုံသားတို့၌ (ဇီဝှါ, ကာယ, ဝတ္ထု) ဒသက ကလာပ်များ မည်သည့်အခါမျှ မချို့ကောင်းချေ။

ကာမဘုံသား (သံသေဒဇ + ဥပပါတ်) ပဋိသန္ဓေအခါ ရုပ်ကလာပ်ဖြစ်ပုံ

(၁) မိန်းမဖြစ်အံ့ = ဇီဝိတနဝက ကလာပ်၊ ပုမ္ဘာဝဒသက ကလာပ် ကြဉ်သော-----

ကမ္မဇကလာပ် = ၇-စည်း ရ၏။

(၂) ယောက်ျားဖြစ်အံ့ = ဇီဝိတနဝက ကလာပ်၊ ဣတ္ထိဘာဝဒသက ကလာပ် ကြဉ်သော-----

ကမ္မဇကလာပ် = ၇-စည်း ရ၏။

(စက္ခု, သောတ, ဃာန, ဘာဝ) ဒသကများ ရံခါချို့ကောင်းသဖြင့်---

| | | | | |
|---|---|---|---|---|
| စက္ခု | ချို့သော် | = | ကမ္မဇကလာပ် | ၆-စည်း |
| စက္ခု, သောတ | ။ | = | ။ | ၅-စည်း |
| စက္ခု, သောတ, ဃာန | ။ | = | ။ | ၄-စည်း |
| စက္ခု, သောတ, ဃာန, ဘာဝ | ။ | = | ။ | ၃-စည်းရ၏။ |

http://www.dhammadownload.com



ဂဗ္ဘသေယျက(ဇလာဗုဇ + အဏ္ဍဇ) ပဋိသန္ဓေအခါ ရုပ်ကလာပ်ဖြစ်ပုံ

(၁) မိန်းမဖြစ်အံ့ = (ကာယ, ဣတ္ထိဘာဝ, ဝတ္ထု) ကလလရေကြည်
ရုပ်ကလာပ် = ၃ -စည်း

(၂) ယောက်ျား = (ကာယ, ပုမ္ဘာဝ, ဝတ္ထု) ကလလရေကြည်
ရုပ်ကလာပ် = ၃ -စည်း

(၃) နပုံး = (ကာယ, ဝတ္ထု) ကလလရေကြည် ရုပ်ကလာပ်
= ၃ -စည်း

ဂဗ္ဘသေယျက သတ္တာဟဖြစ်စဉ်

| သတ္တာဟ | ရုပ် | ရက်ပေါင်း |
|---|---|---|
| (၁) | ကလလ ရေကြည် | ၇-ရက် |
| (၂) | အမြှုပ် | ၇-ရက် |
| (၃) | အစိုင်အခဲ | ၇-ရက် |
| (၄) | သားတစ် | ၇-ရက် |
| (၅) | ခက်မငါးဖြာ | ၇-ရက် |
| (၆) | ခက်မရင့်မာ | ၇-ရက် } |
| (၇) | ခက်မရင့်မာ | ၇-ရက် |
| (၈) | ခက်မရင့်မာ | ၇-ရက် } ၃၅-ရက် |
| (၉) | ခက်မရင့်မာ | ၇-ရက် |
| (၁၀) | ခက်မရင့်မာ | ၇-ရက် } |
| (၁၁) | စက္ခု, သော, ဃာ, ဇိ ဒသကကလာပ်များ ဖြစ်၏။ | ၇-ရက် (ရက်ပေါင်း = ၇၇-ရက်) |

ဆောင် - ရေ, မြှုပ်, ခဲ, တစ်၊ ခက်မဖြစ်၊ ရင့်လစ်ငါးသတ္တာ၊ စက်, သော,
ဃာ, ဇိ၊ ဤလေးလီ၊ ဖြစ်ပြီ ဆယ့်တစ်မှာ။

http://www.dhammadownload.com



မှတ်ရန် ကလလ ရေကြည် ဟူသည် ယခုဖွားစဖြစ်သော သိုး၏အမွေး (သို့) ဟိမဝန္တာတော၌ သိမ်မွေ့သော ဇာမဏီမည်သော သားကောင်၏ အမွေးတစ်ချောင်းကို ကြည်လင်သောဆီ၌ နှစ်၍ ဆယ်ယူသောအခါ အမွေးဖျား၌ ကပ်ငြိနေသော ဆီပေါက်ပမာဏရှိ၏၊ အလွန်ကြည်လင်၏၊ ယင်းသေးငယ်သော ကလလ ရေကြည်၌ ကမ္မဇကလာပ်စည်း ရုပ်ပေါင်း (၃၀) နှင့် ပဋိသန္ဓေစိတ်, စေတသိက် ခန္ဓာ ၅-ပါးတို့သည် တကွ ဖြစ်ကုန်၏။ (နပုံးတို့အား = ဘာဝဒသကကလာပ်ကို မရပါ။)

## (ခ) ရူပဘုံသား ပဋိသန္ဓေအခါ ရုပ်ကလာပ်ဖြစ်ပုံ

### (၁) အသညသတ်ကြဉ် ရူပဘုံ(ဥပပါတ် ပုဂ္ဂိုလ်ဖြစ်၍)

ဃာန, ဇိဝှါ, ကာယ, ဘာဝ ဒသက ကလာပ်များကြဉ်သော----

| | | | |
|---|---|---|---|
| (၁) | ဇီဝိတနဝက ကလာပ် | = | ၁-စည်း |
| (၂) | စက္ခုဒသက ကလာပ် | = | ၁-စည်း |
| (၃) | သောတဒသက ကလာပ် | = | ၁-စည်း |
| (၄) | ဝတ္ထုဒသက ကလာပ် | = | ၁-စည်း |
| | ပေါင်း ကမ္မဇကလာပ် | = | ၄-စည်း |

မှတ်ရန် - အသညသတ်ကြဉ် ရူပဘုံသား ဗြဟ္မာများ၌------

(၁) ဒသက ကလာပ် အသီးသီးတွင် ဇီဝိတနဝက ကလာပ် ပါဝင်ပြီး ဖြစ်သော်လည်း တစ်ကိုယ်လုံး ပျံ့နှံ့၍ နေနိုင်သော ကမ္မဇရုပ်များဖြစ်သော (ကာယပသာဒ, ဘာဝ, ဇီဝိတရုပ် များ) အနက် ကာယနှင့်ဘာဝရုပ်များ လုံးဝ မရသောကြောင့် တစ်ကိုယ်လုံး ပျံ့နှံ့နိုင်ကြောင်း ရုပ်အဖြစ် ဇီဝိတရုပ်ကို အဓိကထား ယူရသဖြင့် ဇီဝိတနဝက ကလာပ် ရသည်။

http://www.dhammadownload.com



(၂) ကာမဂုဏ်ကို စက်ဆုပ် ရွံရှာသော ကာမဝိရာဂ ဘာဝနာ အစွမ်းဖြင့် ဃာန, ဇိဝှါ, ကာယ, ဘာဝရုပ်များကို ပယ်ထားသောကြောင့်လည်း ဒသကကလာပ် ၅-စည်း မရ။

(၂) အသညသတ်ဘုံ (ဥပပါတ်ပုဂ္ဂိုလ်)၌ -

ဇီဝိတနဝက ကလာပ် = ၁-စည်းသာ ရ၏။

မှတ်ရန် - နာမ်တရားမှန်သမျှကို ပယ်ခွာထားသော ဗြဟ္မာများဖြစ်သဖြင့် စိတ်, စေတသိက်တို့ အမှီပြု ဖြစ်နိုင်စရာ ဝတ္ထုရုပ်များ (ပသာဒရုပ်နှင့် ဟဒယရုပ် = ၆-ပါး)လည်းမရ၊ ဘာဝရုပ်လည်း မရခြင်းကြောင့် ဇီဝိတနဝက ကလာပ် ၁-စည်းသာ ရ၏။

## ပဝတ္တိအခါ ရုပ်ကလာပ်ဖြစ်ပုံ

| ဘုံ(ပုဂ္ဂိုလ်) | ကမ္မဇကလာပ် (၉) | စိတ္တဇကလာပ် (၆) | ဥတုဇကလာပ် (၄) | အာဟာရဇ ကလာပ် (၂) | ပေါင်း |
|---|---|---|---|---|---|
| ကာမဘုံသား<br>- သံသေဒဇ<br>- ဥပပါတ်<br>- ဂဗ္ဘသေယျက | ဇီဝိတနဝကနှင့် ဘာဝကလာပ် ၁-ခု ကြဉ်သော ၇-စည်း | ၆-စည်း | ၄-စည်း | ၂-စည်း | ၁၉ |
| ကမ္ဘာဦးလူ ဥပပါတ်ပုဂ္ဂိုလ် | ဘာဝက ကလာပ်ကြဉ် ၆-စည်း | ၆-စည်း | ၄-စည်း | ၂-စည်း | ၁၈ |
| အသညသတ်ကြဉ် ရူပဘုံသား | ဃာ, ဇိ, ကာ, ဘာ ကြဉ် ၄-စည်း | ၆-စည်း | ၄-စည်း | | ၁၄ |

http://www.dhammadownload.com



| ဘုံ(ပုဂ္ဂိုလ်) | ကမ္မဇကလာပ် (၉) | စိတ္တဇကလာပ် (၆) | ဥတုဇကလာပ် (၄) | အာဟာရဇ ကလာပ် (၂) | ပေါင်း |
|---|---|---|---|---|---|
| အသညသတ် ဘုံသား | ဇီဝိတနဝက ကလာပ် ၁-စည်း | | သဒ္ဒကြဉ် ၂-စည်း | | ၃ |
| ဗဟိဒ္ဓသန္တာန် -အရာဝတ္ထု -အလောင်းကောင် | | | လဟုတာကြဉ် ၂-စည်း | | ၂ |

## ပဝတ္တိအခါ ရနိုင်သောရုပ်များ

(က) ကာမဘုံသား (ကျား/မ အလိုက်)

| | | |
|---|---|---|
| မဟာဘုတ်ရုပ် | = | ၄-ပါး |
| ပသာဒရုပ် | = | ၅-ပါး |
| ဂေါစရရုပ် | = | ၄-ပါး |
| ဘာဝရုပ် | = | ၁-ပါး (မိမိသက်ဆိုင်ရာ) |
| ဟဒယရုပ် | = | ၁-ပါး |
| ဇီဝိတရုပ် | = | ၁-ပါး |
| အာဟာရရုပ် | = | ၁-ပါး |
| ပရိစ္ဆေဒရုပ် | = | ၁-ပါး |
| ဝိညတ်ရုပ် | = | ၂-ပါး |
| လဟုတာဒိရုပ် | = | ၃-ပါး |
| လက္ခဏာရုပ် | = | ၄-ပါး |
| ပေါင်း ရုပ် | = | ၂၇-ပါး |

မှတ်ချက် - ကျား/မ မခွဲခြားမူ ရုပ်ပေါင်း ၂၈-ပါးလုံး ရ၏။

http://www.dhammadownload.com



(ခ) ကမ္ဘာဦးလူ ဥပပါတ်ပုဂ္ဂိုလ်

ဖြဟ္မာ့ပြည်မှ စုတေခဲ့သောကြောင့် ဘာဝရုပ်များ မရသဖြင့်-
ဘာဝရုပ် ၂-ပါးကြဉ်သော ရုပ်ပေါင်း ၂၆-ပါး ရ၏။

မှတ်ချက် - ဖြေဆိုရာ၌မူ တစ်ဖက်ပုံစံ ကာမဘုံသား ရေတွက်ပုံအတိုင်း ရေတွက်ဖြေဆိုပေးပါ။

(ဂ) အသည သတ်ကြဉ် ရှုပ ၁၅-ဘုံသား

ယာန, ဇိဝှါ, ကာယ ပသာဒရုပ် ၃-ပါးနှင့် ဘာဝရုပ် ၂-ပါးကြဉ်သော ရုပ်ပေါင်း ၂၃-ပါး ရ၏။

မှတ်ချက် - ဖြေဆိုရာတွင် ပုံစံအတိုင်းသာ ရေတွက်ပေးပါ။

ဆောင် - ကာမစိတ်ဓာတ်၊ ပွားစေတတ်သဖြင့်၊ ယာ, ဇိ, ကာယ၊ ဘာဝ နှစ်ထွေ၊ ဖြဟ္မာ့ပြည်၊ မှတ်လေ မရထိုက်။

## အသညသတ်ကြဉ် ရှုပ ၁၅-ဘုံ၌ ယာန, ဇိဝှါ, ကာယ, ဘာဝဒသက ကလာပ် ၄-စည်း မရထိုက်ခြင်း

အသညသတ်ကြဉ် ရှုပ ၁၅-ဘုံ၌ ယာန စသော ကလာပ် ၄-စည်း မရထိုက်ခြင်း အကြောင်းမှာ-

(၁) ယာန ပသာဒ ရှိခြင်းကြောင့် နမ်းရှူချင်စိတ် ဖြစ်၏။
(၂) ဇိဝှါပသာဒ ရှိခြင်းကြောင့် စားသောက်ချင်စိတ် ဖြစ်၏။
(၃) ကာယပသာဒ ရှိခြင်းကြောင့် တို့ချင်, ထိချင်စိတ် ဖြစ်၏။
(၄) ဘာဝရုပ် ရှိခြင်းကြောင့် မေထုန်အမှုကို ပြုလို၏။

ဤသို့ ယာန စသော ရုပ်ကလာပ်တို့သည် ကာမစိတ်ဓာတ်ကို တိုးပွားစေတတ်ကုန်၏။ ရှုပဘုံကလည်း ကာမဂုဏ်ကို စက်ဆုပ်သော ဖြဟ္မာတို့၏ နေရာတည်း၊ ထို့ကြောင့် ယာန စသော ရုပ်ကလာပ်များ မရထိုက်ခြင်းဖြစ်သည်။

http://www.dhammadownload.com



မှတ်ချက် (၁) ဘုရားဖူးခြင်း၊ တရားနာခြင်း စသော ကျေးဇူးများသော ဌာနများလည်း ရှိသေးသောကြောင့် စက္ခု၊ သောတပသာဒ ရုပ်များ ရှိရကား စက္ခု၊ သောတဒသက ကလာပ်များ ရထိုက်သည်။

(၂) ဘာဝရုပ် မရှိသော်လည်း ရူပဗြဟ္မာတို့၏ ပုံသဏ္ဍာန်မှာ ယောက်ျားကဲ့သို့ပင် ဖြစ်သည်။

## အာဟာရဇ ကလာပ်ရုပ်များ မရခြင်း

လူတို့သည် တစ်စုံတစ်ခု၌ ပီတိဖြစ်နေသောအခါ ဘာကိုမျှ မစားဘဲ နေနိုင်ကြသကဲ့သို့ ဗြဟ္မာများသည် မိမိတို့ ဈာန်၌ နှစ်သက်ခြင်း ပီတိဖြင့် တင်းတိမ်ကာ အစာမစားဘဲ နေနိုင်ကြသည်။

သို့ဖြစ်၍ ဗြဟ္မာတို့၌ အတွင်းအဇ္ဈတ္တသန္တာန်မှာ ဩဇာရုပ်ရှိသော်လည်း ခဲဖွယ်ဘောဇဉ် အာဟာရကို စားမျိုခြင်း မရှိရကား ဗဟိဒ္ဓဩဇာနှင့် ပူးပေါင်း ရခြင်း မရှိသည့်အတွက် အာဟာရဇရုပ်ကလာပ်များ မရကြခြင်း ဖြစ်သည်။

## (ဃ)အသညသတ်ဘုံသား

| | | | |
|---|---|---|---|
| | မဟာဘုတ်ရုပ် | = | ၄-ပါး |
| (သဒ္ဒရုပ်ကြဉ်) | ဝဏ္ဏရုပ် | = | ၃-ပါး |
| | ဇီဝိတရုပ် | = | ၁-ပါး |
| | အာဟာရရုပ် | = | ၁-ပါး |
| | ပရိစ္ဆေဒရုပ် | = | ၁-ပါး |
| | လဟုတာဒိရုပ် | = | ၃-ပါး |
| | လက္ခဏရုပ် | = | ၄-ပါး |
| | ပေါင်း ရုပ် | = | ၁၇-ပါး |

http://www.dhammadownload.com



(တစ်နည်း)

| | | | |
|---|---|---|---|
| အဝိနိဗ္ဘောဂရုပ် | = | ၈-ပါး | |
| ဇီဝိတရုပ် | = | ၁-ပါး | |
| လဟုတာဒိရုပ် | = | ၃-ပါး | |
| ကလာပ်ဝိမုတ်ရုပ် | = | ၅-ပါး | (ပရိစ္ဆေဒရုပ် ၁+ လက္ခဏာရုပ် ၄) |
| ပေါင်း ရုပ် | = | ၁၇-ပါး | |

ဆောင် - အဝိနိဗ္ဘောဂ၊ ဇီဝိတနှင့် သုံးဝလဟု, တာဒိရှု၍၊ စတုလက္ခဏာ၊ အာကာသာ၊ ပေါင်းပါ ဆယ့်ခုနစ်။

မှတ်ချက် - အရူပဘုံ၌ကား ရူပဝိရာဂ ဘာဝနာအစွမ်းကြောင့် ရုပ်တစ်ပါးကိုမျှ မရကြပါ။

**အခါအားဖြင့် ရသောရုပ်များ**

(၁) ပဋိသန္ဓေအခါ၌ ရနိုင်သမျှရုပ်ပေါင်း = ၂၀ပါးရ၏။

(ပဋိသန္ဓေအခါ မရနိုင်သောရုပ်များ) = သဒ္ဒရုပ် ၁၊ ဝိညတ်ရုပ် ၂၊ လဟုတာဒိရုပ် ၃၊ ဇရတာ၊ အနိစ္စတာ = ၈-ပါး)

(၂) ပဝတ္တိအခါ၌ကား ရုပ်ပေါင်း = ၂၈-ပါးလုံးရ၏။

(၃) စုတိအခါ၌ ရုပ်ပေါင်း = ၂၁-ပါး ရ၏။

(စုတိအခါ မရနိုင်သောရုပ်များ = သဒ္ဒရုပ် ၁၊ ဝိညတ်ရုပ် ၂၊ လဟုတာဒိရုပ် ၃၊ ဥပစယ = ၇-ပါး)

http://www.dhammadownload.com



## တစ်ဘဝ၌ ရုပ် ၄-မျိုးတို့၏ ဖြစ်စဉ်နှင့် ချုပ်စဉ်

### ပဋိသန္ဓေအခါ ရုပ် ၄-မျိုးဖြစ်စဉ်

(၁) သန္ဓိ ဉ, မှာ၊ ကမ္မဇာ
(၂) ဌီမှာ ဥတုဇ
(၃) ပဘဝင် ဉ မှာ၊ စိတ္တဇာ
(၄) ဟာရာ စိမ့်မျိုမှ၊

မှတ်ချက် - ရူပသမုဒ္ဒာန်ခန်း၌ ပြဆိုထားသည့်အတိုင်း အဓိပ္ပာယ်အကျယ် ပြန်လေ့လာထားပါ။

### ပဝတ္တိအခါ ရုပ် ၄-မျိုးဖြစ်စဉ်

ပဝတ္တိကာလ၌ ရုပ် ၄-မျိုးတို့သည် မီးလျှံ, ရေအလျဉ်တို့ကဲ့သို့ အဟောင်းကွယ်ပျောက် အသစ် ရောက်လျက် မပြတ်မစဲဖြစ်ကြ၏။

ဆောင် - စ၍ဖြစ်ပြီး၊ မီးလျှံရေလျဉ်၊ ကဲ့အသွင်၊ အစဉ်သွားလေကား

### တစ်ဘဝ၌ ရုပ် ၄-မျိုးတို့၏ ချုပ်စဉ်

(၁) ကမ္မဇရုပ်တို့သည် စုတိစိတ်နှင့် ပြိုင်၍ချုပ်သဖြင့်---
စုတိစိတ်မှ ပြန်၍ရေတွက်သော် ၁၇-ချက်မြောက် စိတ်၏ဥပါဒ်၌ ကမ္မဇရုပ် နောက်ဆုံးချုပ်၏။ သို့ဖြစ်၍ ၁၇-ချက်မြောက် စိတ်၏ ဌီမှစ၍ ကမ္မဇရုပ်သစ် မဖြစ်တော့ချေ။
(၂) စိတ္တဇရုပ်တို့သည် စုတိစိတ်၏ ဥပါဒ်၌ နောက်ဆုံးဖြစ်သဖြင့်----
စုတိနောက် ခဏငယ် ၄၈-ချက် (စိတ္တက္ခဏ ၁၆-ချက်) ကြာမှချုပ်၏။

ဆောင် - ကမ္မဇရုပ်၊ ချုပ်ပြီးနောက်မှ၊ စိတ္တဇတို့ ခဏအငယ်၊ လေးဆယ်နှင့်ရှစ်၊ စေ့တုံလစ်၊ စိစစ်လေကွဲ့၊ ဆုံးသတဲ့။

http://www.dhammadownload.com



(၃) အာဟာရဇရုပ်တို့သည် စုတိစိတ်၏ ဘင်အထိ နောက်ဆုံးဖြစ်နိုင်သဖြင့်- စုတိနောက် ခဏငယ် ၅၀-ချက်(စိတ္တက္ခဏ ၁၆-ချက်ကျော်ကျော်) ကြာမှချုပ်၏။

ဆောင် - ကမ္မဇရုပ် ချုပ်ပြီးနောက်မှ၊ ဟာရဇတို့၊ ခဏအငယ်၊ ငါးဆယ် တိတိ၊ ပြည့်စုံဘိ၊ ထွက်သိလေကွဲ့၊ ဆုံးသတဲ့။

(၄) ဥတုဇရုပ်တို့သည် ဥပပါတ် ပုဂ္ဂိုလ်တို့အား မျက်စိတစ်မှိတ် လျှပ် တစ်ပြက်အတွင်း အချင်းခပ်သိမ်း ရုပ်ခန္ဓာ ကွယ်ပျောက်၏။

ဂဗ္ဘသေယျက + သံသေဒဇပုဂ္ဂိုလ်တို့အား ကမ္ဘာ့မြေစာအထိ အဆင့်ဆင့် ဖြစ်၍ ချုပ်၏။

ဆောင် - ကမ္မ, စိတ္တ၊ ဟာရဇတို့၊ ချုပ်ကြပြီးနောင်၊ အလောင်းကောင်မှ၊ စ၍ဆက်ဆက်၊ ကမ္ဘာပျက်မူ၊ တိုင်အောင်ရှု၊ ဥတုဇချည်းတဲ့။

## သေခြင်းသတ်မှတ်ပုံ

(၁) အာယု (ရုပ်သက် = ဇီဝိတရုပ်၊ နာမ်သက် = ဇီဝိတိန္ဒြေစေတသိက်)

(၂) ဥသ္မာ (ကိုယ်ငွေ့ = ကမ္မဇတေဇော)

(၃) ဝိညာဏံ (စိတ်)

ဤသုံးပါးတို့ တစ်ပြိုင်နက်ချုပ်လျှင် အသက်ကုန်သည်၊ စုတေသည်၊ "သေဆုံးပြီ"ဟု သတ်မှတ်နိုင်၏။ (တစ်နည်း) တစ်ဘဝအတွက် ရုပ်သက်, နာမ်သက်တို့ တစ်ပြိုင်နက် အပြီးသတ် ချုပ်သည်ကိုပင် "အသက်ကုန်သည်၊ စုတေသည်"ဟု ခေါ်စမှတ်ပြုသည်။

မှတ်ချက် - ကမ္မဇရုပ်ကလာပ်များတွင် အမြဲပါဝင်သော ဇီဝိတရုပ်သည် တကွဖြစ်ဖက် ကမ္မဇရုပ်များကို စောင့်ရှောက်သောကြောင့် "ရုပ်သက်"မည်၏။

http://www.dhammadownload.com



စိတ်တိုင်း၌ ယှဉ်သော ဇီဝိတိန္ဒြေစေတသိက်သည်လည်း တကွ ဖြစ်ဖက်နာမ်တရားများကို စောင့်ရှောက်သောကြောင့် "နာမ်သက်"မည်၏။

## ရုပ်သံသရာလည်ပုံ

ဤသို့ ပစ္စုပ္ပန်ဘဝ၌ ရုပ်လေးမျိုးတို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို အစပြု၍ ဖြစ်ကြသကဲ့သို့ သေလွန်ပြီး ဘဝတစ်ပါး၌လည်း အသစ်အသစ်သော ပဋိသန္ဓေစိတ်၏ ဥပါဒ်ကိုအစပြု၍ ဖြစ်ကြပြန်လေ၏။

၀

## နိဗ္ဗာန်

နိဗ္ဗာန် (နိဗ္ဗာန) = နိ + ဝါန

= (နိ- မရှိ + ဝါန- တဏှာ)

= သတ္တဝါတို့ကို သံသရာဝဋ်၌ ချုပ်တတ်, ဖြေးယှက်တတ်သောကြောင့် ဝါန-မည်သော တဏှာမှ ထွက်မြောက်သည်၏ အဖြစ်ကြောင့် နိဗ္ဗာန်မည်၏။

(၁) တဏှာ ကုန်ခန်းသော သဘော။

(၂) စိတ်, စေတသိက်, ရုပ်ဒုက္ခများ ချုပ်ငြိမ်းခြင်းသဘော။

## နိဗ္ဗာန်မည်ပုံ

(၁) လပြည့်ဝန်းကို မျက်စိဖြင့် မြင်ရသလို နိဗ္ဗာန်ကို မဂ်ဉာဏ် ၄-ပါး တည်းဟူသော ဓမ္မစက္ခုဖြင့် ဒိဋ္ဌပစ္စက္ခ မြင်အပ်၊ မျက်မှောက်ပြုအပ်၏။

(၂) မဂ်, ဖိုလ်, ဂေါတြဘူ, ဝေါဒါန်, အာဝဇ္ဇန်း, ပစ္စဝေက္ခဏာဇော တို့၏ အာရုံဖြစ်၏။

http://www.dhammadownload.com



(၃) လောကုတ္တရာဇာတ်ဖြစ်၍

(၄) တဏှာ၏အာရုံပြုခြင်း မခံရသောတရား ဖြစ်၏။

## နိဗ္ဗာန်သည် သဘောအားဖြင့် တစ်ပါးသာ

နိဗ္ဗာန်သည် ငြိမ်းအေးခြင်း သန္တိလက္ခဏာ စသော မိမိ၏သဘော လက္ခဏာ ၁-ပါးသာ ရှိ၏။

## မှတ်သားကြောင်း ပရိယာယ်အားဖြင့် နိဗ္ဗာန် (၂)ပါးပြားရပုံ

ခန္ဓာရှိမှု၊ မရှိမှုအားဖြင့် နိဗ္ဗာန်သည် သဉပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်ဟု ၂-ပါး ကွဲပြား၏။

(၁) သဉပါဒိသေသနိဗ္ဗာန် = ဝိပါက်, ကမ္မဇရုပ် ခန္ဓာကြွင်းလျက် ခံစံအပ်၊ အာရုံပြုအပ်သော ကိလေသနိဗ္ဗာန်၊ ဒိဋ္ဌဓမ္မိက နိဗ္ဗာန်သည် သဉပါဒိသေသနိဗ္ဗာန်မည်၏။ (သောတာပန်မှစ၍ ရဟန္တာတိုင်အောင် ခန္ဓာထင်ရှားရှိလျက် အာရုံပြုအပ်သော နိဗ္ဗာန်)

(၂) အနုပါဒိသေသ နိဗ္ဗာန် = ဝိပါက်, ကမ္မဇရုပ် ခန္ဓာကြွင်းမရှိ၊ အဆုံးစွန် ပရိနိဗ္ဗာန်စံမှုဖြစ်သော ခန္ဓနိဗ္ဗာန်၊ သမ္ပရာယိကနိဗ္ဗာန်တို့သည် အနုပါဒိသေသနိဗ္ဗာန်မည်၏။ (ဘုရား, ရဟန္တာတို့ ပရိနိဗ္ဗာန်စံတော်မူပြီးသည့်အခါ ရအပ်သောနိဗ္ဗာန်)။

## အခြင်းအရာ အပြားအားဖြင့် နိဗ္ဗာန်(၃)ပါးပြားပုံ

(၁) သုညတ နိဗ္ဗာန် = ရာဂ စသော ကြောင့်ကြဖွယ် ပလိဗောဓ အမျိုးမျိုးမှ ကင်းငြိမ်း သုဉ်းဆိတ်သော နိဗ္ဗာန်သည် သုညတနိဗ္ဗာန်မည်၏။

http://www.dhammadownload.com



(၂) အနိမိတ္တနိဗ္ဗာန် = ရာဂနိမိတ် စသော ဘေးရန်အပေါင်းနှင့် မဆက်ဆံသော နိဗ္ဗာန်သည် အနိမိတ္တ နိဗ္ဗာန် မည်၏။

(၃) အပ္ပဏိဟိတနိဗ္ဗာန် = အာသာ, တဏှာ စသော တောင့်တမှု ပူပန်မှု တို့နှင့် မဆက်ဆံသော နိဗ္ဗာန်သည် အပ္ပဏိဟိတနိဗ္ဗာန် မည်၏။

**နိဗ္ဗာန်၏ ဂုဏ်ပုဒ်များ**

(၁) အစ္စုတံ = စုတေရွေ့လျော သေဆုံးမှုသဘော မရှိသောတရား။

(၂) အစ္စန္တံ = စုတိဟူသော အဆုံးအပိုင်းအခြားမှ လွန်မြောက်သော တရား။

(၃) အသင်္ခတံ = ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားတို့ဖြင့် ပြုပြင် စီရင်ခြင်း မခံရသောတရား၊

(၄) အနုတ္တရံ = မိမိထက် လွန်မြတ်သောတရား မရှိသောတရား။

(၅) ပဒံ = အရိယာတို့သာ ရောက်သင့်ရောက်အပ်သော တရား။

မှတ်ချက် - စိတ်ပိုင်းမှ ရုပ်ပိုင်းအထိ အပိုင်း ၆-ပိုင်းဖြင့် ပရမတ္ထတရား ၄-ပါး ဖြစ်သော စိတ်, စေတသိက်, ရုပ်,နိဗ္ဗာန်တို့ကို ပြဆိုပြီး၏။

------------------------ ၆။ ရုပ်ပိုင်း (မှတ်စု) ပြီး၏။ ------------------------

http://www.dhammadownload.com